# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၉၇)


# အစိုးရနှင့် NCA-S EAO ကိုယ်စားလှယ်များ၏ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ အစည်းအဝေး ကျင်းပ



အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (NCA-S EAO) ကိုယ်စားလှယ်များ၏ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ ဓာတ်ပုံ- ဖိုးထောင်

ရန်ကုန် ဇူလိုင် ၂၅

အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (NCA-S EAO) ကိုယ်စားလှယ်များ၏ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးငွေဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေတို့


*စာမျက်နှာ ၄ ကော်လံ ၁* ❍



**ပြတိုက်အသစ် တည်ထောင်ဖို့ မူဝါဒအရင် ချမှတ်စို့**

ဆောင်းပါး စာ ၉

**COVID - 19 ရောဂါ စောင့်ကြပ် ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၂၅-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ စာ ၁၆


## ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၂၉ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်



ချင်းရွှေဟော် ဇူလိုင် ၂၅

ရှမ်းပြည်နယ် မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဇူလိုင် ၂၄ ရက် ညနေ ၆ နာရီက ၂၁ ဦးနှင့်


*စာမျက်နှာ ၄ ကော်လံ ၁* ❖





မြန်မာ့အလင်း

# စာသင်နှစ်အစနှင့် ဒုတိယလှိုင်း

ကျန်းမာရေးဆန်းစစ်မှုများ ပြုလုပ်ပြီးနောက် အခြေခံပညာအထက်တန်းကျောင်းပေါင်း ၃၉၉၉ ကျောင်းကို ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ကျောင်းသူ ကျောင်းသား တစ်သန်းကျော် ကျောင်းအပ်နှံခဲ့ကြပြီဖြစ်သည်။ တစ်ပတ်ခြား ကျောင်းတက်ရက် အစီအစဉ်အရ ကျောင်းသူ ကျောင်းသား ငါးသိန်းခွဲ ကျော်ကျော်တို့ တစ်ပတ်ခြား တစ်လှည့်စီ ကျောင်းတက်နေကြပြီဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပုံမှန်ပြုလုပ်မြဲပုံစံများကို ပြောင်းလဲကြရာတွင် ပညာသင်နှစ်အစ ကျောင်းဖွင့်ရက်များ နောက်ကျခဲ့သလို တစ်ပတ်ခြား ကျောင်းတက်ကြရမည့် အခြေအနေများအရလည်း ကျောင်းသူ ကျောင်းသားတို့၏ ပညာရည်ပြည့်ဝရေးအတွက် မိဘ၊ ဆရာနှင့် ကျောင်းသား ကျောင်းသူတို့ သုံးဦးသုံးဖလှယ် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဟု ရှုမြင်မိသည်။ တစ်ဖက်တွင်လည်း အသိရခက်သည့် ကူးစက်မြန်ကပ်ရောဂါတားဆီးကာကွယ်ထိန်းချုပ်ရေးကို သတိကြီးကြီးထားကာ မလျှော့စတမ်း ဆက်လက်ဆောင်ရွက်နေကြဦးမှာလည်း ဖြစ်သည်။

တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အတည်ပြုလူနာ ၁၆ သန်းခန့်ရှိလာသလို သေဆုံးသူ ခြောက်သိန်းခန့် ရှိလာနေပြီး ကူးစက်ပျံ့နှံ့မှုမှာလည်း ရပ်တန့်မသွားဘဲ အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများထဲတွင် ရောဂါပိုးကူးစက်ခံလာရသူများ အနည်းငယ်ပါလာနေခြင်းနှင့်အတူ ရောဂါကူးစက်နေကြောင်း ဓာတ်ခွဲအတည်ပြုသည့် လူနာအရေအတွက်မှာ ၃၅၀ နီးနီး ရှိလာနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် တွေ့ရှိနေရသည့် ဓာတ်ခွဲအတည်ပြုလူနာအများစုမှာ ရောဂါလက္ခဏာမပြသကြောင်း တွေ့ရှိနေရခြင်းက ရုတ်တရက် လူအမြောက်အမြား ရောဂါကူးစက်ပျံ့နှံ့ထွက်ပေါ်လာနိုင်သည့်အခြေအနေ ဖြစ်လာနိုင်သည်ကို စိုးရိမ်နေကြရသည်။ ပြည်တွင်းကူးစက်လူနာမတွေ့ရတော့ဘဲ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူအချို့တွင်သာ ရောဂါကူးစက်ခံထားရကြောင်း တွေ့နေရခြင်းက မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ပထမလှိုင်းကို အောင်မြင်စွာ ခုခံကာကွယ်နိုင်ခဲ့ကြောင်း ပြသနေခြင်းဖြစ်သည်။ သို့ရာတွင် ကိုဗစ် -၁၉ ဒုတိယလှိုင်း ရိုက်ခတ်လာနိုင်သည်ကို မျှော်တွေးပြီး ရောဂါကူးစက်ပျံ့နှံ့မှု ကာကွယ်ထိန်းချုပ်ရေးအတွက် လိုက်နာရန်အချက်များကို အလေးအနက်ထား လိုက်နာကြရန် လိုအပ်လျက်ရှိနေသေးသည်။ တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်းစီက ရောဂါကူးစက် မခံရရေးအတွက် မိမိကိုယ်ကိုယ် ကာကွယ်ကြရန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း ရိုက်ခတ်မှုမဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အချက်(၄)ချက်ကို ထုတ်ပြန်ထားရာ တတ်နိုင်သမျှ အိမ်မှာသာနေပြီး မလိုအပ်ဘဲ လူစုလူဝေးနေရာများသို့ လုံးဝမသွားရန်၊ အပြင်ထွက်တိုင်း၊ လူစုလူဝေးရှိရာသွားတိုင်း ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန်၊ အခြားသူများနှင့် ခပ်ခွာခွာ(အနည်းဆုံး ၆ ပေ အကွာ)မှ နေထိုင်ပြောဆိုကြရန်၊ လက်ကို သန့်စင်အောင် စနစ်တကျ မကြာမကြာ ဆေးရန်ဟူ၍ဖြစ်သည်။ ယင်းအချက်များက ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားကြရာတွင် အိမ်မှထွက်၍ ကျောင်းသို့ သွားချိန်၊ ကျောင်း၌ စာသင်ချိန်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင်ပါ လိုက်နာကျင့်သုံးကြခြင်းဖြင့် တစ်သန်းကျော်သော ကျောင်းသူ ကျောင်းသားတို့ ကိုဗစ်-၁၉ ရောဂါဘေးမှ ကင်းဝေးနိုင်မည်ဖြစ်သည်။

အခြေခံပညာအထက်တန်းကျောင်းပေါင်း ၇၀၀၀ ကျော်ရှိသည့်အနက် ၄၀၀၀ ခန့်သာ ဖွင့်လှစ်နိုင်သေးပြီး ကျန်ရှိသောကျောင်းများမှာ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပြီးမှ ဆက်လက်ဖွင့်လှစ်နိုင်ကြမည်။ ဖွင့်လှစ်ခွင့်ရထားပြီးဖြစ်၍ သင်ကြားနေကြပြီဖြစ်သည့် ကျောင်းများတွင်လည်း ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများမှာ နယူးနော်မယ် ပုံစံသစ်နှင့် အသားတကျ မဖြစ်သေး။ မည်သို့ပင်ဆိုစေကာမူ ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ကုသဆေးတို့ ထွက်ပေါ်လာပြီး မိမိတို့နိုင်ငံသို့ ရောက်မလာမီအချိန်တွင် မိမိတို့အားလုံး ပုံစံသစ်နှင့် နေကြရဦးမှာဖြစ်သည်။ ပညာလည်းသင်၊ ရောဂါကိုလည်း ဂရုစိုက်ကာကွယ်ခြင်းဖြင့် ကိုဗစ်-၁၉ ကာလကို ဖြတ်သန်းနိုင်ကြပါစေကြောင်း။ ။

## မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ (၁၇) ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ (၁၇) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ် (၄၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် ကော်မတီဝင်များ တက်ရောက်ပြီး မျိုးသစ်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ၊ မျိုးစေ့လုပ်ငန်းလိုင်စင်၊ မျိုးစေ့ တင်သွင်း/ တင်ပို့ ထောက်ခံချက်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အသိအမှတ်ပြုလက်မှတ်ရရှိရန် တင်ပြလျှောက်ထားလာသည့် သီးနှံမျိုးသစ်များ၏ မျိုးစေ့နမူနာနှင့် အချက်အလက်များကို စိစစ်ဆွေးနွေးကြသည်။



အဆိုပါ အစည်းအဝေးတွင် မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရန် စံထားမျိုးများနှင့် နှိုင်းယှဉ်၍ စမ်းသပ်စိုက်ပျိုး အဖြေရရှိပြီးသော သီးနှံ ၁၀ မျိုး၏ မျိုးကွဲ ၆၁ မျိုး၊ မှတ်တမ်းအချက်အလက်အပြည့်အစုံဖြင့် တင်ပြမည့် သီးနှံ ၂၇ မျိုး၏ မျိုးကွဲ ၈၃ မျိုးနှင့် မိဘမျိုးလိုင်း အစုံငါးစုံတို့နှင့် စပ်လျဉ်း၍ စိစစ်ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပြီး အစည်းအဝေး ဆုံးဖြတ်ချက်များကို မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီက အတည်ပြု ထောက်ခံထားသော မျိုးသစ် အသိအမှတ်ပြုလက်မှတ်ရရှိပြီးသည့်မျိုးများကိုသာ စီးပွားဖြစ်ထုတ်လုပ်၊ ဖြန့်ဖြူးခွင့်၊ တင်ပို့ခွင့်၊ တင်သွင်းခွင့်ပြုပေးနိုင်ရေးအတွက် ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ထောက်ခံချက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့အပြင်၂၀၁၉ ခုနှစ် နိုဝင်ဘာလအထိ သီးနှံ မျိုး၆၀ ၏ မျိုးကွဲ ၉၆၉ မျိုးနှင့် မိဘမျိုးလိုင်း ၁၃၆ လိုင်း စုစုပေါင်း ၁၁၀၅ မျိုးကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခဲ့ပြီး မျိုးသစ်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များ၊ မျိုးစေ့လုပ်ငန်းလိုင်စင်၊ မျိုးစေ့တင်သွင်း/ တင်ပို့ ထောက်ခံချက်ပေးခြင်းလုပ်ငန်းများကို ကိုဗစ်-၁၉ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း နှောင့်နှေးကြန့်ကြာမှု မရှိစေရန် မြန်မာ့မျိုးစေ့ဆိုင်ရာ လမ်းညွှန်ဝက်ဘ်ဆိုက် (Myanmar Seed Information Portal)မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် မျိုးစေ့ဥပဒေဌာနစိတ်၏ ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ ပုံမှန်ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သိမ်**

## ပဲခူးတိုင်းဒေသကြီးတွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေး ကတိစာချုပ်ချုပ်ဆို

ရန်ကုန် ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီးရှိ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေး နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆိုပွဲကို ဇူလိုင် တတိယပတ်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်၊ ဒိုက်ဦး၊ ရွှေကျင်မြို့နယ်တို့မှ တောင်သူ ၁၈ ဦး၏ ဆန်စပါးစိုက်ဧက ၆၈၀၀ အတွက် မျိုးစပါး၊ မြေသြဇာ၊ မိုးစပါး စိုက်ပျိုးစရိတ်ထုတ်ပေးခြင်းကို ရွှေနိုင်ငံသစ္စာအများပိုင်ကုမ္ပဏီနှင့် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုခြင်းဖြစ်သည်။

အဆိုပါစာချုပ် အရင်ထွက်ရှိလာသည့်စပါးများကို အခြေခံဈေးနှုန်းတင်း ၁၀၀ လျှင် ကျပ် ငါးသိန်းနှစ်သောင်းနှုန်းဖြင့် ၃၀ ရာခိုင်နှုန်း ပြန်လည်ဝယ်ယူမည်ဖြစ်သည်။ ပြင်ပတွင် အခြေခံဈေးနှုန်းထက်နိမ့်ကျနေသော်လည်း အခြေခံဈေးနှုန်းဖြင့်သာ ဝယ်ယူမည်ဖြစ်သည်။ အခြေခံဈေးနှုန်းမြင့်နေပါက ဒေသပေါက်ဈေးဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။




ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်း ဒိုက်ဦးမြို့နယ် အသင်းရုံးခွဲဖွင့်ပွဲကို ဒိုက်ဦးမြို့အမှတ် (၅) တံတားရပ်ကွက် ဖအောင်ဝဲလမ်းရှိ ပြည့်ဝဆန်စက်အဆောက်အအုံတွင်ကျင်းပရာ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် မြို့နယ်အသင်းရုံးခွဲဥက္ကဋ္ဌ ဦးစိုးအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပဲခူးတိုင်းဒေသကြီးတွင် ဆန်စပါး စိုက်လယ်ဧကတစ်သိန်းကျော်ရှိကြောင်း သိရသည်။ **အောင်သူရ**

## လက်ပံတန်းမြို့နယ် သဲကောဆည်အတွင်း ငါးမျိုးများစိုက်ထည့်

လက်ပံတန်း ဇူလိုင် ၂၅

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် သဲကောဆည်အတွင်းသို့ အုတ်ဖိုငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၈၀၀၀၀ နှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၃၀၀၀၀ စုစုပေါင်းကောင်ရေ ၁၁၀၀၀၀ အား ယနေ့တွင် မျိုးစိုက်ထည့်ပေးခဲ့သည်။

အဆိုပါမျိုးစိုက်ပွဲသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစုံမိုင်း၊ လက်ပံတန်းမြို့နယ်ဦးစီးမှူး ဦးဇော်



မင်းလွင်နှင့် ဝန်ထမ်းများ၊ လက်ပံတန်းမြို့နယ် လယ်ယာမြေစီစစ်ရေးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် အုတ်ဖိုငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်မိုးသီတာနှင့် ဝန်ထမ်းများ ပါဝင်မျိုးစိုက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇူလိုင် ၂၅

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မှတ်သုံလေ အားနည်းမည်။

မိုး/ဇလ

# လုံ့လဝီရိယ လျှော့လို့မဖြစ်



ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပဓာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ်လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့ မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့ လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ လုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ရေးဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ အစည်းအဝေးခန်းမ၌ လုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာ ရှင်းလင်းတင်ပြမှု အစီအစဉ် ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအရာရှိကြီးများ၊ သက်ဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် MRTV Auditorium ခန်းမ၌ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်မှု အကြိုရိုက်ကူးရေးပြင်ဆင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ လုပ်ငန်းဆောင်ရွက်မှုများအနက် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံး ဟောပြောမှုများ ရိုက်ကူးမည့်စတူဒီယို ပြင်ဆင်ပြီးစီးမှု၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ သတင်းလွှင့်ခန်းစတူဒီယိုများ ပြုပြင်မွမ်းမံမှု၊ အဆင့်မြှင့်တင်ဆောင်ရွက်မှုနှင့် MRTV Online Media လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ အစီအစဉ်ထုတ်လုပ်သူ(PD)များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပါဝင်ဆွေးနွေးမှုနှင့်အတူ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် MRTV Auditorium ခန်းမ၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်မှု အကြိုရိုက်ကူးရေးပြင်ဆင်မှုကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးဟောပြောမှုများ ရိုက်ကူးမည့်စတူဒီယိုပြင်ဆင်ထားရှိမှုကို လည်းကောင်း၊ Surround Sound (5.1) Studioကို လည်းကောင်း၊ သတင်းခန်း စတူဒီယိုများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ Online Media လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သင်တန်းများပို့ချလေ့ကျင့်**

ပြန်ကြားရေး ဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ထုတ်လွှင့်မှုစနစ်ကို (Standard Definition–SD) မှ (High Definition–HD)သို့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ကူးပြောင်းထုတ်လွှင့်လျက်ရှိရာ MRTV News Room ကိုလည်း အရုပ်၊ အသံ ကြည်လင်ပြတ်သားပြီး အရည်အသွေး ပိုမိုတိုးတက် ကောင်းမွန်စေရန်အတွက် ယခုနှစ် ဇွန် ၂၁ ရက်မှ စတင်၍ ပြင်ဆင်မွမ်းမံတိုးချဲ့မှု၊ အဆင့်မြှင့်တင်မှုများပြုလုပ်မှုနှင့်အတူ သက်ဆိုင်ရာဝန်ထမ်းများအား သင်တန်းများ ပို့ချလေ့ကျင့်လျက်ရှိရာ ယခုနှစ် ဩဂုတ်လတွင် လုပ်ငန်းများပြီးစီးကာ ထုတ်လွှင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရန် ပဲခူးတိုင်းဒေသကြီးအစိုးရသို့ တင်ပြ



ရေအားလျှပ်စစ်နှင့် ဆိုလာစနစ်များဖြင့် ဓာတ်အားဖြန့်ဖြူးရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကုမ္ပဏီတာဝန်ရှိသူများက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းအား ရှင်းလင်းတင်ပြစဉ်။

**ပဲခူး ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီးအတွင်း ရေအားလျှပ်စစ်နှင့် ဆိုလာစနစ်များဖြင့် ဓာတ်အားဖြန့်ဖြူးရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် Ever Source Power ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရ တာဝန်ရှိသူများအား ပဲခူးမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ညှိနှိုင်းခန်း၌ ဇူလိုင် ၂၄ ရက်က လာရောက်တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွေးက ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ငွေတောင်လေးရွာအနီးရှိ ၂ မဂ္ဂါဝပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို အကြီးစားပြန်လည်ပြုပြင်မည့် အခြေအနေနှင့် ဒေသတွင်းကျေးရွာများ မီးလင်းရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ဆိုလာစနစ်ဖြင့် ဓာတ်အားထုတ်လုပ်၍ ဓာတ်အားဖြန့်ဖြူးပေးသွားမည့် အစီအစဉ်ကိုလည်းကောင်း ဝန်ကြီးချုပ်အား အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ဝန်ကြီးချုပ်က ကျေးလက်ဒေသများအထိ လျှပ်စစ်မီး ရရှိလာစေရန် ပြည်ထောင်စုအစိုးရက အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းကို ဆောင်ရွက်နေကြောင်း၊ ယခု မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုကလည်း အစိုးရပိုင် ရပ်နားထားသည့် ဓာတ်အားပေးစက်ရုံကို ပြန်လည် အဆင့်မြှင့်တင်ပြီး အစိုးရက ဆောင်ရွက်နေသည့် ကျေးရွာများအထိ လျှပ်စစ်မီးရရှိရေး စီမံချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ဆောင်ရွက်မည်ဖြစ်၍ ဝမ်းမြောက်ပါကြောင်း၊ ကျေးရွာများအထိ လျှပ်စစ်ဓာတ်အားရရှိလာမှသာ ထင်းသုံးစွဲမှု လျော့ကျပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလည်း လျော့နည်းလာမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ လူမှုဘဝများ တိုးတက်လာနိုင်မည့် လုပ်ငန်းတစ်ခုဖြစ်၍ မိမိတို့ အစိုးရအနေဖြင့် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

**တင်စိုး(ပဲခူး)**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြို့သစ်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်များအတွင်းရှိ သစ်မျိုးစုံစိုက်ခင်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် နေပြည်တော်–ကံပြားလမ်း မိုင်တိုင်အမှတ် ၂၈/၁ အနီး ငမင်ကြိုးဝိုင်း အကွက်အမှတ်(၂၁၆) အတွင်း ၂၀၁၇ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးတည်ထောင်ခဲ့သည့် တရုတ်–မြန်မာချစ်ကြည်ရေး သစ်မျိုးစုံစိုက်ခင်း ၄၅ ဧကသို့ ရောက်ရှိစစ်ဆေးသည်။



စစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန တာဝန်ရှိသူများက စိုက်ခင်းအတွင်း လိုက်လံရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းများ တည်ထောင်ရာတွင် ရာနှုန်းပြည့်ရှင်သန်အောင် စိုက်ပျိုးရန်လိုအပ်သလို စနစ်တကျ ကြီးထွားရှင်သန်အောင် ပြုစုပျိုးထောင်ရန် လိုအပ်ကြောင်း၊ စိုက်ခင်းရည်ရွယ်ချက်၊ စိုက်ပျိုးသည့် သစ်မျိုး၏ သွင်ပြင်လက္ခဏာများနှင့်အညီ စိုက်ခင်းပြုစုပျိုးထောင်ခြင်း ဘာသာရပ်တွင် ညွှန်ကြားထားသည့်အတိုင်း လုပ်ငန်းသုံးပစ္စည်းကိရိယာများအား သူ့နေရာနှင့်သူ စနစ်တကျ သုံးစွဲရန်နှင့် ရာသီအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်ရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် – ကံပြားလမ်း မိုင်တိုင်အမှတ် ၃၈/၄ အနီး မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၏ မြို့သစ်မြို့နယ် ၂/၂၀၁၉ အခြား စိုက်ခင်း ဧက ၂၀ သို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက စိုက်ခင်းယာယီရှင်းလင်းဆောင်တွင် မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ၂/၂၀၁၉ သစ်မျိုးစုံစိုက်ခင်းဧက ၂၀၊ တစ်အုပ်တစ်မ သစ်မျိုးစုံစိုက်ခင်း အပင် ၅၀၀ နှင့် ၂/၂၀၁၈ သစ်မျိုးစုံစိုက်ခင်း ဧက ၂၀ စိုက်ခင်းများဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းအချက်အလက်များ ကောက်ယူရာတွင် ရာနှုန်းပြည့်ကောက်ယူခြင်း (သို့မဟုတ်) နမူနာကွက် ချမှတ်ကောက်ယူခြင်းနှင့် စပ်လျဉ်း၍ တူညီမှုရှိအောင် ဆောင်ရွက်ရန် မှာကြား၍ ၂/၂၀၁၉ စိုက်ခင်းအတွင်း ရှင်သန်အောင်မြင်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်–ကံပြားလမ်း မိုင်တိုင်အမှတ် ၃၈/၂ အနီး မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၏ မြို့သစ်မြို့နယ်အတွင်း တစ်အုပ်တစ်မ စိုက်ခင်းသစ်မျိုးစုံအပင် ၅၀၀ စိုက်ပျိုးထားသည့်နေရာအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်–ကံပြားလမ်း မိုင်တိုင်အမှတ် ၃၈/၀ အနီး မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ မြို့သစ်မြို့နယ် ၂/၂၀၁၈ အခြား စိုက်ခင်းဧက ၂၀ ရှင်သန်အောင်မြင်နေမှုများအားလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်–ကံပြားလမ်း မိုင်တိုင်အမှတ် ၂၆/၆ အနီး ငမင်ကြိုးဝိုင်း အကွက်အမှတ် (၂၁၈) အတွင်းရှိ ငမင်သစ်မျိုးစုံစိုက်ခင်း ၅၅ ဧကသို့ ရောက်ရှိ ကွင်းဆင်းစစ်ဆေးရာ မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန တာဝန်ရှိသူများက စိုက်ခင်းရှင်သန်နေမှုများ၊ သေပင်များ အစားထိုးဖာထေးစိုက်ပျိုးထားမှုများနှင့် စိုက်ခင်းပြုစုပျိုးထောင်ထားမှုများအား လိုက်လံရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ *ရှေ့ဖုံးမှ*

တက်ရောက်ကြပြီး NCA-S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်း၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှဌေး၊ စောမြရာဇာလင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူစေး၊ ကြာဆော်လမွန်၊ စောကျော်ညွန့်၊ နိုင်အောင်မငေး၊ ဒေါက်တာစိုင်းဦးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြသည်။

### ညှိနှိုင်းမှုများကို အဆက်မပြတ်ဆွေးနွေး

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင်ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ် ထိန်းချုပ်ရေးကာလတွင် နှစ်ဖက်အလုပ်အဖွဲ့များအနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းအားထုတ်ခဲ့ကြရပါကြောင်း၊ ကျန်းမာရေးဆိုင်ရာ အကန့်အသတ်များကြောင့် မျက်နှာစုံညီအစည်းအဝေး မတက်ရောက်နိုင်ကြသူများက Video Conferencing ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း၊ အကန့်အသတ်များကြောင့် အခက်အခဲအချို့ရှိခဲ့သော်လည်း မိမိတို့ဆွေးနွေးဖက်များအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှေ့ဆက်နိုင်ရန် ညှိနှိုင်းမှုများကို အဆက်မပြတ် ဆွေးနွေးနိုင်ခဲ့ကြကြောင်း။

ယခင် Video Conferencing ဖြင့် အစည်းအဝေးများ ကျင်းပရာမှ ယနေ့ ကျင်းပသည့် မျက်နှာစုံညီအစည်းအဝေးသို့ အခက်အခဲများကြားက နှစ်ဖက်ကိုယ်စားလှယ်များ တက်ရောက်ပေးကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိတို့အားလုံး အခက်အခဲအမျိုးမျိုးကြားမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရေးအတွက် ဦးတည်ကြိုးပမ်းနေကြသည်ကို သက်သေပြခြင်းပင် ဖြစ်ပါကြောင်း။

### သဘောတူညီချက် တော်တော်များများရရှိခဲ့

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)၌ ထည့်သွင်းသွားမည့် သဘောတူညီချက်များ ရယူနိုင်ရန်အတွက် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ ဆွေးနွေးညှိနှိုင်းခဲ့သည်မှာ ယခုဆိုလျှင် (၆)ကြိမ် ရှိပြီဖြစ်ကြောင်း၊ သဘောတူညီချက် တော်တော်များများလည်း ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ဩဂုတ်လဒုတိယပတ်အတွင်း ကျင်းပရန် လျာထားချက်ကို မူအားဖြင့် ညှိနှိုင်းသဘောတူထားပြီးဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် အဆိုပါအချိန်ဇယားအား အတည်ပြုသွားရန် ရှိပါကြောင်း၊ ညီလာခံတက်ရောက်မည့် နိုင်ငံရေးပါတီများကိုလည်း ကြိုတင်လေ့လာ၊ ဆွေးနွေးကြရန် အချိန်ပေးရမည် ဖြစ်ပါကြောင်း။

### ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

ယခုကဲ့သို့ နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နေသလို တစ်ဖက်တွင်လည်း အစိုးရအနေဖြင့် ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် အကြိုပြင်ဆင်ရေးညှိနှိုင်းအစည်းအဝေး (၄) ကြိမ် ကျင်းပခဲ့ပြီး လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ COVID-19 ကာလဖြစ်သည့်အတွက် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ပြင်ဆင် ဆောင်ရွက်ဖွယ်ရာရှိသည်များကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ အစိုးရ၏ ကျင်းပရေးလုပ်ငန်းကော်မတီများအနေဖြင့် EAO နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဆိုလျှင် EAO များဘက်က ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များ၊ ဖွင့်ပွဲအခမ်းအနားတက်ရောက်မည့် ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီအစုအဖွဲ့က ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များ၊ ဖွင့်ပွဲအခမ်းအနားတက်ရောက်မည့် ခေါင်းဆောင်များ၏ စာရင်းဇယားများအားလုံး အစိုးရဘက်သို့ ပေးပို့ထား၍ လက်ခံရရှိပြီး ဖြစ်ပါကြောင်း။

### အတည်ပြုချက်ရယူသွားမည်

မိမိတို့အကြား နှစ်ဖက် သဘောထား လိုလားချက်များကို အကျေအလည် ဆွေးနွေးထားခဲ့ကြပြီး ဖြစ်သလို သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် နှစ်ဖက်လက်ခံနိုင်သည့် သဘောထားများ ရရှိထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် သဘောတူညီချက်များ ထပ်မံရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ ယခုညှိနှိုင်းမှုပြီးပါက အစည်းအဝေး (၆) ကြိမ်တွင် ရရှိထားသည့် သဘောတူညီချက်များကို JICM တွင် တင်ပြ အတည်ပြုချက် ရယူသွားမည်ဖြစ်ပါကြောင်း။

မိမိတို့ နှစ်ဖက်ညှိနှိုင်းဆွေးနွေးရရှိသည့် သဘောတူညီချက်များသည် မကြာမီကျင်းပမည့် (၂၁) ရာစုပင်လုံ ညီလာခံတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) အဖြစ် ပေါ်ထွက်လာမည် ဖြစ်ပါကြောင်းနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအတွက် အများပြည်သူ၏ မျှော်လင့်ချက်ဖြစ်၍ အားလုံးဝမ်းပန်းတသာရှိကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ဆက်လက်၍ ရလဒ်ကောင်းများ ပိုမိုရရှိနိုင်ရန်အတွက် ကြိုးစားပေးကြပါဟု ပြောကြားခဲ့သည်။

### အခက်အခဲအနည်းငယ်ရှိခဲ့

ဆက်လက်၍ NCA-S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်းက မတ်လနောက်ပိုင်းမှစ၍ ယခုကဲ့သို့ နှစ်ဖက်ခေါင်းဆောင်များ စုံစုံညီညီ၊ မျက်နှာစုံညီ ပြန်လည်တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ယခုအစည်းအဝေးတွင် ဆွေးနွေးမည့် အကြောင်းအရာများကို ကျေကျေလည်လည် ညှိနှိုင်းဆွေးနွေးနိုင်သည့် အခင်းအကျင်းအား မိမိတို့ ဖန်တီးနိုင်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့် အစည်းအဝေး နှစ်ကြိမ်သည် online ဖြင့်သာ ဆွေးနွေးပြုလုပ်ရသည့်အတွက် ညှိနှိုင်းဆွေးနွေးရာတွင် အကန့်အသတ်များနှင့် အခက်အခဲအနည်းငယ် ရှိခဲ့ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ဩဂုတ်လအတွင်း ကျင်းပမည်ဖြစ်၍ ယခုသုံးရက်တာအစည်းအဝေး၌ ပြီးခဲ့သည့် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးတွင် ချန်ထားခဲ့သည့် ဆက်လက်ညှိနှိုင်းရန်အချက်များကို သဘောတူညီချက်ရရန် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)တွင် ထည့်သွင်းချုပ်ဆိုမည့် အကြောင်းအရာများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးဆိုင်ရာကိစ္စရပ်များ၊ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဆက်လက်ညှိနှိုင်း ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ –(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ကိုဗစ်–၁၉ ကပ်ရောဂါကာလ အခြေအနေအောက်တွင် ကျင်းပရမည်ဖြစ်၍ ညီလာခံ အခင်းအကျင်း ပြောင်းလဲကျင်းပရန် ရှိသော်လည်း အဓိပ္ပာယ်ရှိ၍ အနှစ်သာရပြည့်ဝပြီး ရလဒ်ကောင်းများ ထွက်ရှိသည့် ညီလာခံဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ယခုသုံးရက်တာ အစည်းအဝေး၌ ဆွေးနွေးရမည့် အကြောင်းအရာများထဲတွင် အဓိကကျ အရေးပါသည့် အကြောင်းအရာများ ပါဝင်နေ၍ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များအနေဖြင့် နှစ်ဖက်လက်ခံနိုင်သည့် သဘောတူညီချက်များ ရရှိစေရန် ညှိနှိုင်းဆွေးနွေးကြရန် လိုအပ်ပါကြောင်း၊ မျှတထိုက်သင့်သည့် အလျှော့အတင်းများကို နှစ်ဖက်စလုံးက ဆောင်ရွက်သင့်ကြောင်းကို တိုက်တွန်းလိုပါကြောင်း။

အားလုံးကျေနပ်လက်ခံသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ချုပ်ဆိုနိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ် ချောမွေ့ဖြောင့်ဖြူးရေးတို့အတွက် ယခုညှိနှိုင်းအစည်းအဝေးတွင် ဝိုင်းဝန်းကြိုးပမ်း ညှိနှိုင်းဆွေးနွေးပေးကြပါဟု ပြောကြားခဲ့သည်။

### ဆွေးနွေးညှိနှိုင်းသွားမည်

ဇူလိုင် ၂၇ ရက်အထိ ကျင်းပသွားမည့် အလုပ်အဖွဲ့ညှိနှိုင်းအစည်းအဝေးတွင် (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်ဖက်အဆိုပြုချက်များတွင် ပါဝင်သည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ကိစ္စ၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများကိစ္စ၊ လမ်းညွှန်အခြေခံမူ သဘောတူညီချက်များကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးနှင့် ညီလာခံမတိုင်မီ ကျင်းပမည့် ဆက်စပ်အစည်းအဝေးများ၏ အချိန်ဇယား သဘောတူညီချက်ရယူခြင်းကိစ္စတို့ကို ဆွေးနွေးညှိနှိုင်းသွားမည် ဖြစ်သည်။

ယနေ့ အစည်းအဝေးမှ ရရှိလာသည့် နှစ်ဖက်ဆွေးနွေးညှိနှိုင်းချက်များအား သက်ဆိုင်ရာ အစုအဖွဲ့အလိုက် ပြန်လည်ဆွေးနွေးသုံးသပ်၍ ဇူလိုင် ၂၇ ရက်တွင် အစည်းအဝေးပြန်လည်ကျင်းပကာ သဘောတူညီချက်များ ရယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **ရဲခေါင်ညွန့်**

---

❖ *ရှေ့ဖုံးမှ*

ယနေ့ မွန်းလွဲ ၂ နာရီခွဲက ရှစ်ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၂၉ ဦးအား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးသည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးသည့် နေရပ်ပြန်ပြည်သူ ၂၉ ဦးမှာ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၂၀ တို့ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်မှ နှစ်ဦး၊ မြိုင်မြို့နယ်မှ နှစ်ဦး၊ ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ နှစ်ဦး၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များမှ ၂၁ ဦးဖြစ်ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၅၈၃ ဦးနှင့် အမျိုးသမီး ၆၁၁၂ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၆၉၅ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင် (ပြန်/ဆက်)**

# ပြည်သူသာလျှင် အဓိက

## နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး တက်ရောက်ပြီး ခရေပင်အား အမှတ်တရ စိုက်ပျိုးပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးနှင့်အတူ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ နေပြည်တော် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ပန်းခြံနှင့်အားကစားကွင်း၌ ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးသည့် ပန်းခြံနှင့်အားကစားကွင်း၌ လည်းကောင်း၊ လမ်းဘေး ဝဲယာများတွင် စိုက်ပျိုးမှုကို လည်းကောင်း၊ အဆောက်အဦများဝန်းကျင်နှင့် အားကစားကွင်းများဝန်းကျင်တွင် စိုက်ပျိုးမှုကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့အတူ အဆိုတော် ဇော်ဝင်းထွဋ် ဦးဆောင်သည့် The Beasts Motorcycle Club အဖွဲ့ကလည်း နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ လာရောက်ပါဝင်ပြီး အားကစားကွင်းဝန်းကျင်တွင် ပျိုးပင်များနှင့်အတူ သစ်ပင်မျိုးစေ့များကို စုပေါင်း၍ စိုက်ပျိုးကြသည်။

ယနေ့တွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပပြုလုပ်သည့် မိုးရာသီသစ်ပင်စိုက်ပွဲတွင် စုဆောင်းထားရှိသည့် သစ်ပင်/ပန်းပင် ၄၀၇၅ ပင်အနက်မှ ပျိုးပင် ၁၂၃၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ကျန်ပျိုးပင်များကိုလည်း မိုးရာသီအတွင်း ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်အား အမှတ်တရစိုက်ပျိုးပေးစဉ်။

သတင်းစဉ်

## ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာ–ဂျပန် ချစ်ကြည်ရေး အထိမ်းအမှတ် တတိယအကြိမ် ချယ်ရီပန်းပင်များ စိုက်ပျိုး

**လွိုင်ကော် ဇူလိုင် ၂၅**

ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်များနှင့်အညီ ချယ်ရီပန်းပင်များ စိုက်ပျိုးခြင်းအားဖြင့် ကယားပြည်နယ်အတွင်း ခရီးစဉ်ဒေသတစ်ခု ပေါ်ထွန်းလာစေရန် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အထောက်အကူပြုစေရန်နှင့် အများပြည်သူအပန်းဖြေနေရာများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မြန်မာ–ဂျပန် ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် တတိယအကြိမ် ချယ်ရီပန်းပင်စိုက်ပျိုးခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက လွိုင်ကော်မြို့ ဗုဒ္ဓဥယျာဉ်တော်၌ ကျင်းပသည်။



**ဝိုင်းဝန်းထိန်းသိမ်း**

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် မြန်မာ–ဂျပန်ချစ်ကြည်ရေး ချယ်ရီပန်းပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများနှင့် တာဝန်ရှိသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း၌ ချယ်ရီပန်းပင်စိုက်ပျိုးခြင်းကို တတိယအကြိမ်အဖြစ် စိုက်ပျိုးခြင်းဖြစ်ပြီး ပထမအကြိမ်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ အပင် ၂၀၀ စိုက်ပျိုးခဲ့ကြောင်း၊ ဒုတိယအကြိမ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လာရောက်စဉ်တွင် အပင် ၄၀ စိုက်ပျိုးခဲ့ပြီး ကျန်ရှိသည့် အပင် ၁၆၀ ကို ယခုအခါတွင် အောင်မြင်စွာ စိုက်ပျိုးကြမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ ကျန်ရှိသည့် ချယ်ရီပင်များကို အောင်မြင်စွာ ဆက်လက်စိုက်ပျိုးပြီး ဗုဒ္ဓဥယျာဉ်ကြီးအား နောင်တစ်ချိန်တွင် အားလုံး၏ လည်ပတ်နားခိုသည့် နေရာကောင်းတစ်ခု၊ ခရီးစဉ်ဒေသတစ်ခုဖြစ်အောင် ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း ပြောကြားသည်။

**တစ်ပြိုင်နက် စိုက်ပျိုး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အကြီးအကဲများ၊ တက်ရောက်လာသူများမှ အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း၊ အစီအစဉ်များအတိုင်း ချယ်ရီပန်းပင်များ စိုက်ပျိုးမည့်နေရာများသို့ ရောက်ရှိနေရာယူကြပြီး မင်္ဂလာအချိန်အခါတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အကြီးအကဲများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ချယ်ရီပန်းပင် ၁၆၀ ကို တစ်ပြိုင်နက် စိုက်ပျိုးခဲ့ကြသည်။

**စိုးလှိုင်ဌေး(ပြန်/ဆက်)**

## လိုင်လင်းပီလေယာဉ်ကွင်းငယ် တည်ဆောက်နေမှု မိုးရာသီအတွင်း ခေတ္တရပ်နားထား

**လိုင်လင်းပီ ဇူလိုင် ၂၅**

Mission Aviation Fellowship (MAF) အထောက်အပံ့ဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ သန်းဖြင့် New Asia Star Khat ကုမ္ပဏီမှ တည်ဆောက်လျက်ရှိသည့် ပြေးလမ်းအရှည်ပေ ၂၆၀၀ ကျော်နှင့် အကျယ်ပေ ၁၀၀ ရှိသည့် လိုင်လင်းပီ လေယာဉ်ကွင်းငယ် တည်ဆောက်နေမှုကို မိုးရာသီအတွင်း ခေတ္တရပ်နားထားကြောင်း သိရသည်။

"ကျွန်တော်တို့ လေယာဉ်ကွင်းငယ် တည်ဆောက်နေမှုကို ၂၀၂၀ ပြည့်နှစ် မေလကုန်လောက်မှာ ရပ်နားခဲ့ကြပါတယ်။ ဒီကြားထဲမှာတော့ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားလာတော့ လုပ်ငန်းအတွက် လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ယူနိုင်ဖို့ အဆင်မပြေတာတွေလည်း ရှိပါတယ်။ ပြီးတော့ လုပ်ငန်းခွင်ထဲမှာလည်း မမျှော်လင့်ဘဲ ကျောက်ဆောင်အကြီးကြီး နှစ်ခုတွေ့ရတော့ လုပ်ငန်းကြန့်ကြာမှုတွေ ပိုဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့လုပ်ငန်းကို မိုးကုန်တဲ့အချိန် သင့်တော်တဲ့ တစ်ရက်ရက်မှာ ပြန်စဖို့ ရည်မှန်းထားပါတယ်" ဟု MAF မှ အထွေထွေအတွင်းရေးမှူး ကိုခေါင်ဒီးရမ်က ပြောသည်။

"အခုမိုးတွင်းမှာတော့ မိုးတိတ်တဲ့အချိန်တွေမှာ ကျောက်ဖောက်တာတွေ၊ ကျောက်ခွဲတာတွေတော့ အလျဉ်းသင့်သလို ဆောင်ရွက်လို့ရပါတယ်။ ကားနဲ့ စက်ကြီးတွေတော့ သွားလာလို့ မရသေးပါဘူး။ (၉)လပိုင်းနဲ့ (၁၀)လပိုင်းလောက်မှာ ကားနဲ့စက်ကြီးတွေ အလုပ်ပြန်လုပ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်" ဟု New Asia Star Khat ကုမ္ပဏီမှ တာဝန်ခံ ဦးပါစွန်က ပြောသည်။

အဆိုပါလေယာဉ်ကွင်းငယ်ကို ၂၀၁၉ ခုနှစ် မေလက စတင်ဆောင်ရွက်ခဲ့ကြပြီး ၂၀၂၀ ပြည့်နှစ် မေလမှ အပြီးသတ်နိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းကြန့်ကြာမှုများ ဖြစ်ခဲ့ကြောင်း၊ မိုးရာသီကုန်ပြီး လုပ်ငန်းများ ပြန်လည်စတင်နိုင်သည့်အချိန်တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (သို့မဟုတ်) မတ်လကုန်ပိုင်းတွင် အပြီးသတ်နိုင်ရန် မျှော်မှန်းထားကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် လေယာဉ်ငယ်များ စတင်ပြေးဆွဲလာသည့်အခါ လိုင်လင်းပီမြို့၌လည်း ပြေးဆွဲနိုင်ရေးကို MAF လေကြောင်းလိုင်းမှလည်း မျှော်လင့်ထားကြောင်း သိရသည်။

**ကိုလိန်း (ပြန်/ဆက်)**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တို့တွင် မုတ်သုံလေအားနည်းနေသည်။

**မိုး/ဇလ**

# ကျန်းမာသောဘဝရပ်တည်မှုဖြင့် ရှင်သန်စေဖို့ . . . .

ဒေါက်တာ မောင်ဖြေ
Ph. D (Alternative Medicine), India

**လောက၌ လူသားတိုင်းသည် ကျန်းမာရေးကောင်းစွာဖြင့် လောကအလယ် ရပ်တည်လှုပ်ရှားနေထိုင်လိုကြသည်မှာ အမှန်ပင်ဖြစ်ပေလိမ့်မည်။ သဘာဝမှမွေးဖွားလာသော လူ၊ တိရစ္ဆာန်များသည် သဘာဝအတိုင်းပင် မိမိတို့နှင့်အတူတကွဖြစ်တည်လာခဲ့ကြသော သဘာဝပေါက်ပင်များအား မှီဝဲသုံးဆောင်၍သာလျှင် လောကအတွင်း နေထိုင်ကျင်လည်ကျက်စားနေကြကြောင်းကိုလည်း အကြမ်းသဘောသိထားမည်မှာ အမှန်ဖြစ်ပေလိမ့်မည်။**



ဥပမာ– နွားများနှင့်အချို့သတ္တဝါများသည် မြက်များစားသုံးခြင်း၊ လူသားများမှာမူ အသားငါးများကို ချက်ပြုတ်စားသောက်ခြင်း၊ အသီးအရွက်များအား အစိမ်းစားခြင်း၊ ချက်ပြုတ်စားခြင်း၊ ဆေးဝါးပြုလုပ် သုံးစွဲကြခြင်းကိုလည်း ပြုနေကြသည်။ လူတို့သည် သဘာဝပေါက်ပင်များကို ရှာဖွေစားသောက်ရာမှတစ်ဆင့်တက်၍ အပင်မျိုးများရယူပြီးလျှင် ပို၍အထွက်ကောင်းအောင် ဆောင်ရွက်ကြခြင်းဖြင့် စားသုံးခြင်း၊ ဆေးဝါးများအတွက် ဖန်တီးသုံးစွဲခြင်းများ ပြုလုပ်ဆောင်ရွက်လာခဲ့ကြပါသည်။ ထို့အတူ နေရေးကိစ္စ၊ စားရေးကိစ္စ၊ ဝတ်ရေးကိစ္စရပ်ဖြစ်သော လူ့စွမ်းအားများကို သဘာဝ ပေါက်ပင်များမှ ရယူသုံးစွဲလာခဲ့ကြရပါသည်။

## နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

သဘာဝအလျောက်ဖြစ်ပေါ်လာခဲ့ကြသော နွယ်မြက်သစ်ပင်များသည် ဆေးဖက်ဝင်၏ အဆိုရှိသော်လည်း အသိပညာဖြင့် ပေါင်းစပ်ရယူကြသည့်အခါတွင် ထိုပေါင်းစပ်စွမ်းအားများကို ရရှိခံစားကြမည်ဖြစ်ပါသည်။ ဥပမာ– အသီးအရွက်ဖြင့် ဟင်းတစ်ခွက်ချက်ကြည့်ပါ။ ကြက်သွန်နီ၊ ငရုတ်ခြောက်၊ နနွင်းမှုန့်၊ ဆီ၊ ခရမ်းသီး စသည်တို့ကို ပေါင်းစပ်၍ အချိုးကျချက်ပြုတ်သည့်အခါ ဟင်းကောင်းတစ်ခွက် ပေါ်ထွက်လာခဲ့ပါမည်။ ဤသည်မှာ ပေါင်းစပ်မှုကြောင့် ဖြစ်တည်လာခဲ့ကြရသော စွမ်းအားပင်ဖြစ်ပေသည်။ ပေါင်းစပ်ဖြစ်တည်မှုကြောင့် ရရှိသောသုခမှာ သဘာဝသစ်ပင်များကို စနစ်ကျစွာ ပေါင်းစပ်ရယူနိုင်ခဲ့ခြင်းကြောင့် ကိုယ်ခန္ဓာကို ရှင်သန်ကြီးထွားစေခြင်း၊ ခွန်အားများစွာ ဖြစ်ထွန်းစေခြင်း၊ သုခချမ်းသာ အမျိုးမျိုးကို ပေးစွမ်းနိုင်ပေမည်။

တစ်ဖန်ပေါင်းစပ်ဖြစ်တည်မှုကြောင့် ရရှိသော ဒုက္ခများလည်းရှိပါသည်။ ပေါင်းစပ်သုံးစွဲရာတွင်လည်း ပေါင်းစပ်အပ်သည်ကိုသာ ပေါင်းစပ်အပ်ပါသည်။ မပေါင်းစပ်၍ သုံးစွဲခဲ့သည်ရှိသော် ရရှိထားပြီးဖြစ်သော လူ့လောကအား ကျောခိုင်းထွက်ခွာသွားရတတ်ပါသည်။ ဥပမာအားဖြင့် သပြေသီးနှင့် ထန်းလျက်ခဲကို ရော၍ စားသုံးသော် သေတတ်သည်ဟု ကြားဖူးကြမည်။ ထို့နည်းတူစွာ တွဲဖက်သုံးစွဲ၍မရသော သစ်ပင်များလည်း အများအပြားရှိနေမည်ကို လေ့လာသုံးသပ် သိထားအပ်ပေသည်။

## အထောက်အကူပြုဆေးဝါးများ ဖော်ထုတ်ခြင်း

သဘာဝအလျောက်ပေါက်သော အပင်များ၏ မူလစွမ်းရည်များအား စနစ်တကျလေ့လာစူးစမ်း၍ လူ၊ တိရစ္ဆာန်များအား ကူညီကယ်တင်စောင့်ရှောက်ရန် ဆေးဝါးများလည်း ဖော်ထုတ်ရယူနိုင်စွမ်းရှိပါသည်။ ဥပမာ– နွားများ ဝမ်းချုပ်လျှင် သျှိသျှားရွက်လက်နှစ်ဆုပ်ခူး၍ ထောင်းပြီးလျှင် ဆားတစ်ကျပ်သားနှင့် အရည်ဖျော်၍ တိုက်ကျွေးပါလျှင် မကြာခင်ဝမ်းသွား၍ သက်သာပျောက်ကင်းခြင်း ဖြစ်ပါမည်။ ထို့နည်းတူစွာ ဒေသပေါင်းစုံသို့ သွားရောက်၍ ရွှေ့ပြောင်းလုပ်သားများ၊ အလုပ်လုပ်ကြရသော ပုဂ္ဂိုလ်များအနေဖြင့် အနည်းငယ်ဖျားနာခြင်းဖြစ်ခဲ့သော် ထိုဒေသ၌ အများဆုံးပေါက်ရောက်သော ဝါးပင်မှ အရွက်ကို လက်နှစ်ဆုပ်စာခူး၍ ရေတစ်ပုလင်းခန့်နှင့် ကျိုချက်၍ လက်ဖက်ရည်ကြမ်းပန်းကန်လုံး နှစ်လုံးစာမျှ ရှိလျှင် ထိုဆေးရည်ကို ပူပူနွေးနွေးသောက်ပေးပါကလည်း အဖျားရောဂါပျောက်ကင်းသက်သာပါမည်ဟု စာများက ဆိုပါသည်။ ထို့ကြောင့် သဘာဝပေါက်သောအပင်များကို လေ့လာစူးစမ်း၍ ဆေးအဖြစ် ထုတ်လုပ်ရရှိစေမည်ဖြစ်ပါသည်။

## ရာသီဥတုကြောင့် ရောဂါဝေဒနာစွဲကပ်

သတ္တဝါများသည် သဘာဝ၏စောင့်ရှောက်မှုဖြင့် ဖြစ်တည်လာကြသော သတ္တဝါများဖြစ်ကြသည့်အလျောက် လေ့ရှုရှိုက်၍ အသက်ရှင်သန်ခဲ့ကြရသော သတ္တဝါများဖြစ်ကြသည့် လှုပ်ရှားဖြစ်စဉ်တွင် လေဝင်လျှင်အေးခြင်းဖြင့် ထိုမှ ပူနွေးခြင်းသို့ ပြောင်းလဲဖြစ်စဉ်အတိုင်းပင်လျှင် ခန္ဓာကိုယ်အတွင်း၌ အေးခြင်း၊ ပူနွေးခြင်း၊ စွတ်စိုခြင်းသည် သမမျှတစွာ အမှန်ဖြစ်တည်၍ နေရပါမည်။ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း၊ စွတ်စိုမှုများခြင်း၊ နည်းခြင်း၊ ပထဝီ၊ တေဇော၊ အာပေါနှင့် ဝါယော ဓာတ်ကြီးများ ဖောက်ပြန်မှုကြောင့် ခန္ဓာကိုယ်တွင် မလိုလားအပ်သော ရောဂါများ စွဲကပ်စေပါသည်။

## အပူလွန်ကဲခြင်းနှင့် အအေးလွန်ကဲခြင်း

အပူလွန်ကဲခြင်းနှင့် အအေးလွန်ကဲခြင်းဆိုရာ၌ မိုးလေမမှန်ခြင်း၊ မိုးလေမမှန်မှုကြောင့် သီးနှံများမဖြစ်ထွန်းခြင်း၊ သီးနှံများမဖြစ်ထွန်းမှုကြောင့် အစာရေစာ ခေါင်းပါးခြင်းများကြောင့် ပြင်ပကူးစက်ရောဂါများ ဝင်ရောက်နိုင်ခြင်း စသဖြင့်အခြားဖြစ်ရပ်များ ဖြစ်တတ်ပါသည်။ ဤသည်မှာ ခန္ဓာအတွင်း ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ဖြစ်တတ်သော ရောဂါအကြမ်းအား ဖော်ပြခြင်းသာ ဖြစ်ပါသည်။ ရှေးအခါက ကျောက်ရောဂါ၊ ဝက်သက်ရောဂါ၊ ဝမ်းရောဂါ၊ ကပ်ကြီးသုံးပါးဖြစ်ပေါ်ခဲ့ဖူးပါသည်။ ထိုစဉ်က ရှေးလူကြီးများ၊ သမားတော်များသည် မြန်မာ့တိုင်းရင်းဆေးဖြင့်သာ ကာကွယ်ခဲ့ကြသည်။ ထိုကပ်ကြီး သုံးပါးရောဂါကို သမားတော်ကြီးများက တိုင်းရင်းဆေးများဖြစ်သော အပွင့်အသီးစသည်တို့ကို အသုံးပြု၍ ကာကွယ်ကုသလာကြပါသည်။

## ကိုဗစ်– ၁၉ ကို ကြိုတင်ကာကွယ်ရေး

ကိုဗစ်– ၁၉ ကူးစက်မြန်ရောဂါသည် အပူချိန် ၁၀၀ ဒီဂရီ ဖာရင်ဟိုက်အထက် ရှိမည်ဖြစ်သည်။ သာမန်ရိုးရိုးအဖျားသည် ၉၉ ဒီဂရီ ဖာရင်ဟိုက်အောက်သာ ရှိတတ်ပါသည်။ ရိုးရိုးအဖျားကို ဖော်ပြပါ တိုင်းရင်းဆေးများ သောက်သုံးခြင်းအားဖြင့် ရိုးရိုးအဖျားရောဂါ ကာကွယ်မည်ကို တိုင်းရင်းမြန်မာဆေးကျမ်းများဖြင့် ပြုစုထားသည်ကို လေ့လာကြရမည်ဖြစ်ပါသည်။

## နှလုံး၊ အဆုတ်သန့်စင်စေရန်

ခုခံအားကောင်း၍ အာဟာရဖြစ်စေရန် စားသုံးပါ။ လတ်ဆတ်သောအသီးအနှံနှင့် အသားများကို ရွေးချယ်စားသုံးပါ။ လုံလောက်စွာအိပ်စက်အနားယူပါ။ နေ့စဉ်စားသုံးနေကျ မီးဖိုချောင်တွင်ရှိသော ပစ္စည်းများကို အာဟာရဖြစ်အောင် စားသုံးပါ။

အထူးသဖြင့် နှလုံး၊ အဆုတ်ကို သန့်ရှင်းစေရန် မီးဖိုချောင်သုံး မန်ကျည်းမှည့်နှင့် ထန်းလျက်ဖျော်ရည်ကို သောက်သုံးခြင်းဖြင့် အဆုတ်၊ နှလုံးအတွင်းရှိ အညစ်အကြေးများကို သန့်စင်စေပါမည်။ ပိုးအမျိုးမျိုးနိုင်စေရန် တမာရွက်ပြုတ်သည့် အရည်၊ တမာခေါက်သွေးပြီးသည့် အရည်လည်း သောက်သုံးပါ။ ပြုတ်၍ရေချိုးသန့်စင်ပေးပါ။

**“အထူးသဖြင့် နှလုံး၊ အဆုတ်ကိုသန့်ရှင်းစေရန် မီးဖိုချောင်သုံး မန်ကျည်းမှည့်နှင့် ထန်းလျက်ဖျော်ရည်ကို သောက်သုံးခြင်းဖြင့် အဆုတ်၊ နှလုံးအတွင်းရှိ အညစ်အကြေးများကို သန့်စင်စေပါမည်။ ပိုးအမျိုးမျိုးနိုင်စေရန် တမာရွက်ပြုတ်သည့် အရည်၊ တမာခေါက်သွေးပြီးသည့် အရည်လည်း သောက်သုံးပါ။ ပြုတ်၍ရေချိုး သန့်စင်ပေးပါ”**

ဤရာသီ၌ အဖျားများကျရောက်ပါက တိုင်းရင်းဆေးခန်းသုံး၊ တိုင်းရင်းဆေးရုံသုံးသည့် ဆေးများဖြစ်သော အမှတ် (၂၅) ပတဲမြင်းမိုရ်ကုန်းနှင့် တိုင်းရင်းဆေးခန်းသုံး အမှတ် (၁၇) သွေးဆေးနီဆေးကို သုံးဆောင်သင့်ပါသည်။ မှန်မှန်သောက်သုံးပေးပါက အဖျားအမျိုးမျိုးမကပ်စေရန် ကာကွယ်ထားရာ ရောက်ပါသည်။ ထိုဆေးတို့သည် တိုင်းရင်းဆေးရုံ၊ ဆေးခန်းများတွင် အလွယ်တကူရနိုင်သောဆေးများ ဖြစ်ပါသည်။

တိုင်းရင်းဆေးအမှတ် (၁၇) သည် ခွေးဆောင်ကုထုံးကျမ်း၊ နယမာလာကျမ်းမှ သမားစဉ်ဆေးဖြစ်သည်။ မြန်မာတိုင်းရင်းဆေးနည်းနိဿရည်း ၂၀၀၀ ပြည့်နှစ် စာအုပ်တို့တွင် သွေးဆေးနီကြီးဟု ဖော်ပြထားသည်။ ဥဏှပထဝီဝါယောအာကာသ၊ သီတ၊ တေဇောငြိမ်းစေ၏ဟူ၍ ဖော်ပြထားသည်။

တိုင်းရင်းဆေးအမှတ် (၂၅) သည် ဓာတုဝိနိစ္ဆယရူပကဏ္ဍကျမ်းမှ သမားတော်ကြီးများ အစဉ်အဆက်သုံးစွဲသောဆေးဖြစ်သည်။ ဥဏှဝါယော၊ အာကာသ၊ သီတ၊ တေဇောငြိမ်းစေ၏။ အဇ္ဈတ္တပထဝီပျက်စေ၏ ဟူ၍ဖော်ပြပါရှိသည်။ ယင်းတိုင်းရင်းဆေး အမှတ် (၂၅) ကို ကျွန်ုပ်၏ အဘိုးအဘေးများက အောင်ဗလဟုခေါ်ဝေါ်၍ အမည်ပေးခဲ့ကြသည်။ ရှေ့က ဓာတ်ဆရာအောင်ဗလသည် ကျား/မ နှစ်မျိုး ကပြတတ်သည်ကို ဥပမာပေး၍ တင်စားခဲ့ကြပါသည်။ တိုင်းရင်းဆေး (၂၅) ပတဲမြင်းမိုရ်ကုန်းဆေးသည် အပူနာ၊ အအေးနာ နှစ်မျိုးသုံးပါသည်။

ယင်းသို့ ဖော်ပြပါအတွေ့အကြုံများအရ အဖျားအမျိုးမျိုးကို ကာကွယ်နိုင်သည့်ဆေးကို သုံးစွဲပေးခြင်းဖြင့် အဖျားရောဂါ ပျောက်စေနိုင်ကြောင်း ညွှန်းဆိုရပါသည်။ သောက်သုံးရန်ဆောင်ထားပါက အဖျားရောဂါမကပ်စေဘဲ မဖြစ်ရန် ကာကွယ်ပါသည်။ ကိုဗစ်– ၁၉ ရောဂါများကိုလည်း ကြိုတင်ကာကွယ်ရာရောက်မည် ဖြစ်ပါသည်။

မြန်မာ့ဆေးကျမ်းအစောင်စောင်က ဖော်ပြထားသော ရိုးရာတိုင်းရင်းဆေးဖြစ်ကြောင်းနှင့် Traditional Medicine သဘာဝဆေးပင်များမှထုတ်လုပ်သော Herbal Medicine တို့ပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဟစ်ပိုကရေးခေတ် ဘီစီ– ၄၆၀ က စတင်ခဲ့သော အနောက်တိုင်းဆေးပညာသည် သိပ္ပံခေတ်တိုးတက်မှုနှင့် တိုးတက်လျက်ရှိသော်လည်း ဓာတုနည်းအရဖော်စပ်ရသော ဒြပ်ပေါင်းများဖြစ်၍ ဘေးထွက်ဆိုးကျိုးများ ရှိကြောင်း သိရှိပြီးဖြစ်ကြမည်။ ကမ္ဘာတွင် လူတို့၏ နေထိုင်မှုစနစ်ပြောင်းလဲလာသည်နှင့်အမျှ ရောဂါဆန်းများလည်း တိုးပွားလျက်ရှိသည်။ မြန်မာ့ဆေးကျမ်းများတွင် ကုထုံးကုနည်း၊ ကာကွယ်နည်းများပါရှိပြီး ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာတွင် သလိပ်သည်းခြေ လေမှစ၍ ဓာတ်ကြီးများဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသော ရောဂါဝေဒနာတို့အား တိုင်းရင်းဆေးပညာဖြင့် အစားထိုးကာ နိဒါန်းကိုလေ့လာပြီး အကျိုး နိဂုံးကို ရှာဖွေကုသသော ဆေးများသာဖြစ်သောကြောင့် တိုင်းရင်းဆေးများ၏အစွမ်းကို သိရှိနားလည်စေပြီး ကျန်းမာသောဘဝ ရပ်တည်မှုဖြင့် ရှင်သန်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

---

# စမားနီးယား ရန်ကုန် အဆင့်မြင့်လက်ကားဈေးကြီး တည်ဆောက်မှု ၉၅ ရာခိုင်နှုန်းကျော် ပြီးစီး

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ပဲခူးမြစ်လမ်းနှင့် ရတနာလမ်းထောင့်ရှိ နိုင်ငံတကာအဆင့်မီ စမားနီးယား ရန်ကုန် (Samanea Yangon) အဆင့်မြင့်လက်ကားဈေးကြီး တည်ဆောက်မှုမှာ ဇူလိုင် ၂၂ ရက်တွင် ၉၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်ကားဈေးသစ်ကြီးကို ၂၀၁၉ ခုနှစ်အတွင်း စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ တည်ဆောက်ရေးစီမံကိန်း၏ အပိုင်း(၁) မှာ ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်၍ ယခုနှစ် နိုဝင်ဘာလအတွင်း စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အကျယ်အဝန်းအားဖြင့် စတုရန်းမီတာ တစ်သိန်း ကျယ်ဝန်းသည့် ဈေးသစ်ကြီးတွင် ဆိုင်ခန်းပေါင်း ၇၂၀ အထိ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဈေးသစ်ကြီးအတွင်း ပါဝင်ရောင်းမည့်ဆိုင်ခန်းများ စမ်းသပ်ဖွင့်လှစ်မည့်အကြောင်းနှင့် ပတ်သက်၍ စမားနီးယားရန်ကုန်၏ ဒုတိယအထွေထွေ မန်နေဂျာ ကိုအောင်မျိုးဦးက “ဆောက်လုပ်ရေးပိုင်းကတော့ ပြီးပြီလို့ ပြောလို့ရပါတယ်။ ဆိုင်ခန်းတွေ ပြင်ဆင်မှုအပိုင်းလောက်ပဲ ရှိပါတော့တယ်။ စပြီး စမ်းသပ်ဖွင့်လှစ်မှာကတော့ ဩဂုတ်လအတွင်းမှာ စဖွင့်မှာပါ” ဟု ပြောကြားသည်။

စမားနီးယားရန်ကုန် အဆင့်မြင့် လက်ကားဈေးကြီးအတွင်း အကျယ် ၁၀ ပေ၊ ပေ ၂၀၊ ပေ ၃၀ အစရှိသော လျှောက်လမ်းများပါဝင်ပြီး လေအေးစက်များ တပ်ဆင်ထားကြောင်း၊ ဈေးဆိုင်ခန်းများအားလုံးကို အငှားစနစ်ဖြင့်သာ ငှားရမ်းမည်ဖြစ်ကြောင်း၊ ရောင်းချမည့် ကုန်ပစ္စည်းများအနေဖြင့် ဆောက်လုပ်ရေးပစ္စည်းများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာ ပစ္စည်းများ စသဖြင့်ကုန်ပစ္စည်းအမျိုးမျိုးကို ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားသော ယင်းလက်ကားဈေးကြီးတွင် သန့်ရှင်းရေးဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများ အပြည့်အဝ ခန့်ထားမည်ဖြစ်ပြီး လုံခြုံရေးကင်မရာများလည်း တပ်ဆင်ထားကာ အလိုအလျောက် မီးငြိမ်းသတ်ခြင်းစနစ်များလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ စမားနီးယား ရန်ကုန် လက်ကားဈေးသစ်ကြီးကို စင်ကာပူနိုင်ငံအခြေစိုက် Samanea Group နှင့် မြန်မာနိုင်ငံအခြေစိုက် EI ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မြို့နယ်များ၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ(ပထမအကြိမ်) ယနေ့စတင်ကြေညာ

**တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို ယနေ့မှစတင်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် (ပထမအကြိမ်) ကြေညာထားပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ၁၄ ရက်ကြာ ကြေညာထားမည်ဖြစ်ပြီး မဲစာရင်းများကို ပြည်သူများ လာရောက်ကြည့်ရှုကြရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအလိုက် တိုက်တွန်းနှိုးဆော်မှုများ မြို့နယ်များတွင် ဆောင်ရွက်နေမှုများကို စုစည်းဖော်ပြအပ်ပါသည်။**

### မြောင်းမြ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ မြို့ပေါ် ၁၆ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၈ အုပ်စုရှိ ရပ် / ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၁၁၄ ရုံးတို့ တွင် ၂၀၂၀ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှ စတင်၍ (ပထမအကြိမ်) ကြေညာထားပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင် စာရင်းများကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ၁၄ ရက်ကြာ ကြေညာထားမည် ဖြစ်ပြီး မဲစာရင်းတွင် နာမည်မပါခြင်း၊ မှားယွင်းနေသည့် အချက်များကို ပြင်ဆင်ခြင်းနှင့် မပါဝင်သင့်သူများကို ပယ်ဖျက်ခြင်းစသည့် လုပ်ငန်းစဉ်များကို မဲစာရင်းပြင်ဆင်ခြင်း ပုံစံ(၃)၊ (၄)နှင့် (၄-က) တို့ဖြင့် လာရောက်ပြင်ဆင် ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် မဲစာရင်းပါရှိသူများသာ မဲပေးခွင့်ရှိမည်ဖြစ်သဖြင့် မဲစာရင်းများကို လာရောက် ကြည့်ရှုကြရန်နှင့် မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတို့က တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု ၁၁၄ ခု၌ မဲရုံပေါင်း ၃၀၀ ဖွင့်လှစ်ဆောင်ရွက်ရန် စီစဉ်ထားရှိကြောင်းနှင့် လတ်တလောစာရင်းများ ကောက်ယူရရှိချက်အရ မြို့နယ်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူပေါင်း ၂၁၂၅၆၄ ဦးရှိကြောင်း သိရှိရသည်။

**အောင်မင်း(မြောင်းမြ)**




လဲချားမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကြေညာထားမှုအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

### ကလေး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို ပြည်သူများကြည့်ရှုနိုင်ရန်အတွက် ဇူလိုင် ၂၅ ရက်မှစတင်၍ ရပ်ကွက်ပေါင်း ၂၀ နှင့် ကျေးရွာအုပ်စု ၄၁ အုပ်စုများတွင် ထုတ်ပြန်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အစီအမံများနှင့်အတူ စနစ်တကျမဲပေးနိုင်ရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက မဲစာရင်းတွင် မိမိတို့အမည်စာရင်းပါဝင်ခြင်း ရှိမရှိ၊ မဲစာရင်းပါ မိမိတို့၏အချက်အလက်များ မှန်ကန်မှုရှိ မရှိ စစ်ဆေးရန်လိုအပ်ကြောင်း၊ မဲစာရင်းတွင် မိမိတို့၏ အမည်စာရင်းမပါရှိပါက သတ်မှတ်ပုံစံများတွင် ဖြည့်စွက်ပြီး ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းများကို သတ်မှတ်ချိန်ကာလအတွင်း ဆောင်ရွက်ရန်လိုကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အမှတ်(၁) မဲဆန္ဒနယ်တွင် မဲရုံပေါင်း ၁၀၂ ရုံ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၃၈၂၂၆ ဦး၊ အမှတ်(၂) မဲဆန္ဒနယ်တွင် မဲရုံပေါင်း ၉၃ ရုံ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၃၉၂၉၁ ဦး ရှိကြောင်း၊ ကလေးမြို့နယ်အနေဖြင့် ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၂၇၇၅၁၇ဦး ရှိကြောင်း၊ မဲရုံပေါင်း ၁၉၅ ရုံလျာထားကြောင်း မြို့နယ်ရွေးကောက်ပွဲ ဦးစီးအရာရှိ ဒေါ်အိဖြူဝင်းထံမှ သိရသည်။

ကလေးမြို့နယ်အတွင်းမှ မဲဆန္ဒရှင်ပြည်သူများ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထား ကြေညာခြင်းကြည့်ရှုရန် အခက်အခဲနှင့် မေးမြန်းလိုသည်များရှိပါက ဖုန်းနံပါတ် ၀၉-၂၅၆၀၆၉၁၉၇၊ ၀၉-၇၉၂၇၇၈၁၉၉၊ ၀၉-၂၅၆၆၁၇၇၂၁၊ ၀၇၃-၂၁၅၆၆ များသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ဇာခြည်အေး(မြန်မာ့အလင်း)**

### လွိုင်ကော်

ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများနှင့် လွိုင်လင်လေးမြို့၊ လောပိတမြို့များသို့ ကျေးရွာ၊ ရပ်ကွက်အုပ်စုအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ၏ စာရင်းများ ကပ်ထားကြေညာထားရှိမှုတို့ကို ယနေ့ နံနက်ပိုင်းက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ကြေညာထားရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လျာထားမဲရုံ တည်နေရာတို့အား ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အစီအမံများနှင့် အညီဆောင်ရွက်ထားရှိရမည့် အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ပြင်ဆင်ဆောင်ရွက်ရမည့် ကဏ္ဍများကို မှာကြားခဲ့ကြောင်း သိရသည်။

လွိုင်ကော်မြို့နယ်တွင် မဲရုံပေါင်း ၇၅ ရုံ၊ မဲဆန္ဒရှင် ၉၅၉၁၇ ဦး ရှိကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးကျော်ဆန်းဝင်းထံမှ သိရသည်။

**စိုးလှိုင်ဌေး(ပြန်/ဆက်)**

### မြဝတီ

၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့က ကြေညာထားပြီး မြဝတီမြို့၌ မဲဆန္ဒရှင်စာရင်းများအား ဇူလိုင် ၂၅ ရက်မှ စတင်ပြီး ကပ်ထားကြေညာပေးလျက်ရှိကြောင်း သိရသည်။

"အခုမဲစာရင်းတွေ ကြေညာပြီ။ အဲဒါမဲဆန္ဒရှင်တွေ အနေနဲ့ လာကြည့်စေချင်ပါတယ်။ ဘာလို့လဲဆိုတော့ မပါသင့် မပါထိုက်တဲ့လူတွေ ပါနေတာ။ အချက်အလက်တွေ မှားနေတာတွေကို သိမယ်။ အဲဒီတော့မှ ပြင်ဆင်နိုင်မှာ ဖြစ်ပါတယ်"ဟု မြဝတီမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဒေါ်မြတ်သန္တာထက်က ပြောသည်။

မြဝတီမြို့နယ်အနေဖြင့် ရပ်ကွက်နှင့် ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ ၁၉ ဖွဲ့ရှိကာ မဲရုံပေါင်း ၇၈ ရုံ လျာထား ဖွဲ့စည်းထားရှိပြီး မဲဆန္ဒရှင်စာရင်း တစ်သိန်းတစ်သောင်း ကျော်ရှိကြောင်း မြဝတီမြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

### လဲချား

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိရေးအတွက် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၉ အုပ်စုတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ၏ အမည်စာရင်းကပ်ထားမှုကို ယနေ့ နံနက် ၁၀နာရီခွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များက ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ကြေညာထားရန် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မဲရုံတည်နေရာများကို ကွင်းဆင်းစစ်ဆေးပြီး ပြင်ဆင်ဆောင်ရွက်ရမည့် အချက်များကို မှာကြားခဲ့သည်။

လဲချားမြို့နယ်အတွင်း မဲရုံ ၃၆ ရုံနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင် စုစုပေါင်း ၃၉၃၇၃ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ သိရသည်။

**လွှမ်းသူနောင် (ပြန်/ဆက်)**

### ဖာပွန်

ကရင်ပြည်နယ် ဖာပွန်မြို့တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်/ ကျေးရွာများရှိ သတ်မှတ်နေရာများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို ယနေ့ နံနက်ပိုင်းမှစတင်၍ ကပ်ထားကြေညာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ဌာနများမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများတွင် မှတ်ပုံတင်နံပါတ်ကွက်လပ်များ ရှိနေသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမြန်ဆုံး ဆောင်ရွက်နိုင်ရေး ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးများက အသိပေးနှိုးဆော်ရေး၊ ပြည်သူများအနေဖြင့် မဲဆန္ဒရှင်စာရင်း လာရောက်ကြည့်ရှုရာတွင် ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ မဲဆန္ဒရှင်စာရင်း လာရောက်ကြည့်ရှုမှုအား နေ့စဉ်စာရင်းပြုစု၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြပေးရေး၊ မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှုရေးအတွက် တေးသီချင်းများ ဖွင့်လှစ်ပေးရေးတို့ကို မှာကြားခဲ့ကြောင်း၊ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို သတ်မှတ်နေရာအသီးသီးတွင် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ၁၄ရက်ကြာ ကပ်ထား ကြေညာပေးမည်ဖြစ်ကြောင်း သိရှိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းတွင်ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရုံးမှ ၂၀၂၀ ပြည့်နှစ် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိ



သူများထဲမှ မဲဆန္ဒရှင်စာရင်းတွင် အမည် ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းမှစ၍ သစ်တွန်ကျေးရွာတွင် ကွင်းဆင်း ဆောင်ရွက်ပေးသည်။ **(ဝဲပုံ)**

ထိုသို့ကွင်းဆင်း ဆောင်ရွက်ရာတွင် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံး ဦးစီးအရာရှိ ဦးနေထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ် နိုင်ငံသား စိစစ် ရေးကော်မတီ အဖွဲ့ဝင်များ က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ စာရင်းတွင် အမည်ပါပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြားမရှိဟု ဖော်ပြထားသူများအား ကွင်းဆင်းစစ်ဆေးခြင်း၊နိုင်ငံသားစိစစ်ရေး ကတ်ပြား မလုပ်ရသေးသူများကို ဆောင်ရွက်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့်ပြီး မည်သည့်ကတ်ပြားမျှ မကိုင်ဆောင်ရသေး သူများကို ရရှိသင့်သည့် ကတ်ပြား တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းစီမံချက် ရေးဆွဲပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားစိစစ်ရေး လုပ်ငန်း ကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး များနှင့် ညှိနှိုင်းကာ ရပ်ကွက်/ကျေးရွာများအလိုက် ခွဲ၍ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများကို ကွင်းဆင်းဆောင်ရွက် လုပ်ကိုင်ပေးလျက်ရှိကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

မြို့နယ်/ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ရပ်ကွက် ၂၀ ရှိရာ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၁၇၀၃၆ ဦးအထိရှိကြောင်းနှင့် ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို တာမွေမြို့နယ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များတွင် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ နံနက် ၇ နာရီမှ ည ၉ နာရီအထိ သက်ဆိုင်ရာမြို့နယ်များရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ပထမအကြိမ် နှစ်ပတ်ကြာ ကပ်ထား ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

အချိန်နှင့်တစ်ပြေးညီ ပြန်ကြားရေးဝန်ကြီးဌာန၏ Website (www.moi.gov.mm, www.mdn.gov.mm, www.mrtv.gov.mm ) နှင့် Facebook Page (moiwebportalmyanmar , Myanmar Digital News, MRTV) တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

တက်ရောက်သတင်းရယူကြမည့် မီဒီယာသမားများအနေဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်–

- ဩဂုတ် ၇ ရက် မွန်းတည့် ၁၂ နာရီထက်နောက်မကျဘဲ နေပြည်တော် စည်ပင်ဧည့်ရိပ်သာသို့ ရောက်ရှိသတင်းပို့ရပါမည်။
- စည်ပင်ဧည့်ရိပ်သာတွင် သတ်မှတ်ထားသည့်အဆောင်များ၌ တစ်ယောက်တစ်ခန်းနှုန်းဖြင့် တည်းခိုပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ နေထိုင်ရပါမည်။
- စည်ပင်ဧည့်ရိပ်သာတွင် နေထိုင်စဉ်အတွင်း တည်းခိုနေထိုင်စားသောက်စရိတ်ကို မိမိအစီအစဉ်ဖြင့် ကျခံဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ (သက်သာသောနှုန်းထား ဖြစ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးပါမည်။)
- သတ်မှတ်သည့်နေ့တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံထားရမှု ရှိ/မရှိ Swab နမူနာ ရယူစစ်ဆေးခြင်းကို အခမဲ့ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
- ကိုဗစ်–၁၉ ကူးစက်မှု ရှိ/မရှိ စစ်ဆေးပြီးနောက် ရောဂါပိုးတွေ့ရှိရပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- ထုတ်ပေးမည့် သတင်းမီဒီယာအသိအမှတ်ပြုကတ်ပြားသည် ညီလာခံကာလအတွင်း MICC(1)နှင့် MICC(2) ရှိ သတ်မှတ်သည့်နေရာများတွင်သာ သတင်းရယူခွင့်ရရှိမည်ဖြစ်ပြီး ညီလာခံ တက်ရောက်သူများ တည်းခိုနေထိုင်သည့်နေရာများအပါအဝင် ကန့်သတ်ထားသည့်နေရာများတွင် သတင်းရယူခွင့်ပြုမည် မဟုတ်ပါ။
- ဖွင့်ပွဲနှင့် လက်မှတ်ရေးထိုးပွဲ အခမ်းအနားများတွင် သတ်မှတ်နေရာများမှ သတင်းရယူနိုင်ပြီး ကျန်အချိန်များတွင် Media booth ၊ Media Center များ၌သာ သတင်းရယူနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ညနေပိုင်းများတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပေးမည် ဖြစ်ပါသည်။
- ညီလာခံဖွင့်ပွဲအခမ်းအနားအပြီး အစုအဖွဲ့အလိုက် အမှတ်တရဓာတ်ပုံရိုက်ကူးမှုကို နေရာကန့်သတ်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး Website (www.moi.gov.mm, www.mdn.gov.mm, www.mrtv.gov.mm )နှင့် Facebook Page (moiwebportalmyanmar , Myanmar Digital News, MRTV) များမှ အချိန်မီ ဖြန့်ဖြူးပေးသွားမည် ဖြစ်ပါသည်။
- ညီလာခံအစည်းအဝေးများ ကျင်းပနေစဉ်ကာလအတွင်း စည်ပင်ဧည့်ရိပ်သာမှ အခမ်းအနား ကျင်းပမည့်နေရာသို့ အသွားအပြန် ကြို/ပို့ယာဉ်၊ နေ့လယ်စာ စီစဉ်ပေးမည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ နှာခေါင်းစည်း၊ လက်အိတ်များနှင့် လက်သန့်ဆေးရည်များကို စီစဉ်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇–၃၄၁၂၁၂၅ နှင့် ၀၆၇–၃၄၁၂၁၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ပြအင်္ဂါရပ်နှင့်အညီ စဉ့်အိုးတန်း ဖောတံတားတွင် ရေကာတံတိုင်းအဆင့်မြှင့်တင်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် စဉ့်အိုးတန်း အမှတ်(၁) ဆိပ်ခံဖောတံတားနှင့် စဉ့်အိုးတန်း အမှတ်(၂)ဆိပ်ခံ ဖောတံတားကြားတွင် အလျား ၄၃၂ ပေ ရှိသော ရေကာတံတိုင်းကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အင်ဂျင်နီယာဌာန (မြို့ပြ)မှ ရန်ကုန်မြို့ပြအင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည်။**(အောက်ပုံ)**

အဆိုပါ ရေကာတံတိုင်း တည်ဆောက်သော အရှည် ၄၃၂ ပေတွင် စဉ့်အိုးတန်း အမှတ် (၁)နှင့် အမှတ် (၂) ကြားရှိ ၂၇၃ ပေ အကျယ် စက်သမ္ဗန် ဆိုက်ကပ်ရာနေရာ၌ မူလ လှေကားထစ်ထက် ကောင်းမွန်သော လှေကားထစ် တစ်ထစ်လျှင် အကျယ် ၁၅ လက်မ၊ အမြင့် ရှစ်လက်မနှင့် ကမ်းနားမှ မြစ်ဘက်သို့ လျှောစောက်ပုံစံဖြင့် လှေကားထစ် ၂၁ ထစ်ရှိ အလျား ၂၇၃ ပေ၊ အနံ ၄၅ ပေ ကွန်ကရစ်လှေကားကို တည်ဆောက်လျက်ရှိသည်။ ထိုလှေကားထစ်နေရာတွင် ရန်ကုန်–ဒလ စက်သမ္ဗန်များ ဆိုက်ကပ်၊ ထွက်ခွာရာနေရာဖြစ်သောကြောင့် ခရီးသွားများ သွားလာရေးအဆင်ပြေချောမွေ့စေရန်နှင့် မြစ်ကမ်းနံရံများ ကြံ့ခိုင်မှုရှိစေရန် တည်ဆောက်ခြင်းဖြစ်သည်။

"စဉ့်အိုးတန်း အမှတ်(၁) ဖောတံတားတစ်ဖက်မှာ ၈၄ ပေ၊ စဉ့်အိုးတန်း အမှတ် ၂ ဖောတံတား တစ်ဖက်မှာ ၇၅ ပေနဲ့ အဲဒီဖောတံတားနှစ်ခုကြားက လှေကားထစ်လျှောစောက် တည်ဆောက်မှုက ၂၇၃ ပေ အကျယ်ဆိုတော့အားလုံး ၄၃၂ ပေမှ ရေကာတံတိုင်း တည်ဆောက်နေပါတယ်။ စက်သမ္ဗန် ဆိုက်ကပ်တဲ့နေရာဆိုတော့ အများပြည်သူ အန္တရာယ်ကင်းကင်းသွားလာနိုင်မှာ ဖြစ်တဲ့ အပြင် ဖောတံတားနှစ်ခုရဲ့ရေကာတံတိုင်းကိုလည်း တည်ဆောက်နေပါတယ်"ဟု တည်ဆောက်ရေးကို တာဝန်ယူ ဆောင်ရွက်နေသော မြတ်ဘုန်းယံကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးမြင့်က ပြောသည်။

ရန်ကုန်မြစ်၏ ကမ်းထိန်းနံရံဖြစ်သည့်အပြင် ရေကာတံတိုင်းအဖြစ် အသုံးပြုခဲ့သော ကမ်းနားလမ်းတစ်လျှောက်မှာ ကိုလိုနီခေတ်မှ ယနေ့အချိန်ထိ အသုံးပြုခဲ့ပြီး ဒီရေအမြင့်ဆုံးတက်ချိန်နှင့် မိုးမပြတ်ရွာသွန်းချိန် တိုက်ဆိုင်ခဲ့သော ၂၀၁၉ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ကုန်းပေါ်သို့ တစ်ပေခန့် ရေတက်ခဲ့၍ ရန်ကုန်မြစ်ကို ဖြတ်သန်းသွားလာကြသည့် သမ္ဗန်စီးခရီးသွားများနှင့် ရောဂတီတိုင်းဒေသကြီးသို့ ကုန်စည်ပို့ဆောင်သော ရေယာဉ်များလည်း အခက်အခဲကြုံတွေ့ခဲ့ရသော်လည်း လသာ၊ လမ်းမတော်၊ ပန်းဆိုးတန်းကမ်းနားတစ်လျှောက် မြစ်ရေဝင်ရောက်မှု မရှိခဲ့၍ သဘာဝဘေးအန္တရာယ်မှ ကင်းဝေးခဲ့ကာ အဆိုပါ မြစ်ကမ်းထိန်းနံရံများ ကြံ့ခိုင်မှုရှိစေရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်း အာဏာပိုင် အင်ဂျင်နီယာဌာနမှ ရေကာတံတိုင်းကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြစ်ကမ်းတစ်လျှောက်တွင် ဆိပ်ခံဖောတံတား ၃၈ ခုရှိပြီး ဆိပ်ကမ်းနှင့် ဖောတံတားများ ကြံ့ခိုင်ကောင်းမွန်မှုဖြင့် ရန်ကုန်မြစ်၏ ထူးကဲဒီရေကို ကာကွယ်နိုင်မည်ဖြစ်သည်။ အဆိုပါရေကာတံတိုင်းကို ၂၀၂၀ ပြည့်နှစ် မတ်လဆန်းတွင် စတင် အကောင်အထည်ဖော်ခဲ့ပြီး ကိုဗစ်–၁၉ ကြောင့် ခေတ္တရပ်နားခဲ့ကာ မေလ ဆန်းပိုင်း၌ ပြန်လည်စတင်ခဲ့၍ စက်တင်ဘာလတွင် ပြီးစီးရန် လျာထားကြောင်းနှင့် ဆိပ်ကမ်းကို အသုံးပြုခြင်းဖြင့် ရေယာဉ်၊ သမ္ဗန်၊ ကုန်စည်ပို့ဆောင် ရေးနှင့် ကုန်တင်ကုန်ချလုပ်ငန်းများအဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း ရန်ကုန်မြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အင်ဂျင်နီယာမှူး(မြို့ပြ) ဦးဝေဖြိုးဟိန်းက ပြောသည်။

**သန်းထိုက်**

**ဓာတ်ပုံ – သန်းစိုး**





# ကယားပြည်နယ်အစိုးရ၏ တစ်နှစ်တာဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်

**လွိုင်ကော် ဇူလိုင် ၂၅**

ကယားပြည်နယ်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၄ ရက်က လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆိုး တက်ရောက်၍ အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် စတုတ္ထတစ်နှစ်တာ ကာလအတွင်း ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ အားကစားအခန်းကဏ္ဍ ဆုရရှိမှု အခြေအနေများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ အုပ်ချုပ်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍ၊ ရေရရှိရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ နယ်စပ်ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ကယားပြည်နယ်၏ အားသာချက်များမှာ သဘာဝအရင်းအမြစ်ကောင်းများ များပြားခြင်း၊ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ရှိနေခြင်းတို့ဖြစ်ပြီး အားနည်းချက်မှာ ကုန်းတွင်းပိတ်ပြည်နယ် ဖြစ်နေခြင်းဖြစ်ကြောင်း၊ သို့သော် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပွင့်အောင် MoU ထိုးနိုင်ခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပွင့်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ ပြည်နယ်အစိုးရ၊ ဌာနဆိုင်ရာများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးပမ်းဖော်ဆောင်မှုအချက်တစ်ခုဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကြီးကို တရားဝင်ဖြစ်အောင် မူဝါဒများနှင့်အညီ ကြိုးပမ်းနိုင်ခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းကိုလည်း ကုန်သွယ်ရေးစခန်းအနေဖြင့် ရပ်မနေဘဲ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့နှင့် လွိုင်ကော်မြို့တို့ကို ညီအစ်မမြို့တော်အဖြစ် နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရန် ကယားပြည်နယ်၌ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ပြုလုပ်နိုင်ခဲ့ကြောင်း၊ ဘီပီ(၁၃) လမ်းကြောင်းမှတစ်ဆင့် လွိုင်ကော်အထိ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိမှု အခြေအနေလည်း တိုးတက်လာခဲ့ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာ ခုနစ်ခုမှ ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မေးခွန်း ၂၇ ခုကို မေးမြန်းကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**အောင်ထွန်းလေး(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပိုင်ကျုံမြို့တွင် ၄ ဒသမ ၂၅လက်မ၊ ပင်လည်ဘူးမြို့တွင် ၂ ဒသမ ၃၂လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၁ ဒသမ ၇၈လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၃၈လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၃၀လက်မ၊ ရှမ်းရွာသစ်မြို့နှင့် ပေါင်မြို့တို့တွင် ၀ ဒသမ ၉၈လက်မစီ၊ ဝန်းသိုမြို့တွင် ၀ ဒသမ ၇၅လက်မ၊ သိမ်ဇရပ်မြို့တွင် ၀ ဒသမ ၆၇လက်မ၊ ပူတာအိုမြို့နှင့်ဘီးလင်းမြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီ၊ ကျောက်ထုမြို့တွင် ၀ ဒသမ ၄၇ လက်၊ ပုသိမ်မြို့တွင် ၀ ဒသမ ၄၃လက်မနှင့် ဟဲဟိုးမြို့နှင့် မြဝတီမြို့တို့တွင် ၀ ဒသမ ၃၉လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြတိုက်အသစ် တည်ထောင်ဖို့ မူဝါဒ အရင်ချမှတ်စို့

နုမြဇံ(ပြတိုက်)

### ပြတိုက်ဟူသည်

ပြတိုက်ကို အင်္ဂလိပ်ဘာသာဖြင့် Museum (မြူဇီယမ်) ဟု ခေါ်ပြီး အဆိုပါ ဝေါဟာရသည် အင်္ဂလိပ်ဘာသာ ပင်ရင်းမဟုတ်ဘဲ ရှေးဟောင်းဂရိဘာသာစကား Mouse-ion (မောင်စီယွန်း) မှ ဆင်းသက်လာကာ ဂရိဒဏ္ဍာရီလာ Muse ( မျူးဇ် ) ခေါ် စာပေ၊ ဂီတ၊ အနုပညာတို့ကို စောင့်ရှောက်ကုန်သော နတ်သမီးများ၏ ဘုံဗိမာန်ဟူသောအဓိပ္ပာယ်ကို ယူ၍ စာပေ၊ ဂီတ၊ အနုပညာဆိုင်ရာ ပစ္စည်းများကို စုဆောင်း၊ ထိန်းသိမ်း၊ သုတေသနပြု၊ ခင်းကျင်းပြသကာ အများပြည်သူကို အသိပညာဗဟုသုတ ဖြန့်ချိလျက်ရှိသော နေရာဌာန အဆောက်အအုံဖြစ်သည်ဟု ဖွင့်ဆိုကြပါ၏ ။

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (International Council of Museum–ICOM)ကမူ "ပြတိုက်ဟူသည် အများပြည်သူကို ဝန်ဆောင်မှုပြုနိုင်ရန် ငွေကြေးအမြတ်အစွန်းကို အဓိကမထားဘဲ ပုံမှန်ဖွင့်လှစ်ရသော ပညာပေးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး လူသားနှင့် ပတ်ဝန်းကျင်သက်သေအထောက်အထားဖြစ်သော ဒြပ်ရှိ ဒြပ်မဲ့ပစ္စည်းများကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုတေသနပြုခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်း၍ ခင်းကျင်းပြသခြင်း နည်းလမ်းများဖြင့် ဧည့်သည်များနှင့် ထိတွေ့ဆက်ဆံကာ စစ်မှန်သော ယဉ်ကျေးမှုနှင့် သဘာဝ အမွေအနှစ်များကို နားလည်သဘောပေါက်စေရန်၊ သင်ယူရန်နှင့် စိတ်ပျော်ရွှင်မှုခံစားရစေရန် ဖြန့်ဝေပေးသော နေရာလည်း ဖြစ်သည်" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။

### ပြတိုက်အစ

ကမ္ဘာပေါ်တွင် ပြတိုက်မျိုးဆက်သုံးမျိုး (Three Generation of Museums) ဟု မှတ်သားရရာ ပထမဆုံးမျိုးဆက်မှာ စုဆောင်းပစ္စည်းအဓိကပြတိုက် အမျိုးအစား ( Collection–Centered Type ) ဖြစ်ပြီး ဒုတိယ မျိုးဆက်မှာ ပညာပေးရေးအဓိကပြတိုက်အမျိုးအစား (Edu-cation–Centered Type) ဖြစ်ကာ တတိယ (သို့) နောက်ဆုံးမျိုးဆက်မှာ ပြည်သူကိုယ်တိုင်ပါဝင်ရေးအဓိကပြတိုက် အမျိုးအစား (Public–Participation–Centered Type) ဖြစ်သည်။

ကမ္ဘာ့အစောဆုံးပြတိုက်ဟု သတ်မှတ်ခံရသော ဘီစီ ၂၈၀ ခန့်က အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယားမြို့တွင် Ptolem I ဘုရင်တည်ထောင်ခဲ့သည့်ပြတိုက်သည် မူလက စုဆောင်းပစ္စည်းအဓိက ပထမပြတိုက်အမျိုးအစားအဖြစ် စတင်ခဲ့သော်လည်း အေဒီ ၅ ရာစုအရောက်တွင်မူ ပညာပေးရေးနှင့်သုတေသနလုပ်ငန်းများပါ ဆောင်ရွက်လာနိုင်သည်အထိ တိုးတက်လာခဲ့ရာ ဒုတိယမျိုးဆက်ပြတိုက်အဖြစ် ကူးပြောင်းခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြတိုက်ဟု ပထမဆုံး သတ်မှတ်နိုင်သောပြတိုက်မှာ ၁၈၇၁ ခုနှစ်တွင် တည်ထောင်သည့် "ဖယ်ရာပြတိုက်" ဖြစ်ပြီး ကိုလိုနီခေတ် ပဲခူးတိုင်းမင်းကြီး ဆာအာသာဖယ်ရာကို ဂုဏ်ပြုမှည့်ခေါ်ခြင်းဖြစ်သည် ။ ယင်းပြတိုက်၏ ဖွဲ့စည်းပုံသည် နောင်မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး လေးနှစ်အကြာ ၁၉၅၂ ခုနှစ် တည်ထောင်သည့် အမျိုးသားပြတိုက်အတွက် အခြေခံပင်ဖြစ်သည်။

### ပြတိုက်အမျိုးအစားများ

ပြတိုက်များကို အုပ်ချုပ်မှုအရရော၊ ပညာရပ်နယ်ပယ်နှင့် ပြသပစ္စည်းအရပါ အမျိုးအစားများ ခွဲခြားသတ်မှတ်လေ့ရှိရာ အုပ်ချုပ်မှုအရ ခွဲခြားထားမှုမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဝန်ကြီးဌာန ပြတိုက်များ၊
( ခ ) တက္ကသိုလ် ပြတိုက်များ၊
( ဂ ) ကုမ္ပဏီ ပြတိုက်များ၊
(ဃ) အစိုးရမဟုတ်သော အဖွဲ့အစည်းပြတိုက်များ၊
( င ) ပုဂ္ဂလိကပြတိုက်များ ဟူ၍ဖြစ်သည်။

ပညာရပ်နယ်ပယ်နှင့် ပြသပစ္စည်းအရ ခွဲခြားမှုမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) အမျိုးသားပြတိုက်၊
( ခ ) အနုပညာပြတိုက်၊
( ဂ ) ရှေးဟောင်းသုတေသနပြတိုက်၊
(ဃ) သမိုင်းပြတိုက်၊
( င ) သိပ္ပံနှင့်နည်းပညာပြတိုက်၊
( စ ) သဘာဝသမိုင်းပြတိုက်၊
(ဆ) မနုဿဗေဒပြတိုက်၊
( ဇ ) တိုင်းရင်းသားလူမျိုးစုပြတိုက်၊
( ဈ ) လဟာပြင်ပြတိုက်၊
(ည) အထူးပြုပြတိုက် (ဥပမာ–ရွှေပြည်နန်းသနပ်ခါးပြတိုက် – မြန်မာ)၊ ကင်မ်ချီပြတိုက်–ကိုရီးယား) စသည်။




အမျိုးသားပြတိုက် (နေပြည်တော်) အဆောက်အအုံအား တွေ့ရစဉ်။

**❒ အမျိုးသားပြတိုက်ဆိုလျှင် "အမျိုးသား" ဟုအမည်တပ်နိုင်သော နိုင်ငံတော်အဆင့် သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ရှေးဟောင်းသုတေသနစသည့် ဘာသာရပ်ပေါင်းစုံ စုဆောင်းပြသ၍ရသဖြင့် အထွေထွေပြတိုက်အမျိုးအစား ဟုလည်း သတ်မှတ်နိုင်သည်။ ကမ္ဘာကျော် လုဗ်ပြတိုက်ကဲ့သို့ နေ့စဉ်အချိန်ပေး၍ တစ်လလောက်ကြည့်လျှင်ပင် မပြီးစီးလောက်အောင် စုဆောင်းပစ္စည်း စုံလင်များပြားလွန်းပါက အထွေထွေထက်ကျော်လွန်၍ စွယ်စုံပြတိုက်အမျိုးအစားဟု ခေါ်ကြောင်း မှတ်သားရ**

ထို့ပြင် အမျိုးသားပြတိုက်ဆိုလျှင် "အမျိုးသား" ဟုအမည်တပ်နိုင်သော နိုင်ငံတော်အဆင့် သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ရှေးဟောင်းသုတေသနစသည့် ဘာသာရပ်ပေါင်းစုံ စုဆောင်းပြသ၍ရသဖြင့် အထွေထွေပြတိုက် အမျိုးအစား ဟုလည်း သတ်မှတ်နိုင်သည်။ ကမ္ဘာကျော်လုဗ်ပြတိုက်ကဲ့သို့ နေ့စဉ်အချိန်ပေး၍ တစ်လလောက်ကြည့်လျှင်ပင် မပြီးစီးလောက်အောင် စုဆောင်းပစ္စည်း စုံလင်များပြားလွန်းပါက အထွေထွေ ထက်ကျော်လွန်၍ စွယ်စုံပြတိုက် အမျိုးအစားဟု ခေါ်ကြောင်း မှတ်သားရသည်။

### ပြတိုက်မူဝါဒ

အထက်ပါ ပြတိုက်အမျိုးအစား ခွဲခြားထားခြင်းသည်ပင် ပြတိုက်မူဝါဒချမှတ်ခြင်း၏ အခြေခံဖြစ်သည်။ မူဝါဒဆိုသည်မှာ လွယ်လွယ်ရှင်းရှင်း ပြောရလျှင် ဆောင်ရန် ရှောင်ရန်(do’s and don’ts )ပင် ဖြစ်သည်။ မိမိတို့ပြတိုက်က "ဘာတွေကိုလုပ်ဆောင်ပါမည် ၊ ဘာတွေကိုတော့ မလုပ်ဘဲ ရှောင်ကြဉ်ပါမည်" ဟု အများပြည်သူကို ပွင့်လင်းမြင်သာစွာ အသိပေးချပြခြင်းလည်း ဖြစ်သည်။ ပြတိုက်တိုင်းတွင် ပြတိုက်မူဝါဒကို ပြတိုက်အကြီးအကဲဖြစ်သူ (နိုင်ငံတကာစံအရ ပြတိုက်ကြီးဖြစ်ပါက ညွှန်ကြားရေးမှူးချုပ်အဆင့်၊ အလယ်အလတ်ပြတိုက်အဆင့်ဖြစ်ပါက ညွှန်ကြားရေးမှူးအဆင့် ၊ပြတိုက်အငယ်စားဖြစ်ပါက ပြတိုက်မှူးအဆင့်)က ရေးဆွဲ၍ ပြတိုက်အုပ်ချုပ်မှုကော်မတီ (သို့မဟုတ်) မိမိအထက်ဌာနသို့တင်ပြအတည်ပြုချက်ယူရသည်။ ဤသို့မူဝါဒ ရေးဆွဲထားခြင်းဖြင့် မည်သည့်အထက်ဌာနအကြီးအကဲဖြစ်စေ၊ ပြတိုက်အကြီးအကဲဖြစ်စေ၊ လူပြောင်းသွားစေဦးတော့ မူပြောင်းစရာ မလိုတော့ပါချေ။

ထို့ကြောင့် ပြတိုက်အသစ်တစ်ခု စတင်ဖွင့်လှစ်တည်ထောင်ရန် ကြံရွယ်သည်ဖြစ်စေ၊ လက်ရှိဖွင့်လှစ်ထားပြီး ပြတိုက်ဖြစ်စေ အနာဂတ်လုပ်ဆောင်မည့် ပြတိုက်လုပ်ငန်းများအတွက် ပြတိုက်မူဝါဒချမှတ်ရေးသည် မဖြစ်မနေ လုပ်ဆောင်ရမည့် အရေးကြီးကိစ္စဖြစ်ပေသည်။ ပြတိုက်အမျိုးအစားအလိုက် မူဝါဒပါအချက်အလက်အချို့ ကွဲပြားနိုင်သော်လည်း အခြေခံအားဖြင့် ပြတိုက်များတွင် ချမှတ်ရန် လိုအပ်သော မူဝါဒများမှာ–

(၁) ပြတိုက်ပစ္စည်းစုဆောင်းရေးမူဝါဒ၊
(၂) ပြတိုက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးမူဝါဒ၊
(၃) မှတ်ပုံတင်မှတ်တမ်းပြုစုရေးသွင်းရေးမူဝါဒ၊
(၄) ပညာပေးရေး မူဝါဒ၊
(၅) ခင်းကျင်းပြသရေးမူဝါဒ၊
(၆) ဝန်ထမ်းရေးရာမူဝါဒ၊
(၇) ပြည်သူများပြတိုက်သို့ရောက်ရှိရေးမူဝါဒ၊
(၈) အများသိရှိနားလည်စေရန်ဖွင့်ဆိုရှင်းပြခြင်းမူဝါဒ၊
(၉) သုတေသနပြုလုပ်ရေးမူဝါဒ၊
(၁၀) လုံခြုံရေးမူဝါဒနှင့်
(၁၁) ဧည့်သည်ဝန်ဆောင်မှုဆိုင်ရာမူဝါဒ ဟူ၍ ဖြစ်ကြသည်။

မူဝါဒများသည် ပြတိုက်၏အခြေခံလုပ်ငန်းဆောင်တာတစ်ခုချင်းစီ အပေါ် ချမှတ်ရန်လိုအပ်ခြင်းမှာ ပြတိုက်အပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုနှင့် အရည်အသွေးပြည့်ဝမှု စံနှုန်းများကို ပြသနိုင်ရန်ပင်ဖြစ်သည်။

**(၁) ပြတိုက်ပစ္စည်းစုဆောင်းရေးမူဝါဒချမှတ်ခြင်း**

ပြတိုက်တစ်ခု၏ စုဆောင်းပစ္စည်းစီမံခန့်ခွဲရေးဆိုင်ရာ အဓိက ကိရိယာတန်ဆာပလာမှာ ပြတိုက်ပစ္စည်းစုဆောင်းရေး မူဝါဒပင်ဖြစ်သည်။ အဆိုပါ မူဝါဒတွင် ထည့်သွင်းရေးဆွဲရန် လိုအပ်သည့်အချက်အလက်များမှာ–

**(က) အများယုံကြည်ကိုးစားမှုနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရေး**

အများပြည်သူ ယုံကြည်ကိုးစားမှုရသည်အထိ ပြတိုက်က ပြည်သူတို့ထံမှ စုဆောင်းထားသောပစ္စည်းများကို ရာသက်ပန်ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟု ကြေညာခြင်း။ အဓိပ္ပာယ်မှာ ပြည်သူထံမှ ယုံကြည်ကိုးစား၍ ပြတိုက်သို့ အပ်နှံသောပစ္စည်းများ မပျောက်အောင် မပျက်စီးအောင် ထိန်းသိမ်းပါမည်ဟု ကတိပြုခြင်းကို မဖြစ်မနေ ထည့်သွင်းရေးဆွဲရသည်။

**(ခ) စုဆောင်းမည့်ပမာဏနှင့် အတိုင်းအတာ သတ်မှတ်ရေး**

ပြတိုက်က စုဆောင်းမည့်ပစ္စည်းများသည် ပြတိုက်၏ မျှော်မှန်းချက်နှင့် လုပ်ပိုင်ခွင့်ဘောင်ထဲမှ ဖြစ်ရမည်ဖြစ်ပြီး မည်သည့် ပမာဏ အရေအတွက်နှင့် အတိုင်းအတာအထိ စုဆောင်းမည်ကို ကြိုတင်သတ်မှတ်ကြေညာခြင်း။ အဓိပ္ပာယ်မှာ သမိုင်းဝင်ပစ္စည်းစုဆောင်းမည်ဆိုပါက မည်သည့်ကာလမှ မည်သည့်ကာလအတွင်း ဖြစ်ရမည်၊ သမိုင်းဝင်နယ်မြေဒေသမှပစ္စည်းသာ ဖြစ်ရမည်ဟု ကြိုတင်သတ်မှတ်ခြင်း။ (ဥပမာပေးရလျှင် ပျူဒေသတစ်ခုခုမှ ရှေးဟောင်းသုတေသနပြတိုက်ဆိုလျှင် ပျူခေတ်ပစ္စည်းကိုသာ စုဆောင်းမည်၊ သရေခေတ္တရာပြတိုက်ဆိုလျှင် သရေခေတ္တရာဒေသမှ ပျူခေတ်ပစ္စည်းကိုသာ စုဆောင်းမည်ဟု မူဝါဒတွင်ဖော်ပြရန်)။ ဘာသာရပ်တစ်ခုခု (သို့) ပြသပစ္စည်းတစ်မျိုးမျိုးကို အဓိကထား၍ ဖွင့်လှစ်သည့် အထူးပြုပြတိုက်အမျိုးအစားဖြစ်ပါက အထူးပြုထားသောပစ္စည်းနှင့် ယင်းနှင့်ဆက်နွယ်သည့် ပစ္စည်းများကိုသာ စုဆောင်းမည်ဟု ဖော်ပြရခြင်း။ (ဥပမာ – ရွှေပြည်နန်းသနပ်ခါးပြတိုက် (ပုဂံ) သည် သနပ်ခါးနှင့်ကျောက်ပျဉ် စသည့်ဆက်စပ်ပစ္စည်းများကိုသာ စုဆောင်းမည်ဟု မူဝါဒတွင် ဖော်ပြရန်) ဖြစ်သည်။

**(ဂ) စုဆောင်းမည့်ပစ္စည်း၏ အရည်အသွေး သတ်မှတ်ရေး**

မိမိပြတိုက်က စုဆောင်းမည့် ပစ္စည်းများသည် မည်သည့်အရည်အသွေးရှိမှ စုဆောင်းမည်ဟူသော ရည်ရွယ်ချက်ကို ဖော်ပြရခြင်း။ (ဥပမာ–အနုပညာ ပစ္စည်းဖြစ်သော ပန်းပု၊ ပန်းချီလက်ရာများ စုဆောင်းပါက Outstanding ဖြစ်သော အထူးလက်ရာမြောက်ကောင်းမွန်သည့် အနုပညာလက်ရာကိုသာ စုဆောင်းမည်။ သမိုင်းဝင်ပစ္စည်းစုဆောင်းပါက တိကျသည့် သမိုင်းခေတ်တစ်ခေတ်ကို ကိုယ်စားပြုနိုင်သောပစ္စည်းဖြစ်ရမည်။ အချို့သမိုင်းဝင်ပစ္စည်းများမှာ ကြီးကျယ်ထင်ရှားသော အဖြစ်အပျက်များ (သို့) လူပုဂ္ဂိုလ်များကို ကိုယ်စားပြုသည့်ပစ္စည်း ဖြစ်ရမည်။ (ဥပမာအားဖြင့်– ဆဋ္ဌသင်္ဂါယနာ အထိမ်းအမှတ်ပြတိုက်တွင် ဆဋ္ဌသင်္ဂါယနာတင်ခဲ့သောကာလက သုံးစွဲခဲ့သည့်ပစ္စည်းများ၊ လှူဒါန်းခဲ့သည့်ပစ္စည်းများ၊ ပါဝင်ခဲ့သောပုဂ္ဂိုလ်များ၏ မှတ်တမ်းဓာတ်ပုံများ၊ ရုပ်ရှင်ဖလင်နှင့် အသံဖိုင်များ စသည်တို့နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သော ပစ္စည်းများ၊ နေအိမ်ပရိဘောဂများ၊ ဖတ်ခဲ့သောစာအုပ်များ စသည်တို့ကိုသာ စုဆောင်းရခြင်းမျိုးကို ဆိုလိုသည်။)

သမိုင်းဝင်ပစ္စည်းစုဆောင်းမှု၏ ထူးခြားချက်မှာ ယင်းပစ္စည်းတည်ရှိခဲ့သော (သို့) ပြုလုပ်ခဲ့သော (သို့) အသုံးပြုခဲ့သော အချိန်ကာလနှင့် နေရာကို အဓိက ရည်ညွှန်းဖော်ပြနိုင်ရမည်။ ဤနေရာတွင် သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံတစ်ခုကို ပြတိုက်အဖြစ်ဖွင့်လှစ်ပါက ယင်းအဆောက်အအုံတွင် မူလကအမှန်တကယ်အသုံးပြုခဲ့သော ပစ္စည်းများ( သို့) ယင်းအဆောက်အအုံတွင်အသုံးပြုခဲ့သည့်ပစ္စည်းနှင့် အမျိုးအစားတူ ပစ္စည်းများကို စုဆောင်းရမည်။ ထို့ပြင် ရှေးဟောင်းပစ္စည်းများဆိုပါက တိကျသော မည်သည့်ခေတ်ကာလတွင် ပြုလုပ်ခဲ့သည် (သို့) ထိုခေတ်က ထိုဒေသတွင် အသုံးပြုခဲ့သည်(သို့) နှစ်မျိုးစလုံးကို သတ်မှတ်နိုင်ရန် ထည့်သွင်းဖော်ပြရန် လိုအပ်သည်။ ထို့အတူ သဘာဝသမိုင်းပစ္စည်းနှင့် သဘာဝသိပ္ပံဆိုင်ရာပစ္စည်းများဆိုလျှင် မည်သည့်မျိုးစိတ်တွင် ပါဝင်သည် (သို့) မျိုးစိတ်တစ်မျိုးစီ၏ ဆင့်ကဲဖြစ်စဉ်တွင် ပါဝင်သည်ကို စနစ်တကျ သိရှိသော ပစ္စည်းဖြစ်မှ စုဆောင်းရမည် စသည်ဖြင့် ပြတိုက်အမျိုးအစား ကွဲပြားသည်အလိုက် မိမိစုဆောင်းမည့်ပစ္စည်း၏ အရည်အသွေးကို ခွဲခြားသတ်မှတ်တတ်ရန်လိုအပ်သလို မူဝါဒတွင်လည်း ထည့်သွင်းဖော်ပြရမည်ဟု ဆိုလိုသည်။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

**(ဃ) မိမိပြတိုက်စုဆောင်းပစ္စည်းတွင် ပါဝင်ရမည့် စံချိန်စံညွှန်းသတ်မှတ်ရေး**

နံပါတ် (ဂ) တွင် ပြောထားပြီးသည့် အရည်အသွေး သတ်မှတ်ချက်အပြင် မိမိပြတိုက်တွင် ခင်းကျင်းပြသနိုင်မည့် အနေအထား (သို့) ပြုပြင်ထိန်းသိမ်းမှုပြုလုပ်နိုင်မည့်အနေအထားတို့ကိုပါ ထည့်သွင်းစဉ်းစားလျက် ပစ္စည်းအရွယ်အစား၊ ပစ္စည်းစစ်မှန်ကြောင်း သက်သေပြနိုင်သော ခိုင်မာမှု၊ ပစ္စည်း၏ မူလဇာစ်မြစ်ဒေသ၊ တရားဝင်ခေါင်းစဉ်ဖြင့် စုဆောင်းရရှိခြင်းတည်းဟူသော တိကျသည့် အချက်အလက်များကို ထည့်သွင်းရေးဆွဲခြင်း၊ ဝယ်ယူစုဆောင်းမည်ဆိုပါက မည်သည့်ငွေကြေးပမာဏအထိ ခွင့်ပြုမည်ဆိုသော ပြတိုက်ပိုင်ပစ္စည်း စုဆောင်းရေးကော်မတီ၏ အတည်ပြုချက်ကိုလည်း စံတစ်ရပ်အဖြစ်ဖော်ပြခြင်း၊ (ဤနေရာတွင် စံချိန်စံညွှန်းသည် ပစ္စည်းတစ်မျိုးနှင့်တစ်မျိုး မတူကွဲပြားမှုအပေါ်မူတည်၍လည်း ထည့်သွင်းစဉ်းစားရပါမည်။ ဥပမာ-မူရင်း စာရွက်စာတမ်းများ၊ မူရင်းတိပ်ခွေများ၊ ပြတိုက်ရှိဘာသာရပ်ဆိုင်ရာ တစ်ခုခုနှင့် ဆက်စပ်နေသော အခြား media ပစ္စည်းများဆိုလျှင် ပြတိုက်ပိုင် မော်ကွန်းတိုက်တွင် ထားရှိရန်ဖြစ်သော်လည်း အဆိုပါ မူရင်းမော်ကွန်းဝင်ပစ္စည်းကို ပုံနှိပ်၍ဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ရရှိလာသည့် မီဒီယာပစ္စည်းဆိုပါက ပြတိုက်ပိုင် စာကြည့်တိုက်တွင်သာထားရှိရန် စုဆောင်းမည့် စံချိန်စံညွှန်းတွင် ထည့်သွင်းဖော်ပြခြင်းတို့ ပါဝင်ရမည်ဖြစ်သည်။

**(င) ပြတိုက်ပစ္စည်းစုဆောင်းမည့် နည်းလမ်းများသတ်မှတ်ရေး**

ပြတိုက်ပစ္စည်းကို မည်သည့်နည်းလမ်းအသုံးပြု၍ စုဆောင်းမည်ဖြစ်ကြောင်း မူဝါဒတွင် အချက်တစ်ချက်အနေဖြင့် ထည့်သွင်းဖော်ပြခြင်း၊ စုဆောင်းရေးနည်းလမ်းအမျိုးမျိုးအနက် နိုင်ငံတကာပညာရှင်များ အသိအမှတ်ပြုသော နည်းလမ်းများမှာ-

၁။ **လက်ဆောင်ရရှိခြင်း**
(တစ်နည်းအားဖြင့်လှူဒါန်းခြင်းကို လက်ခံခြင်း)

၂။ **သေတမ်းစာဖြင့်လွှဲပြောင်းပေးခဲ့သည်ကို လက်ခံခြင်း-** မိမိတို့နိုင်ငံတွင် ခေတ်မစားသော်လည်း ဥရောပတိုက်မှ ထင်ရှားသော ပြတိုက်ကြီးများတွင် ကွယ်လွန်သူ ဆန္ဒအရ သေတမ်းစာဖြင့် ပိုင်ဆိုင်ခဲ့သမျှပစ္စည်းများကို ပြတိုက်သို့ လွှဲပြောင်းလှူဒါန်းခြင်းမျိုး ရှိပါသည်။ ဥပမာ- အင်္ဂလန်နိုင်ငံမှ ရှေးဟောင်းပစ္စည်းစုဆောင်းသူ မစ္စတာအက်ရှ်မိုလီယန်ပိုင် ပစ္စည်းများကို သေတမ်းစာဖြင့် လွှဲပြောင်းရာမှ Oxford University က တစ်စုတစ်စည်းတည်း ရရှိလျက် ပြတိုက်ထူထောင်ခြင်းမျိုး။)

၃။ **ဝယ်ယူစုဆောင်းခြင်း**

၄။ **ကွင်းဆင်းစုဆောင်းခြင်း -** ကွင်းဆင်းစုဆောင်းပိုင်ခွင့်ရှိသည့် အဖွဲ့အစည်း/ ဌာနဆိုင်ရာ၏ လုပ်ပိုင်ခွင့်ဘောင်ထဲမှဖြစ်ရန် လိုအပ်ပါသည်။ ထိုသို့မဟုတ်ပါက ဥပဒေဘောင်ကိုကျော်လွန်၍ စုဆောင်းခြင်း ဖြစ်သွားပါမည်။

၅။ **အခြားပြတိုက်များမှ လွှဲပြောင်းပေးအပ်ခြင်း**

၆။ **အစိုးရစီမံကိန်းတစ်ခုခု (သို့) ယဉ်ကျေးမှု အမွေအနှစ် ကာကွယ်ထိန်းသိမ်းရန် တာဝန်ရှိ အဖွဲ့အစည်း တစ်ရပ်ရပ်မှ စုဆောင်းထားသည်ကို လက်ခံရရှိခြင်း**

**(စ) ပြတိုက်ပစ္စည်းပိုင်ဆိုင်မှုသတ်မှတ်ရေး**

ပစ္စည်းကို လက်ဆောင်(သို့)လှူဒါန်းရာမှ လက်ခံရရှိသည်ဖြစ်စေ၊ ဝယ်ယူစုဆောင်းသည်ဖြစ်စေ မူလပိုင်ရှင်က ပြတိုက်သို့ "ပိုင်ဆိုင်မှုကိုစွန့်လွှတ်ကြောင်း" ဖော်ပြရန် လိုအပ်ခြင်း။ ဤနေရာတွင် အချို့သော နိုင်ငံခြားပြတိုက်ကြီးများ အတွေ့အကြုံအရ အဘိုးလက်ထက် လှူဒါန်းခဲ့သည်ကို (သို့)အဘိုးက သေတမ်းစာဖြင့် လွှဲပြောင်းပေးခဲ့သည်ကို(သို့) ရောင်းချပေးခဲ့သည်ကို အလှူရှင် သက်ရှိထင်ရှား မရှိတော့ချိန်ကျမှ မြေးလက်ထက်တွင် လာရောက်၍ မိမိသဘောမတူကြောင်း ပြောဆိုကာ ပြန်လည်တောင်းခံခြင်းမျိုးကို ဆိုလိုပါသည်။ ထို့ကြောင့် လှူသည်ဖြစ်စေ၊ ရောင်းချသည် ဖြစ်စေ လိုအပ်သော "ပိုင်ဆိုင်မှု စွန့်လွှတ်ကြောင်း "စာရွက်စာတမ်း အထောက်အထားများ၊ ရောင်းချခြင်းဖြစ်ပါက ငွေကြေးတောင်းခံလွှာနှင့် ငွေရပြေစာဖြတ်ပိုင်းများ စသည်တို့ လိုအပ်ခြင်း။ အကယ်၍ လှူဒါန်းခြင်းတွင် လှူဒါန်းသူ၏ အခွန်အခလျှော့နည်းသက်သာရေးနှင့် ပတ်သက်ပါက မူဝါဒတွင် ရှင်းလင်းပြတ်သားစွာ ဖော်ပြပေးရခြင်းတို့ လိုအပ်သည်။

**(ဆ) ကျင့်ဝတ်ဆိုင်ရာတာဝန်ခံရေး**

ပြတိုက်နှင့် ပြတိုက်အုပ်ချုပ်ရေးအဖွဲ့က ပြတိုက်ပစ္စည်းစုဆောင်းရာ၌ နိုင်ငံတော်က (သို့) ပြတိုက်က ပါဝင်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် နိုင်ငံတွင်းဥပဒေများ(သို့) စာချုပ်များနှင့် ငြိစွန်းခြင်းမရှိအောင် တာဝန်ခံရန် လိုအပ်ခြင်း၊ ဤနေရာတွင် တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ရာပစ္စည်းများနှင့် ပတ်သက်သည့်မူဝါဒနှင့် အချို့ပစ္စည်းများကို ပြတိုက်မှ ယင်းပစ္စည်းများ၏ မူရင်းဒေသသို့ ပြန်လည်ရွှေ့ပြောင်းထားရှိပေးခြင်းဆိုင်ရာ မူဝါဒတို့လည်း အပါအဝင်ဖြစ်သည်။ ပြတိုက်အုပ်ချုပ်ရေးအဖွဲ့က အတည်ပြုထားသည့် ကျင့်ဝတ်ဆိုင်ရာလမ်းညွှန်ချက်များတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်ကိုယ်တိုင်ဖြစ်စေ၊ ပြတိုက်ဝန်ထမ်းတစ်ဦးဦးကဖြစ်စေ ပြတိုက်ပစ္စည်းစုဆောင်းလေ့ရှိသော အလေ့အထနှင့် ပတ်သက်၍လည်း ပြတိုက်၏အကျိုးနှင့် ထိပ်တိုက်တွေ့ရန် ရှေ့အလားအလာရှိပါက မည်သို့ပြုမူဆောင်ရွက်ရမည်ကို ဤမူဝါဒထဲတွင် ဖော်ပြရန် လိုအပ်သည်။

**(ဇ) အမျိုးအစားခွဲခြားစုဆောင်းသော ရည်ရွယ်ချက်ကို ဖော်ပြရေး**

ပြတိုက်ပစ္စည်းစုဆောင်းရာတွင်-

၁။ ခင်းကျင်းပြသရန်နှင့် အများနားလည်သဘောပေါက်အောင် ရှင်းလင်းပြသရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းသော **ခင်းကျင်းရေးစုဆောင်းပစ္စည်း**



အမျိုးသားပြတိုက်(ရန်ကုန်)၌ ရှမ်းစော်ဘွားများ၏ ရှားပါးဝတ်စုံများကို ခင်းကျင်းပြသထားစဉ်။

၂။ နှိုင်းယှဉ်လေ့လာရန်နှင့် ခွဲခြမ်းစိတ်ဖြာ သုတေသနပြုရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းသော **လေ့လာရေး စုဆောင်းပစ္စည်း**

၃။ ပထမနှစ်မျိုးအနက် မည်သည့်အမျိုးအစားတွင် ထည့်သွင်းရမည်ကို ဆုံးဖြတ်၍မရသေးသဖြင့် ခေတ္တဆိုင်းငံ့ထားရသော **ဆိုင်းငံ့စုဆောင်းပစ္စည်း**နှင့်

၄။ အနာဂတ်အတွက် မျှော်မှန်း၍ ယနေ့ကပင် စတင်စုဆောင်းသော **ခေတ်ပြိုင်စုဆောင်းပစ္စည်း** - ဟူ၍ လေးမျိုးခွဲခြားသတ်မှတ် စုဆောင်းကြောင်း ဖော်ပြရန်လိုအပ်ခြင်း။

ဤနေရာ၌ ဒုတိယအမျိုးအစားဖြစ်သော **လေ့လာရေးစုဆောင်းပစ္စည်းများ**မှာ ပြတိုက်မှ၊ (သို့) ရှေးဟောင်းသုတေသနဘက်မှ တူးဖော်ရရှိသော အိုးခြမ်းကွဲဖြစ်နိုင်သလို အရိုးအိုးထဲမှတွေ့ရှိသော သက်ရှိသတ္တဝါ မျိုးစိတ်နမူနာ ရုပ်ကြွင်းအစိတ်အပိုင်းကဲ့သို့ ပစ္စည်းကို ဆိုလိုခြင်းဖြစ်သည်။ တတိယအမျိုးအစားဖြစ်သော **ဆိုင်းငံ့စုဆောင်းပစ္စည်း**မှာ နှစ်မျိုးရှိနိုင်ပြီး တစ်မျိုးမှာ ပြတိုက်၏ ပညာပေးရေးအစီအစဉ်တွင် ပါဝင်သည့် **ထိတွေ့ကိုင်တွယ်ခွင့်ပြုသောပစ္စည်း** အဖြစ် အသုံးပြုရန် ရည်ရွယ်ကာ မူရင်းပစ္စည်းကို ပုံစံတူပြုလုပ်ထားသော ပစ္စည်းမျိုးဖြစ်သည်။ နောက်တစ်မျိုးမှာ ပြတိုက်ပိုင် ပစ္စည်းစာရင်းမှ ပယ်ဖျက်ခြင်းပြုလုပ်ရန် တင်ပြထားဆဲဖြစ်သော်လည်း ဆုံးဖြတ်ချက်မကျသေးသဖြင့် ပယ်ဖျက်၍မရခင် ဆိုင်းငံ့ပစ္စည်းစာရင်းထဲ သွင်းထားရခြင်းဖြစ်သည်။

နောက်ဆုံးအမျိုးအစားဖြစ်သည့်ခေတ်ပြိုင်စုဆောင်းပစ္စည်းမှာ ယနေ့အချိန်တွင် မရှားပါးသေး၊ ဈေးလည်း မကြီးသေးသော်လည်း နောင်နှစ် ၂၀ ခန့်ကြာလာသောအခါ ယင်းပစ္စည်းသည် ခင်းကျင်းရေးစုဆောင်းပစ္စည်းစာရင်းသို့ (သို့မဟုတ်) လေ့လာရေး စုဆောင်းပစ္စည်းစာရင်းသို့ ပြောင်းချင်ပြောင်းသွားနိုင်မည်ဖြစ်သကဲ့သို့ ပြတိုက်ပိုင်အဖြစ်မှ ပယ်ဖျက်ခံရသောစာရင်းသို့လည်း ရောက်ရှိသွားနိုင်သည်။ ဆိုင်းငံ့စုဆောင်းပစ္စည်းစာရင်းမှာ တစ်ခါတလေ ပြတိုက်ပစ္စည်းအလှူရှင်အချို့ကြောင့်လည်း ပိုမိုများပြားလာနိုင်သည်။ ယင်းတို့ ပစ္စည်းများ လာရောက်လှူဒါန်းသောအခါ ပြတိုက်က ပြသရန်လိုချင်သော ပစ္စည်းအပြင် မလိုချင်သောပစ္စည်းများလည်း အတူပါလာနိုင်သဖြင့် ပြတိုက်ဝန်ထမ်းများက ပြတိုက်ကလိုချင်သောပစ္စည်းကို ခွဲထုတ်၍လှူရန် စည်းရုံးသင့်သည်။ ထိုသို့စည်းရုံး၍မရဘဲ အားလုံးယူမှလှူမည်၊ ခွဲထုတ်လှူရမည်ဆိုပါက ဘာမျှမလှူတော့ဟု ခေါင်းမာနေသဖြင့် အားလုံးကို လက်ခံယူရမည်ဆိုပါက ပြတိုက်က လိုချင်သောပစ္စည်းသာ ခင်းကျင်းရေး စုဆောင်းပစ္စည်းစာရင်းထဲ ရောက်မည်ဖြစ်ပြီး ကျန်မလိုချင်သောပစ္စည်းအားလုံး ဆိုင်းငံ့စုဆောင်းပစ္စည်းစာရင်းထဲ ရောက်သွားခြင်းအားဖြင့် ပြတိုက်တွင် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန် နေရာအခက်အခဲ ဖြစ်ပေါ်လာနိုင်သည်ကို သတိပြုကာ မိမိတို့မူဝါဒတွင် ထည့်သွင်းရေးဆွဲရမည်ဖြစ်ပေသည်။

**(ဈ) ပြတိုက်ပစ္စည်းမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရေး**

အချို့ပညာရှင်များက ပြတိုက်ပစ္စည်းစုဆောင်းရေးမူဝါဒအောက်တွင် မှတ်ပုံတင်စာရင်းမှပယ်ဖျက်ရေး မူဝါဒပါဝင်နေသည်ကို လက်မခံလိုကြချေ။ သို့ရာတွင် အချို့ကလည်း ပြတိုက်များသည် တစ်သက်လုံး ပယ်ဖျက်စရာပစ္စည်းတစ်ခုမျှမရှိဟု မဖြစ်နိုင်သောဟန်ဆောင်မှုပြုလုပ်နေကြမည့်အစား မလိုချင်သော ပစ္စည်းများကို ရဲရဲဝံ့ဝံ့ စာရင်းမှပယ်ဖျက်သင့်သည်ဟု ဆိုကြပြန်သည်။ မည်သို့ဆိုစေ ပြတိုက်ပစ္စည်းမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကို လွယ်လွယ်ကူကူ ဆောင်ရွက်ခွင့်မပြုသင့်ဘဲ သတိပြုစရာ လုံခြုံရေးနောက်ခံအကြောင်းတရားများကို သေချာစွာဖော်ပြလျက် မရှောင်မလွှဲသာမှ အဆင့်ဆင့်စိစစ်မှုများ၊ အကြိမ်ကြိမ်စစ်ဆေးမှုများ ပြုလုပ်ပြီးမှ ခွင့်ပြုသင့်သည်ဟု ဖော်ပြရန် လိုအပ်သည်။ တစ်နည်းအားဖြင့် စာရင်းမှ ပယ်ဖျက်မည့်ပစ္စည်း၏ စံချိန်စံညွှန်း သတ်မှတ်ထားသင့်ပေရာ ယင်း Criteria တွင် အဆိုပါပစ္စည်းသည် ပြတိုက်၏ လုပ်ပိုင်ခွင့်နယ်ပယ်မှ မဟုတ်ခြင်း၊ အဆိုပါပစ္စည်းကို တရားမဝင်နည်းလမ်းဖြင့် (သို့မဟုတ်) ကျင့်ဝတ်ကျင့်ထုံးကိုကျော်လွန်၍ စုဆောင်းရရှိလာသည်ဟု ယူဆရခြင်း(သို့မဟုတ်) ပစ္စည်းအတုဖြစ်ကြောင်း တွေ့ရှိရခြင်း၊ ပြတိုက်ပစ္စည်းကို မူရင်းဒေသသို့ ပြန်လည်ရွှေ့ပြောင်းပေးပို့ရန် လိုအပ်ခြင်း၊ ပစ္စည်းကို မိတ္တူပွားပြုလုပ်ရာတွင် လိုအပ်သည့်လက်ရာအဆင့်အတန်းမမီခြင်း စသည့်အချက်အလက်များ ပါဝင်ရန် လိုအပ်သည်။

အကယ်၍ ပြတိုက်ပစ္စည်းတစ်ခုကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန် လိုအပ်ပါက ပထမဆုံးစတင်တင်ပြရမည့်သူမှာ ပြတိုက်မှူးဖြစ်သည်။ ပြတိုက်မှူးမှ ညွှန်ကြားရေးမှူး (သို့) ပြတိုက်အကြီးအကဲ၊ ထိုမှ ပြတိုက်အုပ်ချုပ်ရေးအဖွဲ့သို့ ဆင့်ကဲတင်ပြခွင့်ပြုချက်ယူရမည်ဖြစ်သည်။ စာရင်းမှပယ်ဖျက်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း ပြတိုက်မှူးက သေသေချာချာ မှတ်တမ်းတင် ပြုစုထားရမည်ဖြစ်ကာ စာရင်းမှပယ်ဖျက်လိုက်သောပစ္စည်း၏ မှတ်တမ်းအပြည့်အစုံကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်သည်။ စာရင်းမှ ပယ်ဖျက်ရန် လျှောက်ထားသော်လည်း ပြတိုက်တစ်ခု၏ ပစ္စည်းကို နိုင်ငံအတွင်းဖြစ်စေ၊ ပြည်နယ်၊ တိုင်းဒေသကြီးအတွင်းဖြစ်စေ၊ ခရိုင်အတွင်းဖြစ်စေ၊ မြို့နယ်အတွင်းဖြစ်စေ၊ မြို့စည်ပင်နယ်နိမိတ်အတွင်းဖြစ်စေ ပြည်သူပိုင်ဆိုင်သော ပစ္စည်းအဖြစ် သိမ်းဆည်းစေလိုသော ရည်ရွယ်ချက်ဖြင့် စာရင်းမှပယ်ဖျက်ရန် လျှောက်ထားခြင်းကို ငြင်းပယ်ခြင်းပြုနိုင်သည်။

အကယ်၍ စာရင်းမှ ပယ်ဖျက်ခွင့်ရပြီး ပစ္စည်းကိုလည်း အပြီးဖျက်ဆီးရမည်ဆိုပါက ပြတိုက်မှူးသည် ပစ္စည်းဖျက်ဆီးခြင်းကို ညွှန်ကြားရေးမှူးရှေ့မှောက်တွင် ဆောင်ရွက်ရမည်ဖြစ်ကာ သေသေချာချာ မှတ်တမ်းလည်း တင်ထားရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မဟုတ်ဘဲ နိုင်ငံတကာအနေဖြင့် အဆိုပါ စာရင်းမှ ပယ်ဖျက်ခွင့်ရရှိသောပစ္စည်းကို ရောင်းချပါက ရောင်းရငွေကို ပြတိုက်လက်ရှိ လည်ပတ်နေသော ရန်ပုံငွေစာရင်းတွင် ထည့်သွင်း၍မရဘဲ ပစ္စည်းအသစ် ဝယ်ယူရန်အတွက်သာ အသုံးပြုရမည်ဖြစ်သည်။

**(ည) ပြတိုက်ပစ္စည်းငှားရမ်းရေး**

ပြတိုက်၏ ပစ္စည်းငှားရမ်းရေးနှင့် ပတ်သက်၍ ရေရှည်ငှားရမ်းရေးနှင့် ယာယီပြပွဲအတွက် မိမိကသူတစ်ပါးထံမှ ငှားရမ်းခြင်း( သို့) သူတစ်ပါးက မိမိထံမှ ငှားရမ်းခြင်းဆိုင်ရာ ရေတိုငှားရမ်းခြင်းတို့ ကွာခြားမှုရှိသည်။ အမှန်စင်စစ် ရေရှည်ငှားရမ်းသူများကို နောင်ကာလ ကြာရှည်လာသောအခါ ငှားပေးသူမှ လှူဒါန်းပေးသူဖြစ်လာအောင် ဆွဲဆောင်စည်းရုံးရသည်။ ရေတိုငှားရမ်းခြင်း၌ မိမိက သူတစ်ပါးသို့ ငှားရမ်းပေးသော မိမိပစ္စည်းပြတိုက်ပြင်ပသို့ ထွက်ခွာသွားသည့် ငှားရမ်းခြင်းအတွက်ဖြစ်ပါက ငှားရမ်းရန် အတည်ပြုမှု လိုအပ်ချက်အရေးကြီးကြောင်းနှင့် အချို့သတ်မှတ်ပစ္စည်းများမှာ ပြင်ပသို့ လုံးဝထုတ်မငှားသောမူ ချမှတ်ထားရမည်ဖြစ်ကြောင်း ပါရှိရမည့်အပြင် ထုတ်ငှားရာ၌လည်း ပုဂ္ဂလိကတစ်ဦးချင်းသို့ ငှားရမ်းပေးခြင်းမပြုဘဲ ပြတိုက်ကဲ့သို့ အဖွဲ့အစည်းကိုသာ ငှားရမ်းပေးမည်ဖြစ်ကြောင်းလည်း မူဝါဒတွင်ဖော်ပြရန် လိုအပ်သည်။ ငှားရမ်းရာ၌ ငှားရမ်းသောအဖွဲ့အစည်းသည် ပစ္စည်းကိုပြတိုက်တွင် ထားရှိသော အပူချိန်နှင့် စိုထိုင်းဆတူညီမှုအခြေအနေ၊ လုံခြုံရေးနှင့် ပစ္စည်းကာကွယ်ထိန်းသိမ်းရေးအခြေအနေ၊ အာမခံကြေး စသည့်အချက်အလက်များ ပါဝင်သော စာချုပ်ချုပ်ဆိုရမည့်အပြင် ပစ္စည်းကို ငှားရမ်းရန် ထုပ်ပိုးခြင်းနှင့် ငှားရမ်းသောနေရာအရောက်တွင် အထုပ်ဖြေခြင်း အခြေအနေတိုင်း၌ ပစ္စည်းအခြေအနေအစီရင်ခံစာများ ရေးသားပေးရမည် ဟု ပါရှိရမည်ဖြစ်သည်။ ဤမူဝါဒသည် အခြားပြတိုက်၊ အဖွဲ့အစည်းသာမက ငှားရမ်းပစ္စည်း ထုပ်ပိုးသယ်ယူမှု၊ ပြန်ပို့မှု ဆောင်ရွက်ပေးသော ကြားခံဝန်ဆောင်မှု ကုမ္ပဏီအပေါ်ကိုပါ သက်ရောက်မှုရှိစေရမည် ဖြစ်သည်။

**(ဋ) ပြတိုက်ပစ္စည်းတန်ဖိုးဖြတ်ရေး**

ပြတိုက်မှူးများအား ပြတိုက်ပစ္စည်းများကို ငွေကြေးတန်ဖိုးဖြတ်ပေးရန် တောင်းဆိုခြင်းမှ ကာကွယ်သော မူဝါဒဖြစ်သည်။ အထူးသဖြင့် နောင်လှူဒါန်းမှုဖြစ်လာနိုင်ဖွယ်ရှိသော ပစ္စည်းများအတွက် အခွန်လျှော့နည်းသက်သာစေရန် ရည်ရွယ်လျှင် ပြတိုက်မှူးက ငွေကြေးတန်ဖိုးမဖြတ်ပေးသင့်ကြောင်း ထည့်သွင်းရေးသားထားသည့် မူဝါဒဖြစ်သည်။ တစ်ခါတရံတွင်မူ ပြင်ပပေါက်ဈေး အလွန်မြင့်မားနေသော ပစ္စည်းအတွက် မှန်ကန်သောဈေးကွက်တန်ဖိုး သတ်မှတ်ပေးရန် လိုအပ်သည့်အခါမှ တန်ဖိုးဖြတ်ပေးရကြောင်း ဖော်ပြရန် လိုအပ်သည်။

ခြုံငုံပြောရလျှင် ပြတိုက်ကြီးများအတွက် ပြတိုက်ပစ္စည်းစုဆောင်းမှုမူဝါဒ သီးသန့်ရေးဆွဲထားလေ့ရှိသော်လည်း ပြတိုက်ဝန်ထမ်းဦးရေ နည်းပါးလှသော ပြတိုက်ငယ်များအတွက်ကား စုဆောင်းရေးမူဝါဒ၊ မှတ်ပုံတင်စာရင်းသွင်းရေးမူဝါဒ၊ ပစ္စည်းပြုပြင်ထိန်းသိမ်းရေး မူဝါဒ၊ လုံခြုံရေးမူဝါဒတို့ကို စုဆောင်းရေး မူဝါဒအတွင်းတွင် ပစ္စည်းအာမခံစနစ်ပါတစ်ပါတည်း ပါဝင်စေလျက် စုပေါင်းရေးဆွဲထားလေ့ရှိသည်။

ပြတိုက်ပစ္စည်းစုဆောင်းရေးမူဝါဒသည် ပြတိုက်ဝန်ထမ်းမျှသာသိရန် မဟုတ်ဘဲ ပြတိုက်ပစ္စည်းလာရောက်ရောင်းချသူများ၊ ပြတိုက်ပစ္စည်း အလှူရှင်များ၊ ပစ္စည်းငှားရမ်းသူများ စသည့်ဆက်စပ်နေသူအားလုံး သိရှိနားလည်ရန် လိုအပ်သည့်အတွက် Public document ခေါ် ပြည်သူသိရှိအောင် ထုတ်ပြန်ထားသော ထုတ်ပြန်ချက်ဖြစ်ရမည်ဖြစ်ကြောင်း တင်ပြရင်း ပြတိုက်များတွင် ချမှတ်ရမည့် မူဝါဒ ပထမပိုင်းကို နိဂုံးချုပ်လိုက်ပါသည်။ (နောင် ဆက်လက်၍ ပြတိုက်ဆိုင်ရာ အခြားမူဝါဒများကို ရေးသားတင်ပြရန် ရှိသေးကြောင်းကိုလည်း အသိပေးလိုက်ရပါသည်)။ ။

# ရွှေဘို၊ မဘိမ်းနှင့် လောက်ကိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၅**

ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းတွင် သတင်းအရ ရွှေဘိုမြို့ အမှတ်(၅)ရပ်ကွက်ရှိ စားသောက်ဆိုင်အတွင်း ဝင်ရောက်ရှာဖွေရာ ကျော်ကြီး(ခ) ကျော်ကျော်ထွန်းနှင့် နေမင်းဦး(ခ)သားသားတို့အား တွေ့ရှိရပြီး ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၇၄ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ဝ ဒသမ ဝ၅ ကီလို၊ မြန်မာငွေကျပ် ၁၁၅၀၀ နှင့် ဆိုင်ကယ်တစ်စီးတို့ကိုလည်းကောင်း၊

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက် ရန်ကြီးအောင်လမ်းမကြီး ပန်းခြံဘေးတွင် ဇော်မျိုးထက် မောင်းနှင်ပြီး ဝင်းဖြိုးခိုင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၅၁၇ ဒသမ ၅ သိန်း ၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇၀၀ နှင့် စိတ်ကြွဆေးပြားအကြေ ဝ ဒသမ ဝ၆၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ လုံထန်ကျေးရွာအုပ်စု အိုက်ကျော်ကျိုင်းကျေးရွာနေ ချိန်ယုံအန်း၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ဝ ဒသမ ၃၁၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ တို့ကိုလည်းကောင်း၊

ထို့အတူ ဇူလိုင် ၂၃ ရက် ၇ နာရီခွဲတွင် မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာအုပ်စု ပြချောင်းကျေးရွာအနီးတွင် ဝင်းသူ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၇၇၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဇော်မျိုးထက်၊ ဝင်းဖြိုးခိုင်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား/အကြေများနှင့်အတူ တွေ့ရစဉ်။



## စစ်ကိုင်းမြို့နယ်တွင် မီးလောင်မှုကြောင့် နေအိမ် ၁၅ လုံး ဆုံးရှုံး

**စစ်ကိုင်း ဇူလိုင် ၂၅**

စစ်ကိုင်းမြို့နယ် ညောင်ကုန်းကျေးရွာတွင် ဇူလိုင် ၂၄ ရက် ည ၁၁ နာရီ ၁၅ မိနစ်က ဦးစွန်းတင်၏ နေအိမ်တွင် နွားတင်းကုပ်၌ ခြင်ဆေးခွေထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားပြီး နေအိမ် ၁၅ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ နှင့်ဒေသခံပြည်သူတို့သည် ခရိုင်မီးသတ်မှ မီးငြှိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ မြို့နယ်မီးသတ်မှ ရေသယ်ယာဉ်တစ်စီး၊ အုန်းတောနယ်မြေမှ ရေသယ်ယာဉ်တစ်စီး၊ ဆားတောင်နယ်မြေမှ ရေသယ်ယာဉ် တစ်စီး၊ ကျော်ဇေယျာအရန်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်ငြှိမ်းသတ်ကြရာ ဇူလိုင် ၂၅ ရက် နံနက် ၁ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြှိမ်းသတ်နိုင်သည်။

မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မီးဘေးသင့်အိမ်ထောင်စု ၁၅ စုအား အဆိုပါကျေးရွာရှိ မိုးကောင်းဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့ပေးထားပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ မီးကိုပေါ့ဆစွာ အသုံးပြုသည့် ဦးထွန်းတင်အား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မျိုးဝင်း(ပြန်/ဆက်)**

## ရောဝတီမြစ်ရေတိုက်စားမှုကြောင့် မြန်အောင်မြို့နယ် ဘုရားလှကျေးရွာ၌ နေအိမ်နှစ်လုံး ထပ်မံပြောင်းရွှေ့

**မြန်အောင် ဇူလိုင် ၂၅**

ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြန်အောင်မြို့နယ် ရွှေကျင်ကျေးရွာအုပ်စု ဘုရားလှကျေးရွာ ကမ်းနားလမ်း၌ ယနေ့ညနေ ၅ နာရီခန့်က လူနေအိမ်နှစ်လုံး ထပ်မံပြောင်းရွှေ့ခဲ့သည်။

ဘုရားလှကျေးရွာ ကမ်းနားလမ်းတွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် အလျား ပေ ၁၅၀ ၊ အနံ ပေ ၂၀ ခန့် ကမ်းပြိုကျလျက်ရှိရာ မြစ်ကမ်းပါးနှင့် ၁၀ ပေခန့်အကွာတွင် နေထိုင်သော ဦးဘိုအေး(ခ) ဦးအေးမောင်၏ နေအိမ်နှင့် ကိုရဲသူ၏ နေအိမ်တို့ကို ဖျက်သိမ်း၍ ဘေးလွတ်ရာ ဘုရားလှကျေးရွာထိပ်ရှိ ရွှေကျင်အုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်ပိုင် ခြံဝင်းအတွင်းသို့ ရွှေကျင်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ရွှေကျင်အုပ်ချုပ်ရေးမှူး၊ ရွှေကျင်နယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသားများ စုပေါင်း၍ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁၈ ရက်ကလည်း ရွှေကျင်ကျေးရွာအုပ်စု ဘုရားလှကျေးရွာ ကမ်းနားလမ်းတွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် အလျား ပေ ၁၀၀၊ အနံ ၁၀ ပေခန့် ကမ်းပြိုမှုဖြစ်သောကြောင့် မြစ်ကမ်းပါးနှင့် ၁၀ ပေခန့် အကွာတွင် နေထိုင်သော ဦးတင်ကြိုင်၏ အိမ်ကို ဖျက်သိမ်း၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

**ဝင်းမိုလ် (ပြန်/ဆက်)**

## ပြစ်ချက်ဟောင်းရှိသူတစ်ဦးကို စစ်ဆေးရာမှ အင်းစိန်မြို့နယ်အတွင်း ဆိုင်ကယ်ခိုးမှုများ ထပ်မံဖော်ထုတ်နိုင်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးက ကြီးကြပ်၍ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက အင်းစိန်မြို့မရဲစခန်း မယ(ပ)၄၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ-၁၆(ဂ)အမှုမှ ပြစ်မှုကျူးလွန်သူ စည်သူအောင်(ခ)အောင်အောင် သည် အခြားခိုးမှုများ ကျူးလွန်နိုင်ကြောင်း မသင်္ကာ၍ အသေးစိတ် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက်အတွင်း လှည့်လည်သွားလာ၍ လမ်းဘေး၌ ရပ်ထားသော ဆိုင်ကယ် ၁၃ စီးကို ခိုးယူရောင်းချခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်း ဆိုင်ကယ် ၁၃ စီးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ စည်သူအောင်(ခ)အောင်အောင်ကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## မိုးကောင်းချောင်းရေ စိုးရိမ်ရေမှတ်ကျော်လွန်၍ ရေဝင်နေအိမ်များကို ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့

**မိုးကောင်း ဇူလိုင် ၂၅**

ကချင်ပြည်နယ်မိုးကောင်းမြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မိုးကောင်းချောင်းရေ မြင့်တက်လာပြီး စိုးရိမ်ရေမှတ်သို့ ကျော်လွန်ကာ အနိမ့်ပိုင်းရပ်ကွက်ရှိ နေအိမ်များအတွင်း ရေများဝင်ရောက်ခဲ့၍ တာဝန်ရှိသူများက ရေဝင်နေအိမ်များ ရေလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

မိုးကောင်းမြို့နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ညနေ ၃ နာရီ တိုင်းထွာချက်များအရ နန့်ရင်းချောင်းရေသည် စိုးရိမ်ရေမှတ်ထက် ကျော်လွန်ကာ ၆၁၀ စင်တီမီတာသို့ လည်းကောင်း၊ နန့်ကောင်းချောင်းရေသည် စိုးရိမ်ရေမှတ်ထက် ကျော်လွန်ကာ ၆၂၆ စင်တီမီတာသို့ ရောက်ရှိနေကာ ချောင်းနှစ်ချောင်းစလုံး၏ စိုးရိမ်ရေမှတ်မှာ ၆၀၀ စင်တီမီတာဖြစ်သည်။

ချောင်းရေဝင်ရောက်မှုကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုကာ နန့်ရင်းရပ်ကွက် အောင်ချိုင့်ရှိ နေအိမ်လေးလုံးမှ လူဦးရေ ၁၂ ဦးအား အဆိုပါရပ်ကွက်ရှိ ကြေးစဉ္စိတရုတ်ဗုဒ္ဓဘာသာ စာသင်ကျောင်းသို့ ယာယီပြောင်းရွှေ့နေရာချထားပေးပြီး တာဝန်ရှိသူများက ရေဝင်နေအိမ်များကို စာရင်းများကောက်ယူလျက်ရှိသည်။ နေအိမ်များတွင် ရေဝင်ရောက်၍ အရေးပေါ်ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်လိုပါက မြို့နယ်မီးသတ်ဦးစီးဌာန၏ ဖုန်းနံပါတ်ဖြစ်သည့် ၀၇၄၄၀၈၄၂၊ ၀၉-၄၄၄၀၁၃၉၆၁၂၊ ၀၉-၆၉၅၂၂၂၁၉၁ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



## သာကေတမြို့နယ်တွင် နေအိမ်အတွင်း ဝင်ရောက်၍ ငွေများခိုးယူသူတစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၂၅**

သာကေတမြို့နယ် (၈)ရပ်ကွက် ဂန္ဓမာအလယ်လမ်းနေ တရားလို မ-----သည် ဇူလိုင် ၁၉ ရက်က နေအိမ်၌ရှိနေစဉ် အုပ်ချုပ်ရေးမှူးရုံးမှ တရားလို၏ သမီးအမည်ပါ ကျောင်းသားကတ်ထည့်ထားသည့် စလင်းဘတ်အိတ်ကို လမ်းဘေး၌ တွေ့ရှိ၍ သိမ်းဆည်းထားကြောင်း ဖုန်းဆက်အကြောင်းကြားသဖြင့် သွားရောက်ယူဆောင်ရာ စလင်းဘတ်အတွင်း ထည့်ထားသော ငွေကျပ် ၂၂ သိန်းမှာ ပျောက်ဆုံးနေသောကြောင့် ငွေများခိုးယူသွားသူကို စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် သာကေတနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် သာကေတနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူ မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် အုတ်ပုံဆိပ်လမ်းနေ လိပ်ကြီး(ခ)သက်တင်(ခ)သက်တင်အောင် ဖြစ်ပြီး ၎င်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် အုပ်ပုံဆိပ်လမ်း၌ ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# အမေရိကန်နိုင်ငံအတွင်း သုံးစွဲရန်ညွှန်ကြားထားသည့် ဆေးဝါးများကို ဈေးနှုန်းလျှော့ချရန်အမိန့် သမ္မတထရမ့်လက်မှတ်ရေးထိုး

ဝါရှင်တန် ဇူလိုင် ၂၅

**အမေရိကန်နိုင်ငံအတွင်း အသုံးပြုရန်ညွှန်ကြားထားသည့် ဆေးဝါးများကို ဈေးနှုန်းလျှော့ချရန် ရည်ရွယ်သည့် အမိန့်ထုတ်ပြန်ချက်လေးခုကို သမ္မတ ဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။**



သုံးစွဲရန် ညွှန်ကြားထားသည့်ဆေးဝါးများကို ဈေးနှုန်းလျှော့ချရန် လက်မှတ်ရေးထိုးခဲ့သည့် သမ္မတထရမ့်။

ယနေ့ မိမိလက်မှတ်ထိုးလိုက်သည့် အမိန့်ထုတ်ပြန်ချက်လေးခုသည် ပြည်တွင်းရှိ သုံးစွဲရန် ညွှန်ကြားထားသော ဆေးဝါးဈေးကွက်ကို ပြန်လည်ပြင်ဆင်သတ်မှတ် ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သမ္မတထရမ့်က ပြောသည်။

အမိန့် ထုတ်ပြန်ချက်များအရ ပြည်ပမှဈေးနှုန်းချိုသာသည့် ဆေးဝါးများတင်သွင်းခွင့်နှင့် လျှော့ဈေးဖြင့်ရောင်းချခွင့်များကိုလည်း ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

သမ္မတထရမ့်သည် လာမည့်ရက်သတ္တပတ်တွင် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အချို့ဆေးဝါးလုပ်ငန်းကျွမ်းကျင်သူအချို့က ဆေးဝါးများဈေးနှုန်းလျှော့ချရန် သမ္မတထရမ့်၏ လက်မှတ်ရေးထိုးမှုကို အပြင်းအထန်ဝေဖန်ခဲ့ကြပြီး ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် ထိရောက်မှုမရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

သမ္မတထရမ့်၏ လုပ်ရပ်သည် ဆင်ခြင်မှုမဲ့ပြီး လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်- ၁၉ ကူးစက်ရောဂါအပေါ် မိမိတို့၏ တုံ့ပြန်ဆောင်ရွက်နေမှုများကို အနှောင့်အယှက်ဖြစ်စေကြောင်း ပြောကြားခဲ့သည်။

အမေရိကန် ပြည်ထောင်စု၌ ကိုဗစ် -၁၉ စတင်ကူးစက်ဖြစ်ပွားခဲ့ချိန်မှစတင်ကာ သမ္မတထရမ့်၏အစိုးရအဖွဲ့သည် ကိုဗစ်- ၁၉ အခြေအနေများ ပိုမိုဆိုးရွားလာသည့်အတွက် စီမံခန့်ခွဲဆောင်ရွက်မှု ညံ့ဖျင်းသည်ဟုဆိုကာ ပြစ်တင်ဝေဖန်ခံခဲ့ရသည်။

လက်ရှိတွင် အမေရိက၌ ကိုဗစ်- ၁၉နှင့် ဆက်နွယ်သည့် သေဆုံးမှုပေါင်း ၁၄၅၀၀၀ အထိ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ဝေဖန်သူများက အိမ်ဖြူတော်သည် ဆေးဝါးများ ဈေးနှုန်းသတ်မှတ်သည့်မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်ထိန်းချုပ်ထားသည်ဟု ဝေဖန်ခဲ့ကြသည်။

**အေအက်ဖ်ပီ**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူအရေအတွက် ၈၅၀၀၀ ကျော်ရှိလာ

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၂၅**

ဘရာဇီးနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်မှာ ယခုအခါ ၂ ဒသမ ၃ သန်းအထိရှိလာခဲ့ပြီး ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၈၅၀၀၀ ကျော်သွားပြီဖြစ်ကြောင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။



ဘရာဇီးနိုင်ငံရှိ ဆေးရုံတစ်ရုံ၌ ကိုဗစ်-၁၉ လူနာများအား ကုသမှုဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

ဇူလိုင် ၂၄ ရက်တွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ အရေအတွက်မှာ ၅၅၈၉၁ ဦးရှိပြီး နောက်ထပ်သေဆုံးသူ ၁၁၅၆ ဦး ထပ်တိုးလာခဲ့သည်။

သို့ဖြစ်၍ တစ်နိုင်ငံလုံး ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်းမှာ ၂၃၄၃၃၆၆ ဦး ရှိပြီး သေဆုံးသူအရေအတွက် စုစုပေါင်း ၈၅၂၃၈ ဦးအထိ စံချိန်တင်ရောက်ရှိခဲ့သည်။

နိုင်ငံအတွင်း ရောဂါကူးစက်မှု အဆိုးဆုံးခံစားရသည့် ဆောပိုလို၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၄၆၃၂၁၈ ဦး ရှိပြီး သေဆုံးသူ ၂၁၂၀၆ ဦး အထိရှိသည်။

သို့ဖြစ်၍ ကပ်ရောဂါထိန်းချုပ်ရေး စီမံဆောင်ရွက်ချက်များကို လာမည့်ဩဂုတ်လ ၁၀ ရက်အထိ အချိန်ထပ်တိုးလိုက်ကြောင်း အာဏာပိုင်များက ဇူလိုင် ၂၄ ရက်က ကြေညာခဲ့သည်။

ဘရာဇီးနိုင်ငံအတွင်း ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားခဲ့သည့် မတ် ၂၄ ရက်မှစတင်ကာ ကပ်ရောဂါထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်ခဲ့ပြီးနောက် ယခုတစ်ကြိမ်သည် ရှစ်ကြိမ်မြောက် အချိန်ထပ်တိုးခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် မြေပြိုမှုနှင့် မြစ်ရေလျှံမှုများ ဖြစ်ပေါ်နိုင်

**တိုကျို ဇူလိုင် ၂၅**

ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ဇူလိုင် ၂၆ ရက်မှစတင်ကာ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း မိုးလေဝသအာဏာပိုင်များက ခန့်မှန်းခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများနှင့် မြစ်ရေလျှံမှုများဖြစ်ပေါ်နိုင်သည့် အန္တရာယ်ကို သတိပေးခဲ့သည်။ လေထုဆိုင်ရာ တည်ငြိမ်မှုမရှိသည့် အခြေအနေများကြောင့် ဇူလိုင် ၂၅ ရက်တွင် တိုကိုင်းနှင့် ကန်တိုကိုရှင်ဒေသများ၌ မိုးတိမ်များဖွဲ့လျက်ရှိကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအလယ်ပိုင်း အီချီခရိုင် အိုကာဇာကီမြို့တွင် မိုးရွာသွန်းမှုအခြေအနေမှာ တစ်နာရီအတွင်း မိုးရေချိန် ၃၃ မီလီမီတာ ရှိခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ဇူလိုင် ၂၆ ရက် တစ်ရက်လုံး တစ်နာရီလျှင် မိုးရေချိန် ၅၀ မီလီမီတာအထိ ရွာသွန်းဖွယ်ရှိကြောင်း မိုးလေဝသအာဏာပိုင်များက ခန့်မှန်းထားသည်။

ဇူလိုင် ၂၆ ရက် နံနက်ပိုင်းမှစတင်ကာ တိုကိုင်း၌ မိုးရေချိန် ၂၅၀ မီလီမီတာအထိ ရွာသွန်းနိုင်ဖွယ်ရှိပြီး ရှီကိုကူ၌ ၂၀၀ မီလီမီတာအထိ ရွာသွန်းနိုင်ကာ တောင်ပိုင်း ကျူးရှူး၊ ဟိုကူရီကူနှင့် ကန်တိုကိုရှင် ဒေသများတွင် မိုးရေချိန်၁၂၀ မီလီမီတာအထိ ရွာသွန်းနိုင်ဖွယ်ရှိကြောင်းနှင့် မြစ်ရေလျှံမှုနှင့် မြေပြိုမှုများဖြစ်နိုင်သည့် အန္တရာယ်ကိုသတိပြုကြရန် မိုးလေဝသအေဂျင်စီက သတိပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကူမာမိုတိုခရိုင်တွင် ပြီးခဲ့သည့် ဇူလိုင် ၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နေအိမ်များရေနစ်မြုပ်မှုကို တွေ့ရစဉ်။

# ဗီယက်နမ်နိုင်ငံ၌ ရက်ပေါင်း ၁၀၀ အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ တစ်ဦးထပ်တွေ့

**ဟနွိုင်း ဇူလိုင် ၂၅**

ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်း၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှု မတွေ့ရှိရသည်မှာ ရက်ပေါင်း ၁၀၀ နီးပါးသို့ ရောက်ရှိလာပြီးနောက် ဇူလိုင် ၂၅ ရက်တွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ တစ်ဦးကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

နောက်ဆုံးတွေ့ရှိခဲ့သည့် ရောဂါကူးစက်ခံရသူမှာ အသက် ၅၇ နှစ် ရှိပြီဖြစ်သည့် အမျိုးသားတစ်ဦးဖြစ်ပြီး ဒါနန်မြို့မှဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် စုစုပေါင်းမှာ ၄၁၆ ဦးရှိပြီဖြစ်သည်။

တာဝန်ရှိသူများက အဆိုပါ အမျိုးသားနှင့် ထိတွေ့ဆက်ဆံမှုရှိခဲ့သူ ၁၀၀ ကျော်တို့ကို ဗိုင်းရပ်စ်စစ်ဆေးမှုဆောင်ရွက်ခဲ့ပြီး ရလဒ်များအားလုံးတွင် ကိုဗစ်-၁၉ ကူးစက်ခံရမှုမရှိ ကြောင်းကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံရှိ စုစုပေါင်း ရောဂါကူးစက်ဖြစ်ပွားသူ ၄၁၆ ဦးအနက် ၃၆၅ ဦးမှာ ပြန်လည်သက်သာကောင်းမွန်လာပြီဖြစ်ပြီး တစ်နိုင်ငံလုံးတွင် ရောဂါကူးစက်မှုကြောင့် သေဆုံးသူမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၈၆၈ ဦးတွေ့ရှိ၊ သေဆုံးသူ ၄၉ ဦးထပ်တိုးလာ

**ဂျကာတာ ဇူလိုင် ၂၅**

အင်ဒိုနီးရှားနိုင်ငံတွင် ဇူလိုင် ၂၅ ရက်က တစ်ရက်အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ အရေအတွက် ၁၈၆၈ ဦး အထိရှိခဲ့ပြီး ထပ်မံသေဆုံးသူအရေအတွက်မှာလည်းတစ်ရက်အတွင်း ၄၉ ဦး အထိရှိခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရမှုမှ ပြန်ကောင်းလာသူ ၁၄၀၉ ဦး ဆေးရုံမှဆင်းသွားပြီဖြစ်ပြီး စုစုပေါင်းပြန်ကောင်းလာသူအရေအတွက် ၅၅၃၅၄ ဦး ဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ သည် အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ ပြည်နယ်ပေါင်း ၃၄ ခုအထိ ကူးစက်ပျံ့နှံ့လျက်ရှိသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း မြို့တော်ဂျကာတာ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၃၇၆ ဦး၊ အရှေ့ဂျာဗားတွင် ၃၁၀၊ ဂျာဗားအလယ်ပိုင်းတွင် ၁၉၁ ဦး၊ စူလာဝေစီတောင်ပိုင်းတွင် ၁၃၆ ဦး၊ ကာလီမန်တန်တောင်ပိုင်းတွင် ၁၁၈ ဦးနှင့် ဂိုရွန်တာလိုတွင် ၁၀၂ ဦး ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ် - ၁၉ အစောပိုင်းတုံ့ပြန်ဆောင်ရွက်ချက်များတွင် အားနည်းချက်များရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဝန်ခံ

လန်ဒန် ဇူလိုင် ၂၅

**ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က သူ့အစိုးရအနေဖြင့် ကိုဗစ်-၁၉ တိုက်ဖျက်မှု အစောပိုင်းအဆင့်များတွင် ကွဲပြားခြားနားသည့်အရာများကို လုပ်ဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။**

ဘောရစ်ဂျွန်ဆင်က ၎င်းတာဝန်ယူခဲ့သည့်တစ်နှစ်ပြည့် အထိမ်းအမှတ် ဘီဘီစီနှင့် ဇူလိုင် ၂၄ ရက်တွေ့ဆုံမေးမြန်းမှုတွင် ထိုသို့ မှတ်ချက်ပြု ပြောကြားလိုက်ခြင်းဖြစ်သည်။

ဘောရစ်ဂျွန်ဆင်က သူ့အစိုးရသည် ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့် ကနဦးသီတင်းပတ်နှင့် လအနည်းငယ်တွင် ကိုဗစ်- ၁၉ ကို နားမလည်ခဲ့ကြောင်းနှင့် ရောဂါလက္ခဏာမပြဘဲ ကူးစက်မှုကို မကာကွယ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ်က မှန်ကန်သည့်အချိန်တွင် မှန်ကန်သည့်ဆုံးဖြတ်ချက်ကို ရှေးမဆွကဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း ဗြိတိန်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၀၀၀၀ ကျော် လာပြီးနောက် ပြည်သူ့ဝေဖန်မှုများမြင့်တက်လာခဲ့ကြောင်း ပြောသည်။ အဆိုပါ သေဆုံးမှုသည် ဥရောပတွင် အဆိုးဆုံးပမာဏဖြစ်သည်။

ဘောရစ်ဂျွန်ဆင်က အစိုးရသည် နောက်တစ်ဆင့် ကိုဗစ်-၁၉ ပြန့်ပွားမှုကို စစ်ဆေးရန်နှင့် ခြေရာခံမှုများကို ပိုမိုလုပ်ဆောင်သွားရန် ပြင်ဆင်နေကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် တစ်ကိုယ်ရေ ဗိုင်းရပ်စ်ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းများကိုလည်း ပိုမိုထောက်ပံ့သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဘောရစ်ဂျွန်ဆင်က သူ့အနေဖြင့် အဝလွန်ခြင်းနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်အသစ်များကိုလည်း ထပ်မံထုတ်ပြန်မည်ဖြစ်ကြောင်း၊ အဝလွန်ခြင်းသည်လည်း ကိုဗစ်- ၁၉ ကူးစက်ပြီးနောက် စိုးရိမ်ဖွယ်ကောင်းသော အချက်တစ်ချက်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။ ဗြိတိန်ရှိပြည်သူများသည် ဥရောပ၏ တခြားနိုင်ငံများတွင်ရှိသောသူများထက် နည်းနည်းပိုဝကြောင်း သူကပြောသည်။ ထို့အပြင် ပြည်သူများသည် ကျန်းမာကြံ့ခိုင်ကြမည်ဆိုပါက လူမှုဘဝတွင် ပိုမိုပျော်ရွှင်ဖွယ်ကောင်းမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်

အင်န်အိတ်ချ်ကေ

## ကိုဗစ်-၁၉ လူနာများနှင့်ပတ်သက်ပြီး အွန်လိုင်းအသုံးပြုအချက်အလက်မျှဝေသည့်စနစ် ပိုမိုအသုံးပြုနိုင်ရေး ဂျပန်ကျန်းမာရေးဝန်ကြီးဌာန စီစဉ်လျက်ရှိ

**တိုကျို ဇူလိုင် ၂၅**

ကိုဗစ်-၁၉ ကူးစက်ခံထားရသည့် လူနာများနှင့် ပတ်သက်ပြီး အွန်လိုင်းအသုံးပြုပြီး အချက်အလက်မျှဝေသည့်စနစ်ကို ဒေသန္တရကျန်းမာရေးအဖွဲ့များ ပိုမိုအသုံးပြုနိုင်ရန်အတွက် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်နေကြောင်း သိရသည်။

ပြည်သူ့ကျန်းမာရေး အာဏာပိုင်များသည် အဆိုပါ စနစ်ကို မေလနှောင်းပိုင်းမှစတင်ကာ အသုံးပြုခဲ့ကြသည်။ ဗဟိုအစိုးရ၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် နိုင်ငံတစ်ဝန်းတွင်ရှိသည့် ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများကြားတွင် အချက်အလက်မျှဝေရန် အဆိုပါစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါစနစ်တွင် ထည့်သွင်းထားသောသတင်းအချက်အလက်များထဲတွင် ပီစီအာရ်စမ်းသပ်မှုခံယူထားသူများ၏နာမည်နှင့် ၎င်းတို့၏ စစ်ဆေးမှုရလဒ်များ ပါဝင်ကြောင်း သိရသည်။

သို့သော်လည်း ပြည်သူ့ကျန်းမာရေးဌာနများကို စီမံခန့်ခွဲနေသည့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ ၁၅၅ ဖွဲ့တွင် တိုကျိုနှင့် အိုဆာကာရှိအုပ်ချုပ်ရေးအဖွဲ့ ၃၀ ခန့်တွင် အဆိုပါစနစ်ကို ဇူလိုင် ၂၂ ရက်အထိ အသုံးမပြုသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့မှ တချို့သူများက အဆိုပါ စနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရန် အချိန်ယူရန် လိုအပ်သည်ဟု ပြောသည်။ တချို့က ရောဂါကူးစက်ခံထားရသူများ၏ ကိုယ်ရေးအချက်အလက်များကို မည်သို့ကိုင်တွယ်ရမလဲဆိုသည်နှင့်ပတ်သက်ပြီး စိုးရိမ်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားလိုက်သည်။

ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ပညာရှင်များနှင့် ပြည်သူ့ကျန်းမာရေးဌာနအကြီးအကဲများပါဝင်သည့် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းအဖွဲ့က အဆိုပါစနစ်ကို လက်ခံအတည်ပြုရေး အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် ဆွေးနွေးနေကြောင်း သိရသည်။

အဆိုပါ စနစ်တွင် အချက်အလက်များဖြည့်သွင်းရန် တာဝန်ရှိသည့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များဆီမှထင်မြင်ချက်တောင်းခံရန်ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။



ဂျပန်နိုင်ငံ တိုကျိုရှိ ဂျပန်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနရှေ့တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ပြီး လမ်းလျှောက်သွားနေသည့် လမ်းသွား လမ်းလာတစ်ဦးကို တွေ့ရစဉ်။

အင်န်အိတ်ချ်ကေ

## တရုတ်နိုင်ငံက ရုပ်ထွက်မြင့်မားသော မြေပုံဖတ်ဂြိုဟ်တုလွှတ်တင်

**ထိုက်ယွမ် ဇူလိုင် ၂၅**

တရုတ်နိုင်ငံသည် အာကာသအတွင်းသို့ရုပ်ထွက်မြင့်မားသော မြေပုံဖတ်ဂြိုဟ်တုတစ်စင်းကို နိုင်ငံမြောက်ပိုင်း ဆန်းရှီးပြည်နယ် ထိုက်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ယနေ့လွှတ်တင်လိုက်ကြောင်း သိရသည်။

**လွှတ်တင်ခဲ့**

စီယွမ် III 03 ဂြိုဟ်တုကို လောင်းမတ်ချ်ဖိုးဘီ ဒုံးပျံဖြင့် ပေကျင်းစံတော်ချိန် နံနက် ၁၁ နာရီ ၁၃ မိနစ်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့လွှတ်တင်မှုသည် လောင့်မတ်ချ်စီးရီး၏ (၃၄၁) ကြိမ်မြောက် လွှတ်တင်ခြင်းဖြစ်သည်။

**အသုံးပြုသွားမည်**

ဒုံးပျံနှင့်အတူ ဂြိုဟ်တုနှစ်စင်းကိုလည်း သယ်ဆောင်သွားခဲ့ပြီး အလင်းရောင်မရှိသောအရာများကိုရှာဖွေဖော်ထုတ်ခြင်းနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များကို ရှာဖွေစုဆောင်းခြင်းအတွက် အသီးသီး အသုံးပြုသွားမည်ဖြစ်သည်။

**တီထွင်ခဲ့**

ယင်းဂြိုဟ်တုများကို ရှန်ဟိုင်း အာကာသနည်းပညာကုမ္ပဏီက တီထွင်ခဲ့ခြင်းဖြစ်သည်။

စုစုပေါင်း ဂြိုဟ်တုသုံးစင်းသည် သတ်မှတ်ထားသော ဂြိုဟ်ပတ်လမ်းကြောင်းများအတွင်းသို့ ဝင်ရောက်သွားပြီဖြစ်ကြောင်း ထိုက်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ထုတ်ပြန်သော သတင်းအချက်အလက်များအရ သိရသည်။

ဆင်ဟွာ

## အမေရိကန်နိုင်ငံ၏ အခွန်ကောက်ခံမှုများကို ပယ်ဖျက်ပေးရန် ဥရောပသမဂ္ဂက တိုက်တွန်း

**ဘရပ်ဆဲလ် ဇူလိုင် ၂၅**

ပြင်သစ်နိုင်ငံနှင့် စပိန်နိုင်ငံအစိုးရတို့က ခရီးသည်တင်လေယာဉ် တည်ဆောက်ရေး လုပ်ငန်းတွင် စည်းမျဉ်းစည်းကမ်း ချိုးဖောက်၍ ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ခြင်းများကို ပြင်ဆင်လိုက်ပြီဖြစ်သောကြောင့် အမေရိကန်နိုင်ငံအနေဖြင့် လက်တုံ့ပြန်မှုဆန်သည့် အခွန်ကောက်ယူမှုများကို ပယ်ဖျက်ရန် တိုက်တွန်းလိုကြောင်း ဥရောပသမဂ္ဂက ဇူလိုင် ၂၄ ရက်က ကြေညာလိုက်သည်။

ဥရောပသမဂ္ဂ ကုန်သွယ်ရေးကော်မတီအဖွဲ့ဝင် ဖီးလ်ဟိုဂန်က အမေရိကန်နိုင်ငံအစိုးရ၏ ဘိုးရင်းကုမ္ပဏီအပေါ် တရားမဝင်ထောက်ပံ့မှုများအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်ထံ ဥရောပသမဂ္ဂက တရားစွဲဆိုခဲ့ရာတွင် အဖွဲ့ချုပ်က စီရင်ချက်ကို လျင်မြန်စွာ ချမှတ်ခဲ့သည်။

အမေရိကန်နိုင်ငံသည် ဥရောပသမဂ္ဂနှင့် ကျေအေးခြင်း မပြုလုပ်လိုပါက ဥရောပသမဂ္ဂအနေဖြင့် အမေရိကန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့သည့်အခွင့်အရေးအား ထိန်းသိမ်းသွားမည် ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂအနေဖြင့် အမေရိကန်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်မှုကို တရားမျှတပြီး တန်းတူညီမျှသည့်သဘောတူညီချက်ရရှိအောင် ဆောင်ရွက်လိုကြောင်း ပြောကြားသည်။

အမေရိကန်နှင့် ဥရောပသမဂ္ဂကြား လေယာဉ်တည်ဆောက်ခြင်းလုပ်ငန်းတွင် ထောက်ပံ့မှုဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး အငြင်းပွားမှုဖြစ်ပွားနေသည်မှာကာလကြာမြင့်ပြီဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် အမေရိကန်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ချုပ်တွင် တရားစွဲဆိုမှုပြုလုပ်ခဲ့ပြီး ဥရောပသမဂ္ဂက နည်းလမ်းမျိုးစုံဖြင့် ခရီးသည်တင်လေယာဉ်တည်ဆောက်မှုလုပ်ငန်းတွင် တရားမဝင်ဆောင်ရွက်နေသည်ဟု စွပ်စွဲခဲ့သည်။


ပြင်သစ်နိုင်ငံတွင် ကျင်းပသော လေကြောင်းပြပွဲတွင် အဲဘတ်စ်အေ ၃၅၀- ၁၀၀၀ အမျိုးအစား ခရီးသည်တင်လေယာဉ်ပျံသန်းမှုကို တွေ့ရစဉ်။

ထို့နောက် ဥရောပသမဂ္ဂက ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ချုပ်တွင် အမေရိကန်နိုင်ငံအစိုးရက ဘိုးရင်းကုမ္ပဏီအား တရားမဝင်ထောက်ပံ့မှုများ ပြုလုပ်နေကြောင်း တရားစွဲဆိုခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်က အမေရိကန်နှင့် ဥရောပသမဂ္ဂနှစ်ဖက်စလုံးက ၎င်းတို့၏လေယာဉ် တည်ဆောက်မှုလုပ်ငန်းများတွင် တရားမဝင် ထောက်ပံ့မှုများပြုလုပ်ခဲ့သည်ဟု စီရင်ချက်ချမှတ်ခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်မှ စီရင်ချက်ချမှတ်ပြီးနောက် အမေရိကန်နိုင်ငံက လွန်ခဲ့သောနှစ်အောက်တိုဘာ ၁၈ ရက်မှစကာ အီးယူမှ အမေရိကန်သို့ တင်သွင်းသည့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့ပြီး အီးယူ၏ အကြီးစားအရပ်ဘက်သုံး လေယာဉ်များအပေါ် အခွန် ၁၀ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးက အမေရိကန်နိုင်ငံအနေဖြင့် အီးယူမှ တင်သွင်းသော အကြီးစားအရပ်ဘက်သုံး လေယာဉ်များအပေါ် ကောက်ခံသည့်အခွန်ကို ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ မြှင့်တင်လိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဆင်ဟွာ

# ကိုဗစ်ကာလအတွင်း ညှိုးငယ်မှုတွေနဲ့ ဘဝနေဝင်ချိန်ကို စောင့်ဆိုင်းနေသူများ

## ထွန်းသစ်စ

**ဖျားနာမှုတွေက ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ။ ဘယ်အချိန် ဖျားတော့မလဲဆိုတာ မသိဟု အသက် ၇၉ နှစ်အရွယ် ဂူဆက်ပီတက်ဆီက ညှိုးငယ်တဲ့စိတ်၊ နွမ်းလျတဲ့လေသံနဲ့ ပြောလိုက်ပါတယ်။ ဆေးရုံကိုသွားတဲ့ လူနှစ်ယောက် သုံးယောက်လောက်လည်း ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုတာ ကျွန်မသိနေတယ်လို့ တောင်အာဖရိကမြို့တော် ဂျိုဟန်နစ္စဘတ်နဲ့ သိပ်မဝေးတဲ့နေရာ ဂါမစ်တန်မြို့ငယ်လေးရဲ့ ကာဆာဆီရီနာလို့ခေါ်တဲ့ ဘိုးဘွားရိပ်သာမှာ ဘဝရဲ့နေဝင်ချိန်ကို စောင့်နေရရှာတဲ့ အဘွားအို ဂူဆက်ပီတက်ဆီက စိတ်မကောင်းဖွယ် ပြောကြားလိုက်ပါတယ်။**

### ကိုဗစ်ကိုအန်တုရင်း လောကကြီးကို နှုတ်ဆက်

ထိုင်မယ့်သူမရှိဘဲ လွတ်နေတဲ့ ကုလားထိုင်လေးတွေက သေခြင်းတရားရဲ့ ကိုယ်ပိုင်သံစဉ်ကို လှစ်ဟပြလိုက်သလို ဆိတ်သုဉ်းပျောက်ကွယ်ခြင်းရဲ့ ဓမ္မတေးသွားတစ်ခုကို ကျူးရင့်လို့နေပါတယ်။ ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ တောင်အာဖရိကကိုလည်း အလွတ်မပေးခဲ့ပါဘူး။ ကြီးသည်၊ ငယ်သည်မရှိ။ အားလုံးကို သေမင်းခံတွင်းဂဆီတွန်းပို့ဖို့ ငြိုးမာန်ဖွဲ့ ရက်စက်ခဲ့ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သေမင်းကိုအန်တု ရင်ကိုမြေကတုတ်လုပ်ကာ ခါးစည်းခံနေရတဲ့သူတွေကတော့ ဘိုးဘွားတွေပဲဖြစ်ပါတယ်။ အဲဒီဘိုးဘွားရိပ်သာမှာ ဒေသခံအဘိုးအဘွား ၆၄ ဦး နေထိုင်လျက်ရှိပါတယ်။ သူတို့ထဲက ထက်ဝက်နီးနီး လောက်က ကိုဗစ်ကိုအန်တုရင်းလောကကြီးကို လက်ပြနှုတ်ဆက်ခဲ့ပါပြီ။

ဘိုးဘွားရိပ်သာရဲ့ မန်နေဂျာ မာရီယိုဆာရာက ဘိုးဘွား ၁၄ ဦးကတော့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လောကကြီးကို အရှုံးပေးခဲ့ပြီလို့ ပြောကြားလိုက်သလို တခြားသူတွေကလည်း ကိုဗစ်-၁၉ ကပ်ရောဂါရဲ့လက်က ပြေးမလွတ်ခဲ့ပါဘူးလို့ ပြောလိုက်ပါတယ်။ သူကတော့ဘိုးဘွားရိပ်သာကို တာဝန်ယူရသူဖြစ်ပါတယ်။ ကာဆာဆီရီနာဆိုတဲ့ ဘိုးဘွားရိပ်သာဟာ တောင်အာဖရိကရဲ့ လူအထူထပ်ဆုံးပြည်နယ်တစ်ခုဖြစ်တဲ့ ဂူတန်ပြည်နယ်မှာရှိတဲ့ ဘိုးဘွားရိပ်သာများထဲမှ တစ်ခုဖြစ်ပါတယ်။ အဲဒီမှာ ဘိုးဘွားရိပ်သာပေါင်း ၁၇ ခုရှိပါတယ်။ သူတို့ဟာ ကိုဗစ်-၁၉ ရဲ့ ရက်စက်မှုဒဏ်၊ ဖျက်ဆီးမှုဒဏ်ကို အလူးအလဲခံနေရတဲ့နေရာတွေဖြစ်ပါတယ်။

### မညီမျှတဲ့လောကခံတိုက်ပွဲ

အာဖရိကတိုက်ရဲ့ တောင်အာဖရိကတစ်နိုင်ငံလုံးမှာ ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့သူဦးရေဟာ ၄၀၀၀၀၀ ကျော်ရှိခဲ့ပြီး အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ သေဆုံးသူဟာလည်းပဲ အနည်းဆုံး ၆၀၀၀ လောက်ရှိခဲ့ပါတယ်။ ဘိုးဘွားရိပ်သာရဲ့ မန်နေဂျာ မာရီယိုဆာရာဟာ ကံဆိုးစွာနဲ့ ကိုဗစ် -၁၉ ရောဂါကူးစက်ခဲ့ပါတယ်။ သို့သော်လည်း သူဟာ အဲဒီရောဂါဒဏ်ကနေ ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ အသက်တွေကိုကယ်တင်ဖို့ မညီမျှတဲ့ လောကခံတိုက်ပွဲတွေအကြောင်း နာကြည်းစွာနဲ့ သူက ပြောခဲ့ပါတယ်။

မတ်လအစောပိုင်းက သူဟာ တင်းကျပ်တဲ့အသွားအလာကန့်သတ်ပိတ်ဆို့မှုနဲ့ တခြားဆောင်ရွက်ချက်တွေကို လုပ်ဆောင်ခဲ့ရပါတယ်။ သူ့ရဲ့ ခုခံကာကွယ်မှုတွေဟာ တိတ်တခိုးနဲ့အညှာအတာကင်းမဲ့တဲ့ရန်သူတော်ကြီး ကိုဗစ်-၁၉ ကြောင့် ပြိုလဲခဲ့ရပါတယ်။ နှစ်စဉ်နှစ်တိုင်း ဆောင်းတွင်းရောက်ရင် လူတွေသေဆုံးလေ့ရှိတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ ဒါပေမယ့် အခုဟာက သေမင်းစစ်သည်တော်တွေအစုအပြုံလိုက် ဝင်ရောက်တိုက်ခိုက်တာကို ခံနေရသလိုပါပဲလို့ သူက ပြောပါတယ်။ အခုဟာက နေရောင်အောက်မှာလမ်းလျှောက်နေတုန်း အနောက်က ကြီးမားတဲ့လက်သည်းကြီးနဲ့ သနားညှာတာမှုကင်းမဲ့စွာ ကုတ်ယူသွားသလိုပါပဲ။ ဘာဖြစ်လို့ ဖြစ်လိုက်မှန်းတောင် သိလိုက်မှာ မဟုတ်ပါဘူးလို့ သူကဥပမာပေးတင်စားပြောကြားလိုက်ပါတယ်။

### ကိုဗစ်-၁၉ ရက်တွေကို အားငယ်စွာဖြတ်သန်း

ဘိုးဘွားရိပ်သာထဲမှာရှိတဲ့ ဘိုးဘွားတွေကို တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကိုဗစ် - ၁၉ အသွားအလာကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်လိုက်တဲ့ မတ် ၂၇ ရက်ကစပြီး ဘယ်မှမသွားကြတော့ပါဘူး။ သူတို့တွေဟာအကြောက်တရားတွေ၊ အထီးကျန်မှုတွေ၊ စိတ်ဓာတ်ခွန်အားကျဆင်းမှုတွေနဲ့ ကိုဗစ်-၁၉ ရက်တွေကို ဖျော့တော့အားငယ်စွာ ဖြတ်သန်းနေခဲ့ကြရပါတယ်။ သူတို့တွေဟာ မကြာခဏဆိုသလို ငါသေတော့မှာလား၊ ငါပိုးတွေ့လူနာဖြစ်ပြီလား၊ ငါ ကူးစက်မခံရသေးဘူးလား စသည်ဖြင့် မေးလေ့ရှိပါတယ်။ ကူကယ်ရာမဲ့တဲ့ဘဝ နေဝင်ချိန်မှာ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်အောင် ဘယ်အရာက အာမခံချက်ပေးနိုင်မလဲ။

အီတလီအုပ်စုက စီမံခန့်ခွဲနေတဲ့ အဲဒီဘိုးဘွားရိပ်သာမှာ အီတလီဒုတိယကမ္ဘာစစ်က အကျဉ်းသားတွေနဲ့ ၁၉၆၀ ပြည့်လွန်နှစ်များနဲ့ ၁၉၇၀ ပြည့်လွန်နှစ်များမှာ သူတို့ရဲ့ ကံကြမ္မာကိုလိုက်ရှာရင်း တောင်အာဖရိကကို ရောက်လာတဲ့ ရွှေ့ပြောင်းအခြေချသူတွေ ရှိကြပါတယ်။ အီတလီယဉ်ကျေးမှုပုံစံဟာ အဲဒီရိပ်သာမှာ ပျံ့နှံ့လျက်ရှိပါတယ်။ အီတလီအငွေ့အသက်ပါတဲ့ အစားအစာ၊ ဘာသာစကားနဲ့ မိသားစုအပေါ်ကြီးမားတဲ့သံယောဇဉ်ထားရှိမှုပုံစံတွေဟာ အဲဒီရိပ်သာအတွင်းမှာ ဆွတ်ပျံ့လျက်ရှိပါတယ်။



တောင်အာဖရိကရှိ ဘိုးဘွားရိပ်သာတစ်ခုတွင် သက်ကြီးဘိုးဘွားများအား စောင့်ရှောက်မှုပေးနေသည်ကို တွေ့ရစဉ်။

> "သူတို့တွေဟာ အကြောက်တရားတွေ၊ အထီးကျန်မှုတွေ၊ စိတ်ဓာတ်ခွန်အားကျဆင်းမှုတွေနဲ့ ကိုဗစ်-၁၉ ရက်တွေကို ဖျော့တော့အားငယ်စွာ ဖြတ်သန်းနေခဲ့ကြရပါတယ်။ သူတို့တွေဟာ မကြာခဏဆိုသလို ငါသေတော့မှာလား၊ ငါပိုးတွေ့လူနာဖြစ်ပြီလား၊ ငါ ကူးစက်မခံရသေးဘူးလား စသည်ဖြင့် မေးလေ့ရှိပါတယ်။ ကူကယ်ရာမဲ့တဲ့ဘဝ နေဝင်ချိန်မှာ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်အောင် ဘယ်အရာက အာမခံချက်ပေးနိုင်မလဲ"

### မလွန်ဆန်နိုင်

ကိုဗစ် - ၁၉ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေ ရှိနေသေးတဲ့အတွက် ဧည့်သည်တွေကိုတော့ ကန့်သတ်ချက်တွေနဲ့ ခွင့်ပြုပေးနေတာတွေရှိပါတယ်။ တချို့ဒေသခံတွေဟာ သူတို့ချစ်ခင်ရသူတွေနဲ့စကားစမြည်ပြောဖို့ အချိန်သုံးလကျော်စောင့်ဆိုင်းခဲ့ရပါတယ်။ နိုင်ငံတကာသတင်းများ ကြည့်ခြင်းဟာ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာအခြေအနေတွေ ပြန်လည်ကောင်းမွန်လာအောင် စွမ်းဆောင်နိုင်မယ်မထင်ပါဘူး။

ယခုနှစ်အစပိုင်းမှာ ကိုဗစ် -၁၉ ကူးစက်ပြန့်ပွားမှုသတင်းတွေကို ရုပ်မြင်သံကြားမှတစ်ဆင့် သူတို့တွေ ကြည့်ရှုခဲ့ကြပါတယ်။ ကိုဗစ် -၁၉ ဟာ တောင်အာဖရိကနိုင်ငံကို ကူးစက်ပျံ့နှံ့လာတဲ့အခါမှာတော့ အဲဒီမှာရှိတဲ့ အီတလီ ဘိုးဘွားရိပ်သာတွေဟာ ကိုဗစ် - ၁၉ ရဲ့ စစ်တလင်းဖြစ်ခဲ့ပြီး သက်ကြီးနိုင်ငံသားတွေ အတော်များများဟာ ကိုဗစ် -၁၉ ရောဂါရဲ့ ဖိစီးနှိပ်စက်ခြင်းကို မလွန်ဆန်နိုင်ခဲ့ပါဘူး။

### ပျော်ရွှင်စရာကောင်းတဲ့ရက်တွေကို တောင့်တ

ပထမပိုင်းမှာတော့ အီတလီနိုင်ငံဟာ ဥရောပမှာ ကိုဗစ် - ၁၉ ဒဏ်ခံရတဲ့ အဆိုးရွားဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပါတယ်။ နောက်ပိုင်းမှာ အီတလီဟာ အဲဒီဒဏ်ကနေ လွတ်မြောက်လာခဲ့ပါတယ်။ အခုတော့ တောင်အာဖရိကဟာ အီတလီနိုင်ငံလိုမျိုးဖြစ်လာတော့မယ့်အခြေအနေကို ရောက်ရှိနေပါတယ်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှု အမြင့်ဆုံးအခြေအနေကို စတင် ရောက်ရှိနေပြီလို ဆိုရမလိုဖြစ်နေပါတယ်။

ကိုဗစ်-၁၉ ကူးစက်မှုစစ်ဆေးခြင်းတွေဟာ ဘိုးဘွား ရိပ်သာလိုမျိုးနေရာမျိုးမှာတော့ သိပ်ပြီးတော့ အရာမထင်လောက်ပါဘူး။ ရောဂါရှိတယ် ဒီလောက်ပါပဲ။ ဂရုစိုက်မှုကြပ်ကြပ်မတ်မတ်မရှိတဲ့ပုံစံဟာ သူတို့ရဲ့ ကိုယ်ခံအားစနစ်ကိုလည်း တိုးတက်စေမယ်မထင်ပါဘူး။ တစ်စုံ တစ်ယောက်က ချောင်းဆိုးခဲ့မယ်ဆိုပါက သူ့ကို သွားတောင်မထိပါဘူး။ အဲဒါက မကြာမီတောမီးလို ပျံ့နှံ့သွားနိုင်ပါတယ်။ ဘိုးဘွားရိပ်သာမှာရှိသူတွေဟာ သူတို့ရဲ့ အခန်းကထွက်ခွာရမှာ အလွန်ကို ကြောက်ရွံ့နေကြပါတယ်။ ယုတ်စွအဆုံးအပျင်းပြေ ကစားတာတွေကိုတောင် မလုပ်တော့ပါဘူး။ နေ့လယ်ပိုင်းမှာ ကျွန်တော်တို့တွေ အပြင်ကိုထွက်ပြီး ကစားလေ့ရှိပါတယ်။ အခုတော့ အိပ်နေဖို့ကလွဲပြီး ဘာမှမတတ်နိုင်ဘူးလို့ အသက် ၈၈ နှစ်အရွယ်ရှိ အက်စ်တရီနာ ဆာတိုရီက ပြောပါတယ်။

သူတို့ဆီလာလည်ကြတဲ့ သူတို့ရဲ့သွေးရင်းသားရင်းတွေဟာလည်း သူတို့နဲ့ ထိတွေ့စကားပြောလို့မရပါဘူး။ ပြတင်းပေါက်ကတစ်ဆင့် အချိန်အကန့်အသတ်နဲ့ ပြောရ ပါတယ်။ သူတို့ဟာ ပျော်ရွှင်စရာကောင်းတဲ့နေ့ရက်တွေကို တောင့်တနေကြပါတယ်။ သူတို့တွေဟာ ဒီလိုပဲ ပြီးဆုံးသွားကြမလားဆိုတာကတော့ ကိုဗစ် - ၁၉ ဘယ်လောက်ကြာအောင် ဆက်လက်ဖြစ်ပွားနေဦးမလဲ ဆိုတဲ့အပေါ် မူတည်နေပါတယ်။ ။

ကိုးကား-အေအက်ဖ်ပီ

---

# နိုင်ငံတကာသတင်းတိုထွာ

## တရုတ်-မြောက်ကိုရီးယားကုန်သွယ်ရေး ကိုဗစ်-၁၉ ကြောင့် ၆၇ ရာခိုင်နှုန်းကျော်ကျဆင်း

ပေကျင်း ဇူလိုင် ၂၅

၂၀၂၀ ပြည့်နှစ်ပထမနှစ်ဝက်အတွင်း မြောက်ကိုရီးယားနိုင်ငံမှ တင်ပို့သည့် ပို့ကုန်တန်ဖိုးသည် လွန်ခဲ့သောနှစ်ကထက် ၇၄ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တရုတ်အကောက်ခွန်အရာရှိများက ပြောကြားလိုက်သည်။

၂၀၂၀ ပြည့်နှစ် ပထမခြောက်လအတွင်း မြောက်ကိုရီးယားနိုင်ငံမှ တရုတ်သို့ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂၇ သန်းကျော်ရှိခဲ့သည်ဟု တရုတ်အကောက်ခွန်အရာရှိများက ဆက်လက်ပြောကြားသည်။

ပထမခြောက်လအတွင်း နှစ်နိုင်ငံကြားသွင်းကုန်နှင့်ပို့ကုန်စုစုပေါင်းတန်ဖိုးသည် ၆၇ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၄၁၀ အထိ ကျဆင်းခဲ့သည်ဟု အရာရှိများက ပြောကြားသည်။

ကိုဗစ် -၁၉ ကြောင့် မြောက်ကိုရီးယားသည် နှစ်နိုင်ငံကြား လေကြောင်းနှင့် မီးရထားခရီးစဉ်များကို ခြောက်လကြာ ဆိုင်းငံ့ထားသောကြောင့် ယခုလို ကျဆင်းသွားခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

## မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၂၃ ဦးတွေ့ရှိ

ကွာလာလမ်ပူ ဇူလိုင် ၂၅

မလေးရှားနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၃ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၈၈၄ ဦး အထိ ရှိလာကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗတူလာက ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၂၃ ဦး အနက် ခြောက်ဦးမှာ နိုင်ငံခြားမှပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၇ ဦးမှာ ဒေသတွင်းကူးစက်ဖြစ်ပွားသူများဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

ကျန်းမာရေးအာဏာပိုင်များက ကိုဗစ်-၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှု နေရာနှစ်နေရာကို အတည်ပြုခဲ့ပြီး ၎င်းတို့အနက်တစ်ခုမှာ ဂျိုဟောပြည်နယ်ရှိ ဘာသာရေးအဆောက်အအုံဖြစ်ပြီး တခြားတစ်ခုမှာ မြောက်ပိုင်းဘော်နီပြည်နယ် ဆာရာဝပ်ရှိ ဆောက်လုပ်ရေးကုမ္ပဏီဖြစ်သည်။

နောက်ထပ် ၁၇ ဦး ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာပြီးနောက် ဆေးရုံမှဆင်းသွားသူပေါင်း ၈၅၉၄ ဦး ရှိခဲ့သည်။ စောင့်ကြည့်လူနာအသစ် ၁၆၇ ဦးရှိကြောင်း၊ သုံးဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး နှစ်ဦးမှာ အသက်ရှူအထောက်အကူရရှိရန် လိုအပ်ကြောင်း သိရသည်။ မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် စုစုပေါင်းသေဆုံးသူ ၁၂၃ ဦး ရှိခဲ့သည်။

ဆင်ဟွာ

# မိမိကိုယ်ကို သတိဖြင့်နေထိုင်ခြင်းသည် လွန်စွာအရေးကြီး

ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုပုံစံသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံကွာခြားသည်ဟု ပြောဆိုကြပါကြောင်း၊ တစ်နေရာနှင့် တစ်နေရာအပေါ်အခြေခံ၍ ပြောင်းလဲသွားပါကြောင်း၊ မိမိတို့နိုင်ငံတွင် အများစုသည် ရောဂါလက္ခဏာပြသခြင်းမရှိဟု ပြောကြပါကြောင်း၊ ထိုသို့ လက္ခဏာမပြခြင်းသည် အလွန်ကြောက်မက်ဖွယ်ဖြစ်ပါကြောင်း၊ လက္ခဏာပြသသဖြင့် မြင်တွေ့ရလျှင် ရှောင်တိမ်း၍ရပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါလက္ခဏာ လုံးဝမပြသဖြင့် ရှောင်တိမ်း၍မရပါကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကို သတိဖြင့်နေထိုင်ခြင်းသည် လွန်စွာအရေးကြီးပါကြောင်း။



**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၃၀–၆–၂၀၂၀ ရက်နေ့တွင် COVID –19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန် ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

## ပုလဲမြို့နယ်၌ အခြေခံလူတန်းစားအိမ်ထောင်စု ၃၂၈၈၀ အတွက် ထောက်ပံ့ငွေများ ပြည်သူ့လက်ဝယ်အရောက်ပေးအပ်

ပုလဲ ဇူလိုင် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ နိုင်ငံတော်အစိုးရက ကိုဗစ်–၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း နိုင်ငံတစ်ဝန်းလုံးရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား တတိယအကြိမ် ထောက်ပံ့မှုအနေဖြင့် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ကို ပြည်သူ့လက်ဝယ်အရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင် ထံက သိရသည်။



တတိယအကြိမ် ထောက်ပံ့မှုအနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၁ စုရှိ အိမ်ထောင်စု ၃၂၈၈၀ အတွက် ထောက်ပံ့ငွေကျပ်သိန်း ၆၅၇၆၀၀၀၀၀ ကို ပြည်သူ့လက်ဝယ်အရောက် ထောက်ပံ့ပေးလျက် ရှိကြောင်း၊ ထောက်ပံ့ငွေပေးအပ်ရာတွင် ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ ဝန်ထမ်းများအပါအဝင် ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ အုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုဝင်များထံ လက်ဝယ်အရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ဆက်လက် ပြောကြားသည်။

ပုလဲမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများအား ပထမအကြိမ်ထောက်ပံ့မှုအနေဖြင့် ရိက္ခာငါးမျိုးကို အိမ်ထောင်စု ၁၀၂၀၃ စု အတွက် ထောက်ပံ့ပေးနိုင်ခဲ့ပြီး ဒုတိယအကြိမ် ထောက်ပံ့မှုအနေဖြင့် ကျေးရွာအုပ်စု ၅၉ အုပ်စုမှ ကျေးရွာ ၁၉၁ ရွာအတွင်းရှိ အိမ်ထောင်စု ၂၂၆၇၇ စု အတွက် ငွေကျပ်သိန်း ၃၄၀၁၅၅၀၀၀ ကိုဇုန်လေးဇုန်သတ်မှတ်ကာ ထောက်ပံ့ပေးကြောင်း၊ ယခု တတိယအကြိမ် ထောက်ပံ့မှုအနေဖြင့် ပြည်သူ့လက်ဝယ်အရောက် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးထံက သိရသည်။

**မွေးကြူဇင်**

## COVID – 19 Call Center
## အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၅**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ် ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ငါးသယံဇာတထိန်းသိမ်းရေးနှင့် အခြေခံငါးမွေးမြူရေးသင်တန်းဖွင့်

ပွင့်ဖြူ ဇူလိုင် ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ ပွင့်ဖြူမြို့နယ် ကန်ပြည့်ကျေးရွာအုပ်စု ကန်ပြည့်ကျေးရွာရပ်/ကျေးအုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၃ ရက်က ငါးသယံဇာတထိန်းသိမ်းရေးနှင့် အခြေခံငါးမွေးမြူရေးသင်တန်းကို ငါးလုပ်ငန်းဦးစီးဌာန ခရိုင်/မြို့နယ်နှင့် ပွင့်ဖြူငါးလုပ်ငန်းစခန်းတို့မှ ပူးပေါင်းဖွင့်လှစ်ခဲ့ရာ ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**





# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၅-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၂၄-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၄၂)ခုတွင်–
  - COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၅-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၆) ဦးရှိပါသည်။

၃။ (၂၄-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၀၁၆) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၅၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၉၇) ခု
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၃) ခု
- စုစုပေါင်း (၁,၄၇၁) ခုအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၅-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၄-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၄၂) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၅-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၅-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၆၄၈)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၈၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၉၇) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊

  စုစုပေါင်း (၁၁၈၁)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
  - COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၂။ (၂၅-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၄၈) ဦးရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂) ဦး (Case– 212, 318) ရှိသဖြင့် စုစုပေါင်း(၂၈၈) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၆၉) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၄-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၅-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၀) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၅-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၅-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၄၈) ခု |
| (၂၅-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၀) ခု |
| (၂၅-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၇) ခု |
| (၂၅-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၅-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၃၄၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၂၈၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၅-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 347 | ၆၅ နှစ် | မ | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အမေရိကန်) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဗဟန်းမြို့နယ်) |
| 348 | ၃၆ နှစ် | ကျား | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | ခရိုင်ပြည်သူ့ဆေးရုံကြီး၊ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တော မြို့နယ်) |

# ရေနီမြို့ရှိ အထည်ချုပ်စက်ရုံများမှ အလုပ်သမား ၃၀၀၀ ကျော်အား လူမှုဖူလုံရေးအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်




**ရေတာရှည် ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ရှိ အထည်ချုပ်စက်ရုံနှစ်ရုံမှ အလုပ်သမား ၃၀၀၀ ကျော်အား ကိုဗစ် – ၁၉ ကာလ ၁၃ ရက်ကြာစက်ရုံများ ပိတ်ခဲ့ရသည့်အတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက Myanmar Sumec Win Win Co.,Ltd. စက်ရုံခန်းမတွင် ပြုလုပ်ရာ တိုင်းဒေသကြီးလွှတ်တော် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ကျော်က အမှာစကားပြောကြားပြီး တောင်ငူမြို့နယ် လူမှုဖူလုံရေးရုံး(ခွဲ)တာဝန်ခံ ဒေါ်တင်စိုးနွယ်က လူမှုဖူလုံရေးအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်ရခြင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Myanmar Sumec Win Win Co.,Ltd. စက်ရုံမှ အလုပ်သမား ၁၂၁၈ ဦးအတွက် ငွေကျပ် ၂၉၃၇၆၂၅၀ ကျပ်နှင့် ၈၀ ပြားကို လည်းကောင်း၊ Myanmar Sumec Win Win Co.,Ltd. စက်ရုံမှ အလုပ်သမား ၁၇၉၀ အတွက် ငွေကျပ် ၃၇၉၈၈၇၉၄ နှင့် ၄၈ ပြားကို လည်းကောင်း ဒေါက်တာကျော်ကျော်က ပေးအပ်ရာ စက်ရုံတာဝန်ရှိသူက လက်ခံရယူသည်။ **(ယာပုံ)**

**ကိုလွင် (ဆွာ)**

# ကိုဗစ်-၁၉ ရောဂါပိုးရှိသူ နှစ်ဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၄၈ ဦး ရှိပြီ

နေပြည်တော် ဇူလိုင် ၂၅

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ နှစ်ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၄၈ ဦး ရှိပြီဖြစ်ပြီး ပိုးတွေ့ရှိသူနှစ်ဦးမှာ အမေရိကန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦး ဖြစ်သည်။

ရောဂါပိုးတွေ့ရှိသူ ၃၄၈ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ ၂၈၈ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၆၉ ဦးနှင့် ဇူလိုင် ၂၄ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၂၅ ရက်မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၀ ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၀၉၃၃၄ | ၃၄၈ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၈၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၆၅၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၆၉ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၆ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၄ | |
| ၉ | ကရင် | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၃၄၈ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၅-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၅-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၂၄၉၇၇၉ | ၂၀၂၈၃၆၁ | ၁၄၈၅၂၁ |
| ၂။ | ဘရာဇီး | ၂၃၄၈၂၀၀ | ၁၅၉၂၂၈၁ | ၈၅၃၈၅ |
| ၃။ | အိန္ဒိယ | ၁၃၅၁၁၆၄ | ၈၅၇၉၇၆ | ၃၁၅၄၂ |
| ၄။ | ရုရှား | ၈၀၆၇၂၀ | ၅၉၇၁၄၀ | ၁၃၁၉၂ |
| ၅။ | တောင်အာဖရိက | ၄၂၁၉၉၆ | ၂၄၅၇၇၁ | ၆၃၄၃ |
| ၆။ | မက္ကဆီကို | ၃၇၈၂၈၅ | ၂၄၂၆၉၂ | ၄၂၆၄၅ |
| ၇။ | ပီရူး | ၃၇၅၉၆၁ | ၂၅၉၄၂၃ | ၁၇၈၄၃ |
| ၈။ | ချီလီ | ၃၄၁၃၀၄ | ၃၁၃၆၉၆ | ၈၉၁၄ |
| ၉။ | စပိန် | ၃၁၉၅၀၁ | စိစစ်ဆဲ | ၂၈၄၃၂ |
| ၁၀။ | ဗြိတိန် | ၂၉၇၉၁၄ | စိစစ်ဆဲ | ၄၅၆၇၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၅- ၇ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၇၂၈၆ | ၅၅၃၅၄ | ၄၇၁၄ |
| ဖိလစ်ပိုင် | ၇၈၄၁၂ | ၂၅၇၅၂ | ၁၈၉၇ |
| စင်ကာပူ | ၄၉၈၈၈ | ၄၅၁၇၂ | ၂၇ |
| မလေးရှား | ၈၈၈၄ | ၈၅၉၄ | ၁၂၃ |
| ထိုင်း | ၃၂၈၂ | ၃၁၀၉ | ၅၈ |
| ဗီယက်နမ် | ၄၁၇ | ၃၆၅ | ၀ |
| မြန်မာ | ၃၄၈ | ၂၈၈ | ၆ |
| ကမ္ဘောဒီးယား | ၂၀၂ | ၁၄၂ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

## မြန်မာရွှေ့ပြောင်းအလုပ်သမား မိသားစုခြောက်ဦး ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်

ကော့သောင်း ဇူလိုင် ၂၅

မြန်မာရွှေ့ပြောင်း အလုပ်သမား မိသားစုခြောက်ဦး ယမန်နေ့ မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှ တစ်ဆင့် ကော့သောင်းမြို့သို့ ရေလမ်းခရီးမှ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ မိသားစုများမှာ ကော့သောင်းမြို့ခံ အမျိုးသမီးသုံးဦးနှင့် ကလေးငယ် သုံးဦးဖြစ်ကာ ကိုဗစ်-၁၉ ကာလ မဖြစ်မီအချိန်က ပြည်ပတွင် အလုပ်လုပ်ကိုင်နေသည့် ဆွေမျိုးများထံ အလည်အပတ် သွားရင်း ကိုဗစ်-၁၉ ထိန်းချုပ်မှုကာလအတွင်း ရနောင်းမြို့တွင် ပိတ်မိနေခဲ့ကြသူများဖြစ်ပြီး မြန်မာနိုင်ငံအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာသင်ကြားနိုင်ရန် တနင်္သာရီတိုင်းဒေသကြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေး ကော်မတီ၏ ကြီးကြပ်ညှိနှိုင်းမှု၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံအလုပ်သမားသံရုံး၏ အကူအညီဖြင့် အုပ်ထိန်းသူများနှင့်အတူ ပြန်လည် ဝင်ရောက်လာကြသူများ ဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသည့် မိသားစုဝင်များအား ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက ရောဂါသံသယရှိသူများနှင့် ကူးစက်ခံရသူများ ပါဝင်လာခြင်း ရှိမရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်း ရှိ မရှိ စစ်ဆေးလက်ခံခဲ့ကြပြီး ကော့သောင်းမြို့၌ ဟိုတယ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်း ၂၁ ရက်နှင့် အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်း ခုနစ်ရက်ထားရှိစောင့်ကြည့်ကာ ၎င်းတို့၏ တံတွေးနမူနာများကို အမျိုးသား ကျန်းမာရေးဌာနသို့ ပေးပို့၍ ဓာတ်ခွဲစစ်ဆေးမည်ဖြစ်ကြောင်းလည်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**



နယ်စပ်ဂိတ်မှ ပြန်လည် ဝင်ရောက်လာသည့် ကလေးတစ်ဦးအား ကျန်းမာရေး စစ်ဆေးစဉ်။

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

( ခ ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

( ဂ ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀)ကြာအောင် စနစ်တကျမကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မြို့သစ်မြို့နယ်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် စပါးမျိုးသန့်ထုတ် လုပ်ငန်းဆောင်ရွက်



မြို့သစ် ဇူလိုင် ၂၅

ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် လယ်ယာကုန်ထုတ် လုပ်ငန်းများအပေါ် ထိခိုက်မှုမရှိစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖူလုံစွာအသုံးပြုနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကိုဗစ် - ၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် တစ်နိုင်ငံလုံး မိုးစပါးမျိုးစေ့ထုတ်ဧက တစ်သိန်း အပြည့်အဝ စိုက်ပျိုးရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် မျိုးစေ့ထုတ်သမဝါယမအသင်းအဖွဲ့ နှစ်ဖွဲ့၊ မျိုးစေ့ထုတ်အကျိုးဆောင် တောင်သူများ စုစုပေါင်း ၁၃၅ ဦးတို့နှင့်အတူ စပါး မျိုးစေ့ထုတ်စိုက်ဧရိယာ ၂၆၂ ဧက စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ စပါးမျိုးစေ့ထုတ်လုပ်မည့်အစီအစဉ်တွင် ပါဝင်သူများကို တစ်ဧကလျှင် အပင်ပြုစုခြင်း လုပ်ခ ငွေကျပ် ၇၅၀၀၀၊ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ခ ငွေကျပ် ၅၀၀၀၀၊ မျိုးစေ့သန့်စင်ခြင်း လုပ်ခ ငွေကျပ် ၁၅၀၀၀ နှင့် ရောမင်းစပါးမျိုးကွဲသို့ အရည်အသွေးကောင်းမျိုးဖြစ်ပါက မျိုးစေ့ဖိုး ငွေကျပ် ၁၀၅၀၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၅၀၅၀၀၊ မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး စပါးမျိုးကွဲသို့ အထွက်ကောင်းမျိုးဖြစ်ပါက မျိုးစေ့ဖိုး ငွေကျပ် ၈၅၀၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၄၈၅၀၀ ကို ပြည်ထောင်စုရန်ပုံငွေမှ ထောက်ပံ့ပေးကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ စပါးမျိုးသန့်မျိုးပွားမျိုးစေ့(RS)ရရှိစိုက်ပျိုးရေး၊ မျိုးစေ့ထုတ် စိုက်ကွင်းလုပ်ငန်းများ၊ မျိုးကွဲပယ်ခြင်းလုပ်ငန်းများ၊ မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ထွက်ရှိလာသည့် စပါးမျိုးများအား မျိုးစေ့အရည်အသွေးစစ်ဆေး၍ မျိုးစေ့အဆင့် ထောက်ခံချက်ပေးခြင်း စသည့်လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို စိုက်ပျိုးပညာရှင်များ ဖွဲ့စည်းတာဝန်ယူ၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့သစ်မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

မျိုးစေ့ထုတ်လုပ်ငန်းနှင့် စပ်လျဉ်း၍ မျိုးစေ့ထုတ်လုပ်ငန်းအတွေ့အကြုံရှိသူ၊ ဌာနနှင့် မျိုးစေ့ထုတ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်နေသည့် အကျိုးဆောင်တောင်သူများ၊ မျိုးစေ့ထုတ်သမဝါယမအသင်းအဖွဲ့များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ခံထုတ်ပြန်ထားရှိသည့် မျိုးစေ့ထုတ်လုပ်ငန်း နည်းစနစ်များနှင့်အညီ လိုက်နာဆောင်ရွက်သည့် တောင်သူများကို ရွေးချယ်ဆောင်ရွက်လျက်ရှိပြီး ထွက်ရှိလာသည့် မျိုးစေ့အရည်အသွေး ထောက်ခံချက်ရ စပါးမျိုးသန့်မျိုးစေ့များအား တောင်သူများစိတ်ကြိုက် ဆက်လက် ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

မေမိုးသဲ

❒ *ကျောဖုံးမှ*

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ဇူလိုင် ၂၅ ရက်အထိ စုစုပေါင်း ၅၃၂၇၆ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၇၈ ဦး၊ အမျိုးသမီး ၁၅၉ ဦး စုစုပေါင်း ၄၃၇ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

### လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ်

လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် သေရာပါ ကိုယ်လက်အင်္ဂါ ချို့ယွင်းစေခြင်း (Killing and Maiming of Children)၊

(၂) တပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့များတွင် ကလေးသူငယ်များအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း (Recruitment and Use of Children by Armed Forces or Armed Groups)၊

(၃) ကလေးသူငယ်များအား အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းအမျိုးမျိုး (Rape or other Sexual Violence Against Children)၊

(၄) ကလေးသူငယ်များအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း (Abduction of Children)၊

(၅) ဆေးရုံနှင့် ကျောင်းများအား တိုက်ခိုက်ခြင်း (Attacks against Schools and Hospitals)၊

(၆) ကလေးသူငယ်များအတွက် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကို တားဆီးခြင်း (သို့မဟုတ်) ခွင့်မပြုခြင်း (Denial of Humanitarian Access for Children)။

## လဲချားမြို့နယ်တွင် အခြေခံလူတန်းစား အိမ်ထောင်စုများအား ဒုတိယအကြိမ် ထောက်ပံ့



လဲချား ဇူလိုင် ၂၅

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် အခြေခံလူတန်းစား အိမ်ထောင်စုများအား ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ၁ နာရီမှစတင်ကာ ရပ်ကွက်/ကျေးရွာ အိမ်ထောင်စုများသို့ ကွင်းဆင်းထောက်ပံ့ပေးသည်။ (ဓာတ်ပုံ)

လဲချားမြို့နယ်အတွင်း ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၉ အုပ်စုတို့မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၁၆၆ စုကို အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဒုတိယအကြိမ် ထောက်ပံ့ပေးရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများက အိမ်ထောင်စု ၁၁၆၆ စုကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

လွှမ်းသူနောင်
(ပြန်/ဆက်)

### ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၅

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ


## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ၎င်း "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

### SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# မြန်မာ့သနပ်ခါးယဉ်ကျေးမှု ရေရှည်ရပ်တည်နိုင်ရေး သနပ်ခါးပါဝင်မှုမရှိသည့်အလှကုန်များ စစ်ဆေးမည်

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်သူများ ရေရှည်ရပ်တည်နိုင်ရေးအတွက် သနပ်ခါးအမည်ခံဖော်ပြပြီး သနပ်ခါးပါဝင်မှု မဖော်ပြနိုင်သည့် ထုတ်ကုန်အလှကုန်များကို အရေးယူနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းထံမှ သိရသည်။

ပြည်တွင်း၌ သနပ်ခါးအမည်တပ်၍ ထုတ်လုပ်သူများ၊ ပြည်ပမှတစ်ဆင့် တင်သွင်းဖြန့်ဖြူး ရောင်းချသည့် သနပ်ခါးထုတ်ကုန် အလှကုန်များ ဈေးကွက်တွင် များပြားစွာရှိပြီး သနပ်ခါးအမည်ဖော်ပြ၍ သနပ်ခါးမပါဝင်သည့်အတွက် သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူများ နစ်နာမှုရှိကြောင်း သိရသည်။

၂၀၁၉ ခုနှစ် မုံရွာမြို့တွင် ပြုလုပ်သည့် မြန်မာ့သနပ်ခါးညီလာခံတွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှု ရေရှည်ရပ်တည်နိုင်ရန်နှင့် သနပ်ခါးစိုက်ပျိုးသူများ လူနေမှုဘဝ မြှင့်တင်နိုင်ရန် ပြည်တွင်းဈေးကွက်ရှိ သနပ်ခါးအမည်တပ်ထားသည့် အလှကုန်များကို စိစစ်ဆောင်ရွက်ရန် မူဝါဒချမှတ်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရန်အတွက် စားသုံးသူရေးရာဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စည်ပင်၊ ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်း၍ သနပ်ခါးအမည်တပ်ထားသည့် အလှကုန် ထုတ်ကုန်များကို သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့် ညီညွတ်မှုရှိ မရှိ စစ်ဆေးမှုများ စတင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးကျော်မိုးထံမှ သိရသည်။

သနပ်ခါးထုတ်ကုန် အလှကုန်စစ်ဆေးမှုများကို ဇွန်လအတွင်း မုံရွာမြို့ရှိ ဈေးဝယ်စင်တာများ၊ လက်လီလက်ကားဖြန့်ချိသည့် ဆိုင်များတွင် ရောင်းချသည့် သနပ်ခါးအမည်ပါဝင်သည့်ထုတ်ကုန်များကို စတင်စစ်ဆေးခဲ့သည်။ ထို့ပြင် သနပ်ခါးအသင်းများရှိသည့် အရာတော်၊ ရွှေဘို၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ပခုက္ကူ၊ ဘုတလင်၊ ယင်းမာပင်၊ မြင်းမူ၊ ကန့်ဘလူ အစရှိသည့် မြို့များအပြင် ရန်ကုန်၊ မန္တလေးမြို့များတွင်ပါ ဆက်လက်စစ်ဆေးသွားမည်ဖြစ်သည်။ ထိုသို့ စစ်ဆေးရာတွင် သနပ်ခါးပါဝင်ကြောင်း အာမခံချက်ဖော်ပြချက် မရှိပါက ပထမအကြိမ် အသိပညာပေးခြင်း၊ ဒုတိယအကြိမ် ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

သနပ်ခါးကုန်ကြမ်းများကို မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်းတွင် တရားဝင် ဝယ်ယူစေလိုကြောင်း၊ သနပ်ခါးအလှကုန်များတွင် သနပ်ခါးပါဝင်ကြောင်း အာမခံရမည်ဖြစ်ကြောင်း၊ သနပ်ခါးကုန်ကြမ်းများကို ပြည်တွင်း၌ဝယ်ယူပြီး ပြည်တွင်းသို့ ကုန်ချော တင်သွင်းစေလိုကြောင်း သနပ်ခါးသုံးစွဲသူများမှ မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ မြန်မာ့သနပ်ခါးထုတ်ကုန်ဖြစ်ကြောင်း ထောက်ခံပေးမည့် အမှတ်တံဆိပ်လိုဂိုကို ထုတ်ပေးနိုင်ရန် စီစဉ်ပေးမည်ဖြစ်ပြီး စစ်ဆေးပြီး ဝယ်ယူသုံးစွဲစေလိုကြောင်း အော်ဂဲနစ် ထုတ်ကုန်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌက ပြောကြားသည်။

မြန်မာနိုင်ငံတွင် သနပ်ခါးစိုက်ပျိုးဧက သုံးသိန်းကျော်ရှိပြီး သနပ်ခါးဈေးကွက် ထိခိုက်လာသည့်အတွက် အခြားစိုက်ပျိုးရေးလုပ်ငန်းများကို ပြောင်းလဲစိုက်ပျိုးမှုများ ရှိနေကြောင်း သိရသည်။

**အောင်သူရ**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

နွားထိုးကြီးမြို့ အမှတ် (၂) ရပ်ကွက်ရှိ ချိုင်းနား ဘုန်းတော်ကြီးကျောင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဇော်မိုးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးမြစိုးဦးစီးအဖွဲ့တို့ ဇူလိုင် ၂၂ ရက်က သွေးလွန်တုပ်ကွေး ကာကွယ်ရန် ခြင်မပေါက်ပွားရေးအတွက် ကျောင်းသန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (နွားထိုးကြီးမြို့နယ် ရဲတပ်ဖွဲ့က နွားထိုးကြီး၊ ဝက်လူး၊ ကန်နားနှင့် ပြင်စည် ရဲစခန်းများအလိုက် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။)

ဌေးမြင့်မောင်



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၇ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၁၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၀၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၇၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၀၅၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၉၀ | ကျပ် | ၅၈၅/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၂၀ | ကျပ် | ၅၅၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၅/၆၃၀ | ကျပ် | ၆၇၅/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၀ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၉ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၈ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၃ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၈ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၀ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၃၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၁၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၄၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၂၂၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၅၂၇ | ၅၅၃၃၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၅၁၉ | ၁၉၆၉၇၀၀ |
| MCB | ၈၀၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၁၁၃ | ၂၄၃၁၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၀ | ၂၇၅၀၀ |
| EFR | ၂၇၀၀ | ၂၈၀၀ | ၆၅၇ | ၁၈၃၃၉၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


HTOO
ဟဲ့ ကလေးတွေ..ရေမြောင်းထဲ ဆင်းမဆော့ကြနဲ့လေ..
ဆော့နေတာမဟုတ်ဘူး ဗျို့..ဟိုကောင်လုပ်လိုက်တာ ဒီကောင့်ဖိနပ်တစ်ဖက်ရေမြောင်းထဲ ကျသွားလို့...
ကျွန်တော်တို့ဝိုင်း ကူပြီးရှာပေးနေကြတာခင်ဗျ...
ကူညီချင်တဲ့ စိတ်ဓာတ်ကို လေးစားတယ်
ရေအောက်မှာ မမြင်နိုင်တဲ့ အန္တရာယ်တွေရှိနေတတ်တယ် ကွ..ဖန်ပုလင်းကွဲတွေ..သံပြား အချွန်တွေက ထိုးမိစူးမိနိုင်လို့ သတိပေးတာပေါ့..
ပြီးတော့..ရေစီးနဲ့မျောပါတတ်တာကြောင့် ဖိနပ်ကျသွားတဲ့နေရာရဲ့ အောက်ဘက်နားရှာကြည့်ဖို့ကောင်းတယ်
ဟုတ်ကဲ့ဦးလေး
တွေ့ပြီဟေ့ ဒီမှာ....
ဟာ..ဦးလေး ပြောတာမှန်တယ်၊ ကျေးဇူးပဲဗျို့...
ဖိနပ်ရပြီဆိုတော့..ရေမြောင်းထဲကတက်ကြ..အိမ်ပြန်ပြီး ရေချိုးနေကြနော်..နေထိုင်မကောင်းဖြစ်နေဦးမယ်
ဟုတ်ကဲ့ပါ..


လိုက်ရှာဦးမယ်၊
တစ်ကောင်ရပြီ၊
ဟော- ဒီမှာတစ်ကောင်၊ လာခဲ့..
နှစ်ကောင်တွေ့တယ် ကွ၊
ကြောင်တွေနဲ့ ဘာအလုပ်ရှုပ် နေတာလဲ
အဲ မာရီ မာရီ


ပလာတူး
ကာတွန်း စမ်းချောင်းကိုကိုအောင်
ပုလာတူး၊နင်က အကျီအသစ်နဲ့ပါလား၊
ငါ့အမေဝယ်ပေးတာဟ၊
မွေးနေ့လက်ဆောင်လား၊
ငါ့မွေးနေ့က၊ရက် အများကြီးလိုသေးတယ်၊
စာမေးပွဲမှာအဆင့် တက်လို့ဝယ်ပေးတာ၊
ငါက စာမေးပွဲမှာ အမြဲတမ်းအဆင့် ခြောက်ဆယ့်နှစ်ရနေကျလေ၊
ဒီလစာမေးပွဲမှာအဆင့် ခြောက်ဆယ့်တစ်ရလို့ ဝယ်ပေးတာ၊






ဟာ... ဝတုတ်။ မင်း
လာတာအံ့တော်ပဲ...
ငါတို့ရေချိုးခန်းမှာ
မနေ့ကမှကြွေပြားတွေ ...
အသစ်ကပ်ထားတာကွ ...
လာ... မင်းကို
ငါလိုက်ပြမယ်...
ဟင်... ဘယ်ကျော်တို့
ခုထိပြန်ထွက်မလာကြသေး
ပါလား ...
ရေချိုးခန်းထဲမှာ
ဘာလုပ်နေကြပါလိမ့်...
သားရေ...
ဘယ်ကျော်...
ဟော...
တော် ...

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ပုံပြင်တွေထဲကလို ပင်လယ်ဓားပြကြီးတွေ အပြင်မှာရှိကြသလား

ကေ – ဂျူဝယ်လ်



ပင်လယ်ဓားပြကြီးတွေအကြောင်း ကလေးတို့ ကြားဖူးကြသလား။ ကာတွန်းတွေနဲ့ ဇာတ်လမ်းတွေမှာတော့ မြင်ဖူးကြတယ်မဟုတ်လား။ မျက်လုံးတစ်ဖက်ကို အမည်းရောင်အဝိုင်းကြီးနဲ့ ကာထားပြီး ခေါင်းမှာလည်း အရိုးခေါင်းပုံပါတဲ့ ကတ်ဦးထုပ်ကိုဆောင်းထားမယ်။ ကိုးရိုးကားရား ဝတ်ရုံကြီးကို ဝတ်ထားမယ်၊ ခါးမှာလည်း ဓားကိုချိတ်ဆွဲထားပြီး လက်ထဲမှာလည်း သေနတ်ကြီးကို ကိုင်ထားမယ်ပေါ့။ အမယ်လေး တော်တော်ကိုကြောက်စရာကောင်းတာပဲနော်။ တကယ်ကိုပဲ ရှေးရှေးတုန်းက ပင်လယ်ဓားပြကြီးတွေဟာ ပင်လယ်ထဲမှာနေကြပြီး ကုန်တင်သင်္ဘောတွေကို ဓားပြတိုက်ခဲ့ကြတာပါ။ အခုအချိန်ထိလည်း ကမ္ဘာကြီးရဲ့ သမုဒ္ဒရာကြီးတွေထဲမှာ ပင်လယ်ဓားပြတွေ ရှိနေဆဲပဲ ဖြစ်ပါတယ်။

ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားတွေထဲမှာတော့ နာမည်ကျော် ပင်လယ်ဓားပြကြီးဖြစ်တဲ့ ကပ္ပတိန်ဂျက်စပဲရိုးက သိပ်ကို သရုပ်ဆောင်ကောင်းတာပဲနော်။ သူက မျက်လုံးတွေကို အမည်းရောင်ကာချယ်တွေနဲ့ ဆွဲထားတယ်။ နှုတ်ခမ်းမွေးကားကားကြီးနဲ့ပေါ့ကွယ်။ အပြင်မှာလည်း ပင်လယ်ဓားပြတွေရှိခဲ့ပြီး သူတို့တွေက ပင်လယ်ထဲမှာ ရွက်သင်္ဘောကြီးတစ်စင်းနဲ့ ရွက်လွှင့်ခဲ့ကြတာပေါ့။ ပင်လယ်ဓားပြတွေက သိပ်ကို ရက်စက်ကြမ်းကြုတ်ကြပြီး သူတို့ ရွက်သင်္ဘောကြီးတွေပေါ်မှာ အလံတစ်ခုကို အမြဲလွှင့်ထူထားတယ်။ အများစုကတော့ အနီရောင်၊ အနက်ရောင် အောက်ခံတွေပေါ်မှာ အရိုးခေါင်းတွေ၊ သဲနာရီတွေ၊ မိကျောင်းရိုး စတဲ့ပုံတွေဖော်ထားတယ်။ ပင်လယ်ထဲမှာ ဓားပြတိုက်ရတာလည်း သူတို့အတွက် အခက်အခဲတွေက အများကြီးရှိပါတယ်။ မုန်တိုင်းတွေကြောင့် သေကျေကြရသလို၊ ငါးမန်းတွေ၊ မိကျောင်းတွေကလည်း သူတို့ကို တိုက်ခိုက်ဖို့ အမြဲချောင်းနေကြသူတွေပေါ့။

သမုဒ္ဒရာတွေကို ကုန်သွယ်ဖို့အတွက် စတင်အသုံးပြုချိန်ကတည်းက ပင်လယ်ဓားပြတွေပေါ်လာခဲ့တာပါ။ ပထမဆုံး မှတ်တမ်းတင်ထားတဲ့ ဓားပြမှုကတော့ အေဂျင်ပင်လယ်နဲ့ မြေထဲပင်လယ်မှာ ဘီစီ ၁၃ ရာစုက ပင်လယ်ပျော်များက စတင်ကျူးလွန်ခဲ့တဲ့အမှုပဲဖြစ်ပါတယ် ကလေးတို့ရေ။



သမိုင်းကြောင်းအရ အီလီရီယန်နဲ့ တိုင်ရီနီယန်တို့ကို ပင်လယ်ဓားပြများအဖြစ် သတ်မှတ်ခဲ့ပြီး ရောမသားတွေနဲ့ ဂရိသားတွေလည်း ပါဝင်ခဲ့ကြပါတယ်။

အနီရောင် အလံတစ်ခုဖြစ်တဲ့ ဂျိုနီရော်ဂျာဆိုတဲ့ ပင်လယ်ဓားပြအလံတစ်မျိုးရှိပါသတဲ့။ ကြောက်ဖို့ကောင်းတဲ့ အနီရောင်အလံကိုမြင်တာနဲ့ အတိုက်ခံရမယ့် သင်္ဘောသားတွေဟာ ရေထဲကို ခုန်ချထွက်ပြေးတော့တာပါပဲ။ ပင်လယ်ဓားပြတွေဟာ ရက်စက်ကြမ်းကြုတ်ကြသူတွေဖြစ်လို့ သူတို့ သေဆုံးသွားတာတောင် သူတို့ရဲ့ အကြောင်းတွေက ပြောစမှတ် ကျန်ရစ်ခဲ့ကြသူတွေပါ။ ကယ်လီကိုဂျက်စ်၊ ကပ္ပတိန်ကစ်၊ အက်ဒ်ဝက်ဒ်စတဲ့ပင်လယ်ဓားပြကြီးတွေအကြောင်းကို ပြောစမှတ်ရှိကြပါတယ်။ မုတ်ဆိတ်နက်ကြီး အက်ဒ်ဝက်ဒ်ဆိုရင် သူလိုချင်တာရဖို့အတွက် ဘယ်လိုသနားတဲ့စိတ်မှမရှိဘူးတဲ့ ကလေးတို့ရေ။ သူ့ကို လူတွေကြောက်လန့်အောင် မုတ်ဆိတ်မွေးတွေမှာ လျှော်ချည်တွေရောပြီးကျစ်ထားပါသတဲ့။ သင်္ဘောတစ်စင်းကို ဓားပြတိုက်တော့မယ်ဆိုရင် သူ့မုတ်ဆိတ်မွေးတွေကို မီးရှို့ပြီး သူ့မျက်နှာကြီးကို ပိုကြောက်ဖို့ကောင်းအောင် ပြင်ဆင်တိုက်ခိုက်တာမို့ အတော်ကို ချောက်ချားစရာပေါ့နော်။

ပင်လယ်ဓားပြတွေ မျက်လုံးအကာတွေသုံးတာက မျက်လုံးထိခိုက်မှုတွေကနေ ကာကွယ်ပေးဖို့အတွက်ထက် ညဘက်ကြည့်လို့ရအောင် ချိန်ညှိထားတာပါ။ ရန်သူသင်္ဘောတွေကို မြင်နိုင်အောင်လို့ပါ။

ပင်လယ်ဓားပြတွေဟာ အခြားသင်္ဘောသားတွေထက် ပင်ပန်းကြပါတယ်။ သူတို့ရဲ့သင်္ဘော ပင်လယ်ပြင်မှာ အန္တရာယ်ကင်းကင်းသွားလာနိုင်ဖို့ရော၊ အခြားသင်္ဘောပေါ် ဓားပြတိုက်ဖို့ရော၊ ရလာတာတွေကို ဝေပုံကျ ခွဲဝေကြဖို့ရော သူတို့ ဘယ်တော့မှ မအားကြပါဘူး။ သူတို့ဟာ လူသတ်ကြသလို၊ သင်္ဘောတွေကို မီးတွေရှို့ကြပါတယ်။ ပင်လယ်ဓားပြတွေဟာ ပင်လယ်တွေထဲမှာ နေထိုင်ကြပြီး လူသူမရှိတဲ့ ကျွန်းတွေမှာ မိုးတွင်းကို ပုန်းခိုတတ်ကြပါတယ်။ သူတို့တန်ဖိုးအထားဆုံးအရာက နားပေါက်တွေဖြစ်ပြီး သူတို့က နားကွင်းတွေ ဝတ်ဆင်ထားကြပါတယ်။ ပင်လယ်ဓားပြတွေဟာ သူတို့နားဆွဲတွေမှာ ပျားဖယောင်းတွေ တပ်ဆင်ထားကြပြီး အမြောက်သံတွေဆူတဲ့အခါ ပျားဖယောင်းတွေနဲ့လည်း သူတို့နားတွေကို ပိတ်တတ်ကြပါတယ်။

ပင်လယ်ဓားပြတွေဟာ သူတို့ ဓားပြတိုက်ထားတဲ့ ရွှေငွေရတနာပစ္စည်းတွေကို လူမရှိတဲ့ ကျွန်းတွေမှာ မြှုပ်ထားတယ်ဆိုပြီး ယုံတမ်းစကားတွေရှိခဲ့ပါတယ်။ အမှန်တော့ သူတို့ဟာ သူတို့ဓားပြတိုက်လို့ရတိုင်း နီးစပ်ရာကုန်းပေါ်တက်ပြီး ခွဲဝေသုံးစွဲပစ်လိုက်ကြတာများပါတယ်။ ရာဇဝင်တွေထဲမှာတော့ ပင်လယ်ဓားပြတွေရဲ့ ရတနာသိုက်တွေဟာ ကျွန်းစုတွေပေါ်မှာ ရှိနေတယ်ဆိုတာ မကြာခဏဖတ်ရဖူးပါတယ်။ ဒါပေမယ့် ပင်လယ်ဓားပြကြီး ဝီလီယံကစ်ရဲ့ ရတနာတွေကို နယူးယောက်မြို့တစ်နေရာမှာ မြှုပ်ထားတယ်ဆိုတဲ့ ယုံတမ်းစကားရှိခဲ့ဖူးပါတယ်။ ပင်လယ်ဓားပြတွေထဲမှာ အမျိုးသားတွေနဲ့အတူတူ အမျိုးသမီးကမ္ဘာကျော် ပင်လယ်ဓားပြတွေလည်း ရှိခဲ့ကြဖူးပါတယ်။

ပင်လယ်ဓားပြတွေဟာ အခုချိန်ထိ ပင်လယ်သမုဒ္ဒရာထဲမှာ နေထိုင်ကျက်စားနေကြတုန်းပါပဲ။ သူတို့တွေက အရင်လို ဆံပင်ရှည်ရှည်၊ ဝတ်ရုံရှည်တွေနဲ့ ဓားကောက်တွေကိုင်ထားတာတော့မဟုတ်တော့ပါဘူး။ နည်းပညာတွေကိုလည်း အရင်ကထက်ပိုပြီး ကျွမ်းကျင်လာကြသလို သေနတ်မျိုးစုံနဲ့ မူးယစ်ဆေးတွေကိုပါ ရောင်းဝယ်ဖောက်ကားကြတဲ့အပြင် ပြန်ပေးဆွဲတာမျိုးလည်း လုပ်တတ်ကြပါတယ်။ နိုင်ငံတကာက သူတို့ကို ဖမ်းဆီးဖို့ အမျိုးမျိုးကြိုးစားကြပြီး ဖမ်းမိပေမယ့်လည်း လုံးဝပျောက်ကွယ်သွားတာမျိုးမဟုတ်ပါဘူး။ ဒီတစ်ပတ်မှာတော့ ပင်လယ်ဓားပြတွေအကြောင်း မိတ်ဆက်ပြောပြခဲ့ပြီးပြီမို့ ကလေးတို့သူငယ်ချင်းတွေနဲ့လည်း ဗဟုသုတတွေ ဖလှယ်ပြီး ပြောပြလိုက်ဖို့ မမက တိုက်တွန်းပါရစေ။

## လောကဝတ် (Etiquette)

# ကျောင်းမတက်ခင် ကြိုပြင်ဆင်

မမမေ

ကိုဗစ်–၁၉ ရောဂါကြောင့် ကလေးတို့ ကျောင်းဖွင့်ချိန်တွေလည်း နောက်ဆုတ်ကြရတယ်မဟုတ်လား။ အားလုံးပဲ ကိုယ်ခံအားကောင်းပြီး ကျောင်းတွေပြန်ဖွင့်တာနဲ့ ကျန်းကျန်းမာမာ ကျောင်းတက်ကြရဖို့အတွက် ပြင်ဆင်နေကြပြီမဟုတ်လား။






ဒီကာလမှာ ကျောင်းမတက်ခင် ကလေးတို့ ကြိုတင်ပြင်ဆင်ကြတာတွေအနက်က အလေ့အထကောင်းလေးအချို့နဲ့ မမက မိတ်ဆက်ပေးမယ်နော်။

**စာရေးကိရိယာအပိုတွေကိုသိမ်းဆည်း**

ကလေးတို့ မနှစ်ကကျောင်းတက်တဲ့အခါ ပိုနေတဲ့စာရွက်စာတမ်းတွေ၊ အသုံးမလိုတဲ့ စာရွက်စာတမ်းတွေကို စနစ်တကျနဲ့ ပြန်ပြီး စိစစ်ဖို့လိုပါတယ်။ အချို့စာရွက်တွေကို စုစည်းပြီး အကြမ်းစာအုပ်လုပ်လို့ရသလို မလိုအပ်တဲ့ စာရွက်စာတမ်းတွေကိုလည်း စနစ်တကျနဲ့ စွန့်ပစ်ကြဖို့လိုပါတယ်။ သုံးပြီးသားခဲတံတွေ၊ မင်ကုန်တဲ့ ဘောပင်အဟောင်းတွေကိုလည်း စနစ်တကျနဲ့ စွန့်ပစ်ရမှာဖြစ်ပြီး ကလေးတို့အတွက် အသုံးမလိုတော့ပေမယ့် ကိုယ့်ထက်အတန်းငယ်တဲ့ကလေးတွေ၊ သူငယ်ချင်းတွေအတွက် ဖတ်စာအုပ်တွေ၊ မှတ်စုစာအုပ်တွေကို လက်ဆောင်ပေးနိုင်ပါသေးတယ်။

**ကိုဗစ်အကာအကွယ်တွေ ရှာဖွေစုဆောင်း**

ကိုဗစ်–၁၉ ရောဂါက ဆက်လက်ဖြစ်ပွားနေတာကိုတော့ ကလေးတို့ သိကြမှာပါ။ ဒီကာလမှာကျောင်းတက်ကြမယ့် မောင်လေး၊ ညီမလေးတို့ဟာ နှာခေါင်းစည်းတွေကို စနစ်တကျတပ်ဆင်တတ်ကြပြီလား၊ ဒါမှမဟုတ် ခဏခဏ လက်ဆေးတဲ့အလေ့အကျင့်တွေကိုရော ပိုင်ဆိုင်ထားပြီးကြပြီလား။ ပုံမှန်လက်ဆေးတာနဲ့ သန့်ရှင်းတဲ့ အဝတ်အစားတွေကို ဝတ်ဆင်ကြဖို့အတွက် အခုကတည်းက ကျောင်းဝတ်စုံတွေကို သန့်ရှင်းအောင်ထားတာ၊ မျက်နှာဖုံးတွေကို စုစည်းထားတာမျိုးတွေ လုပ်ထားသင့်ပါတယ်။ ဒါ့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကလေးတို့ လိုက်နာရမယ့် အချက်တွေကိုလည်း သေသေချာချာဖတ်ရှုပြီး လေ့ကျင့်ထားကြရမယ်နော်။

**ကိုင်တွယ်စရာသတိထားပါ**

ကလေးတို့ရဲ့ ကျောပိုးအိတ်၊ စာအုပ်၊ ခဲတံတွေနဲ့ ထမင်းဘူး၊ အဝတ်အစား စတာတွေအားလုံးက ရောဂါကူးစက်နိုင်တဲ့အရာတွေဖြစ်ပါတယ်။ ကျောင်းက ပြန်လာတိုင်းမှာ ကလေးတို့ရဲ့ အသုံးအဆောင်တွေကို စနစ်တကျသိမ်းဆည်းတာ၊ လျှော်ဖွပ်တာတွေက ရောဂါမကူးစက်အောင် ကာကွယ်ပေးနိုင်တာမို့ အခုကတည်းက ကောင်းတဲ့အလေ့အကျင့်တွေကို မွေးမြူလေ့ကျင့်ရင်း ကျောင်းဖွင့်ချိန်ကို ကြိုဆိုလိုက်ကြရအောင်နော်။

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဂ) ပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွင်း ရောင်းဝယ်ရန်ကုန်စည်များ၏ စာရင်းပိတ်တန်ဖိုးသည် အောက်ပါနှစ်ခုအနက် နည်းရာဖြစ်သည် –

(၁) လုပ်ငန်း၏ ရောင်းဝယ်ရန်ကုန်စည်များ၏ နှစ်ကုန်ဆုံးချိန်တွင်ရှိသည့် ကုန်ကျစရိတ်၊

(၂) လုပ်ငန်း၏ ရောင်းဝယ်ရန် ကုန်စည်များ၏ နှစ်ကုန်ဆုံးချိန်တွင်ရှိသည့် ပြင်ပဈေးကွက်ပေါက်ဈေး။

(ဃ) လုပ်ငန်းကရယူသည့် သီးသန့်အမျိုးအစားရောင်းဝယ်ရန်ကုန်စည်များ၏ကုန်ကျစရိတ် တွက်ချက်ပုံနည်းလမ်းကို စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။

(င) ငွေသားစီးဆင်းမှုအခြေခံစာရင်း ထိန်းသိမ်းထားရှိမှု နည်းလမ်းဖြင့် စာရင်းထိန်းသိမ်းထားရှိသည့် ပုဂ္ဂိုလ်သည် ယင်းပုဂ္ဂိုလ်၏ ရောင်းဝယ်ရန်ကုန်စည်များ၏ ကုန်ကျစရိတ်ကို တိုက်ရိုက်ကုန်ကျစရိတ်ဖြင့် တွက်ချက်သည့်နည်းလမ်း (direct-cost method) ဖြင့်ဖြစ်စေ၊ စုစုပေါင်းကုန်ကျစရိတ်တွက်ချက်သည့် နည်းလမ်း (absorbtion-cost method) ဖြင့် ဖြစ်စေ တွက်ချက်နိုင်ပြီး စေ့ရောက်မှုအခြေခံ စာရင်းထိန်းသိမ်းထားရှိမှု နည်းလမ်းဖြင့် စာရင်းထိန်းသိမ်းထားရှိသည့် ပုဂ္ဂိုလ်သည် ရောင်းဝယ်ရန် ကုန်စည်များ၏ ကုန်ကျစရိတ်ကို စုစုပေါင်းကုန်ကျစရိတ်တွက်ချက်သည့်နည်းလမ်း (absorbtion-cost method) ဖြင့် တွက်ချက်ရမည်။

(စ) ရောင်းဝယ်ရန်ကုန်စည်များ၏တစ်စုံတစ်ရာသော အမျိုးအမည်များကို အသင့်ဖော်ထုတ်သတ်မှတ်ရန် မဖြစ်နိုင်ပါက ပုဂ္ဂိုလ်တစ်ဦးသည် ယင်းရောင်းဝယ်ရန် ကုန်စည်များကို ပထမဝင် ပထမထွက်သည့်နည်းလမ်း (first-in-first-out) သို့မဟုတ် ပျမ်းမျှအလေးပေးသည့်နည်းလမ်း (weighted average) စနစ်ဖြင့် စာရင်းထိန်းသိမ်းထားရှိရမည်။

(ဆ) ဤပုဒ်မ၏ ရည်ရွယ်ချက်များအလို့ငှာ "စုစုပေါင်းကုန်ကျစရိတ်တွက်ချက်သည့် နည်းလမ်း"၊ "တိုက်ရိုက် ကုန်ကျစရိတ်ဖြင့် တွက်ချက်သည့်နည်းလမ်း"၊ "ပထမဝင် ပထမထွက်သည့် နည်းလမ်း"၊ "ပျမ်းမျှအလေးပေးသည့်နည်းလမ်း" တို့သည် ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများအရ သတ်မှတ်သည့် အဓိပ္ပာယ်အတိုင်း ဖြစ်သည်။

**ကာလရှည်ပဋိညာဉ်များ (Long-term contracts)**

၃၉။ (က) ဝင်ငွေခွန်အတွက် စေ့ရောက်မှုအခြေခံစာရင်းထိန်းသိမ်းထားရှိမှုနည်းလမ်းဖြင့် စာရင်းထိန်းသိမ်းထားရှိသည့် ပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် ကာလရှည်ပဋိညာဉ်နှင့် အကျုံးဝင်သည့် လုပ်ငန်းဝင်ငွေနှင့် အသုံးစရိတ်ကို ပြီးစီးမှုရာခိုင်နှုန်းစနစ် (percentate-of-completion method) အပေါ်အခြေခံ၍ စာရင်းထိန်းသိမ်းထားရှိရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးက အခွန်နှစ်တစ်နှစ်အတွင်း ကာလရှည်ပဋိညာဉ်တွင် ပြီးစီးခဲ့သည့်ရာခိုင်နှုန်းကို ထိုနှစ်အတွင်း ယင်းပုဂ္ဂိုလ်က ကျခံခဲ့ရသည့် ပဋိညာဉ်နှင့် အကျုံးဝင်သည့် စုစုပေါင်းအသုံးစရိတ်နှင့် ပဋိညာဉ်စတင်သည့်အချိန်တွင် သတ်မှတ်ထားခဲ့သည့် ပဋိညာဉ်ပါ စုစုပေါင်းခန့်မှန်းအသုံးစရိတ်တို့ကို နှိုင်းယှဉ်ခြင်းဖြင့် သတ်မှတ်ရမည်။

(ဂ) ပုဒ်မခွဲ (ဃ) သည် အောက်ပါအခြေအနေများတွင် အကျိုးသက်ရောက်စေရမည် –

(၁) ကာလရှည်ပဋိညာဉ် တစ်ရပ်သည် ပြီးစီးသွားပြီဖြစ်ပြီး ယင်းပုဂ္ဂိုလ်တွင် ပဋိညာဉ် အဆုံးသတ်သည့် ထိုအခွန်နှစ်အတွက် သို့မဟုတ် ယင်းထက်စောသည့် စည်းကြပ်မှုပြုလုပ်သည့် မည်သည့်နှစ်အတွက်မဆို ယင်းပဋိညာဉ်အရ ပေါ်ပေါက်သည့် နုတ်ပယ်ခွင့်မရရှိသေးသော အရှုံးတစ်ရပ်ရှိနေခြင်း၊ ထို့ပြင်

(၂) ယင်းပုဂ္ဂိုလ်သည် ပဋိညာဉ်အဆုံးသတ်ချိန်တွင် မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်မှုရပ်ဆိုင်းခြင်း။

(ဃ) ကာလရှည်ပဋိညာဉ်တစ်ရပ်အရ ပေါ်ပေါက်သော နုတ်ပယ်ခွင့်မရရှိသေးသည့် အရှုံးတစ်ရပ်ကို နောက်ပြန်သယ်ဆောင်နိုင်ပြီး တစ်ဆက်တည်းဖြစ်သော ယခင်အခွန်နှစ်၏ နုတ်ပယ်ခွင့် မရရှိသေးသည့် အရှုံးအဖြစ် ယူဆရမည်ဖြစ်သည်။ ထို့ပြင် ပုဂ္ဂိုလ်တစ်ဦးသည် ယင်းသို့နောက်ပြန်သယ်ဆောင်သည့် အရှုံးတစ်ရပ်ကို အပြည့်အဝ နုတ်ပယ်နိုင်ခြင်းမရှိလျှင် ယင်းသို့ နုတ်ပယ်နိုင်ခြင်းမရှိသည့် ငွေကြေးပမာဏကို တစ်ဆက်တည်းဖြစ်သည့် ယင်း၏အရှေ့နှစ်သို့ နောက်ပြန် သယ်ဆောင်နိုင်ပြီး ယင်းနှစ်တွင် နုတ်ပယ်စေရမည်။

(င) ပုဒ်မခွဲ (ဃ) အရ နောက်ပြန်သယ်ဆောင်သည့် ငွေကြေးပမာဏကို ယင်းအရှုံး သယ်ဆောင်သွားမည့် အခွန်နှစ်အတွက် ပဋိညာဉ်အရ အမြတ်ငွေ (ပေါ်ပေါက်လျှင်) ပမာဏအထိသာ နုတ်ပယ်နိုင်သည်။

(စ) ကာလရှည်ပဋိညာဉ်တစ်ရပ်မှ အခွန်နှစ်တစ်နှစ်အတွက် ပေါ်ပေါက်သည့် အမြတ်ငွေ သို့မဟုတ် အရှုံးကို ယင်းပဋိညာဉ်အရ ဝင်ငွေတွင်ပါဝင်သည့် ငွေကြေးပမာဏများအား ယင်းပဋိညာဉ်အရ ယင်းနှစ်အတွက် နုတ်ပယ်မှုများနှင့် နှိုင်းယှဉ်လျက်သတ်မှတ်ရမည်။

(ဆ) ဤပုဒ်မတွင် –

(၁) "ပြီးစီးမှုရာခိုင်နှုန်းစနစ်" သည် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများအရ သတ်မှတ်သည့် အဓိပ္ပာယ်ကို ပုဒ်မခွဲ (ခ) တွင် ပြင်ဆင်ပြောင်းလဲထားသည့်အတိုင်း ဖြစ်သည်။

(၂) "ကာလရှည်ပဋိညာဉ်" ဆိုသည်မှာ ပဋိညာဉ်အရ ဆောင်ရွက်သည့်လုပ်ငန်း စတင်သည့်နေ့မှ ၁၂ လအတွင်း ပြီးစီးမှုမရှိသည့် ထုတ်လုပ်မှု၊ တပ်ဆင်မှု၊ သို့မဟုတ် ဆောက်လုပ်မှု၊ သို့မဟုတ် ယင်းတို့တစ်ခုချင်းနှင့်စပ်လျဉ်း၍ ဆက်စပ်ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်းအတွက် ပဋိညာဉ်ကို ဆိုသည်။ သို့ရာတွင် အခန်း(၅)၊ အပိုင်း (၁)နှင့် အကျုံးဝင်သည့် မည်သည့်ပဋိညာဉ်မဆို ပါဝင်ခြင်းမရှိစေရ။

**ဘဏ္ဍာရေးဆိုင်ရာ ချေးငှားမှုများနှင့် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ (Finance leases and instalment sales)**

၄၀။ (က) ဤဥပဒေသည် ဘဏ္ဍာရေးဆိုင်ရာ ချေးငှားမှု (finance lease) တစ်ရပ်အရ ငှားရမ်းသည့် သို့မဟုတ် အရစ်ကျစနစ်ဖြင့် ရောင်းချမှုပြုသည့် လုပ်ငန်းဆိုင်ရာရရန်ပိုင်ခွင့်များအပေါ် အောက်ပါအခြေခံများဖြင့် အကျိုးသက်ရောက်စေရမည် –

(၁) အငှားချထားခြင်းခံရသူ သို့မဟုတ် ဝယ်ယူသူကို ရရန်ပိုင်ခွင့်၏ ပိုင်ရှင်အဖြစ်မှတ်ယူသည်၊

(၂) အငှားချထားခြင်းခံရသူ သို့မဟုတ် ဝယ်ယူသူသည် ငှားရမ်းမှုစတင်ချိန် သို့မဟုတ် အရောင်းအဝယ် သဘောတူညီချက်ပြုလုပ်ချိန်တွင် ရရန်ပိုင်ခွင့်ကို ရယူသည်ဟု မှတ်ယူသည်၊ ထို့ပြင်

(၃) အငှားချထားသူ သို့မဟုတ် ရောင်းချသူသည် ငှားရမ်းမှုစတင်ချိန် သို့မဟုတ် အရောင်းအဝယ် သဘောတူညီချက်ပြုလုပ်ချိန်တွင် အငှားချထားခြင်းခံရသူ သို့မဟုတ် ဝယ်ယူသူအား ချေးငွေတစ်ရပ်ပေးအပ်လိုက်သည်ဟု မှတ်ယူပြီး ငှားရမ်းခြင်းအတွက် ပေးချေမှု သို့မဟုတ် အရစ်ကျပေးချေမှုတစ်ရပ်စီသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ချေးငွေ၏ အရင်း (principal) အား ပြန်လည်ပေးဆပ်မှုဖြစ်ပြီး တစ်စိတ်တစ်ပိုင်းအားဖြင့် အတိုးပေးချေမှု ဖြစ်သည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ အငှားချထားခြင်းခံရသူ သို့မဟုတ် ဝယ်ယူသူက ပိုင်ဆိုင်သည်ဟု မှတ်ယူသည့် ရရန်ပိုင်ခွင့်တစ်ခု၏ ကုန်ကျစရိတ်သည် အောက်ပါတစ်ရပ်ရပ်ဖြစ်သည် –

(၁) အငှားချထားသူနှင့် အငှားချထားခြင်းခံရသူ သို့မဟုတ် ရောင်းချသူနှင့် ဝယ်ယူသူတို့သည် တွဲဖက်လုပ်ကိုင်သူများမဟုတ်သည့်အပြင် ငှားရမ်းမှု သဘောတူညီချက် သို့မဟုတ် အရောင်းအဝယ် သဘောတူညီချက်တွင် ရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ် သို့မဟုတ် တန်ဖိုးအဖြစ် ငွေကြေးပမာဏတစ်ရပ်ကို ဖော်ပြထားလျှင် ယင်းငွေကြေးပမာဏ၊

(၂) အခြားမည်သည့်ဖြစ်ရပ်တွင်မဆို ငှားရမ်းမှုစတင်ချိန် သို့မဟုတ် အရောင်းအဝယ်သဘောတူညီချက် ပြုလုပ်ချိန်တွင်ရှိသည့် ရရန်ပိုင်ခွင့်၏ ပြင်ပဈေးကွက်ပေါက်ဈေး။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) တွင် ဖော်ပြထားသည့် ချေးငွေပမာဏသည် ပုဒ်မခွဲ (ခ) အရ ရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်အဖြစ် သတ်မှတ်ထားသည့် ငွေကြေးပမာဏ ဖြစ်သည်။

(ဃ) ချေးငွေအရ ပြုလုပ်သည့် ပေးချေမှုတစ်ခုချင်းစီ၏ အတိုးဖြစ်သည့်အပိုင်းကို အောက်ပါတစ်နည်းနည်းဖြင့် တွက်ချက်ရမည်–

(၁) အငှားစာချုပ် သို့မဟုတ် အရောင်းအဝယ် သဘောတူညီချက်တွင် သွယ်ဝိုက်ပါရှိသည့်အတိုးနှုန်း (implicit interestrate) ကို ရည်ညွှန်းခြင်းဖြင့်၊

(၂) အငှားစာချုပ် သို့မဟုတ် အရောင်းအဝယ်သဘောတူညီချက်တွင် သွယ်ဝိုက်ပါရှိသည့်အတိုးနှုန်း ပါဝင်ခြင်းမရှိလျှင် အတိုးကို ခြောက်လတစ်ကြိမ် ပေါင်းထည့်သည့် ရောနှောထားသော ချေးငွေအခြေခံဖြင့် (blended loan basis) ။

(င) ဤပုဒ်မတွင် –

(၁) "ရောနှောထားသည့်ချေးငွေ (blended loan)" ဆိုသည်မှာ အောက်ပါတို့နှင့် ညီညွတ်သည့် ချေးငွေကိုဆိုသည် –

(ကက) ချေးငှားသူက ပေးချေမှုများသည် တစ်စိတ်တစ်ပိုင်းအားဖြင့် အတိုးပေးချေမှုဖြစ်ပြီး တစ်စိတ်တစ်ပိုင်းအားဖြင့် အရင်းပြန်လည်ပေးဆပ်မှုဖြစ်ခြင်း၊

(ခခ) အတိုးဖြစ်သည့်အပိုင်းကို ပေးချေမှုတစ်ခုစီ ပြုလုပ်ချိန်တွင် ပေးဆပ်ရန် ကျန်ရှိနေသည့် အရင်းပေါ်တွင် တွက်ချက်ခြင်းနှင့်

(ဂဂ) အတိုးနှုန်းသည် ချေးငွေ၏ သက်တမ်းတစ်လျှောက် တစ်ပြေးညီ ဖြစ်ခြင်း။

(၂) "ဘဏ္ဍာရေးဆိုင်ရာ ချေးငှားမှု" ဆိုသည်မှာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများအရ ဘဏ္ဍာရေးဆိုင်ရာ ချေးငှားမှုတစ်ရပ်အဖြစ်မှတ်ယူပြီး ချေးငှားသူက ယင်း၏ ဘဏ္ဍာရေးစာရင်းများတွင် ယင်းအတိုင်းစာရင်းထိန်းသိမ်းထားရှိသည့် မည်သည့်ချေးငှားမှုမဆို ဖြစ်သည်။

(၃) "အရစ်ကျစနစ်ဖြင့် ရောင်းချမှု" ဆိုရာတွင် ပေးချေရန်ကျန်ရှိနေသည့် ရောင်းရငွေများအပေါ် ကာလအလိုက် အတိုးကို စီးပွားဖြစ်သတ်မှတ်သည့် ရောင်းချမှုမပါဝင်။

**အသေးစားလုပ်ငန်းများအတွက် ရိုးရှင်းအောင် ဆောင်ရွက်ထားသည့် အခွန်စနစ်**

၄၁။ (က) အသေးစားလုပ်ငန်းတစ်ခုကို ဆောင်ရွက်နေသည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး၏ အခွန် နှစ်တစ်နှစ်အတွက် လုပ်ငန်းမှစည်းကြပ်ထိုက်သောဝင်ငွေကို ဤဥပဒေနှင့်အညီ တွက်ချက်ရမည်ဖြစ်ပြီး အောက်ပါပြင်ဆင်ပြောင်းလဲမှုများနှင့် ဆန့်ကျင်ခြင်းမရှိစေရ–

(၁) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ သို့မဟုတ် အထူးကုန်စည်ခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် သို့မဟုတ် အထူးကုန်စည်ခွန်အတွက် ငွေတောင်းခံလွှာအခြေခံဖြင့် စာရင်းထိန်းသိမ်း ထားရှိရန်တာဝန်မရှိလျှင် ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၏ အသေးစားလုပ်ငန်းမှ စည်းကြပ်ထိုက်သောဝင်ငွေနှင့် အသုံးစရိတ်များနှင့် အရှုံးများကို ငွေသားစီးဆင်းမှု အခြေခံစာရင်းထိန်းသိမ်းထားရှိမှုနည်းလမ်း (Cash Basis)ဖြင့် စာရင်းထိန်းသိမ်းထားရှိနိုင်သည်၊

(၂) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၏ တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်များအပေါ် ကျင့်သုံးနိုင်သည့် တန်ဖိုးလျော့နှုန်းသည် ပုဒ်မ ၂၆ ၏ ရည်ရွယ်ချက်များအလို့ငှာ ၁၀၀ ရာခိုင်နှုန်းဖြစ်သည်၊

(၃) ပုဒ်မ ၃၈ သည် ယင်းတစ်ဦးချင်းပုဂ္ဂိုလ်အပေါ် သက်ရောက်မှုမရှိဘဲ ယင်းတစ်ဦးချင်းပုဂ္ဂိုလ်က ထိုနှစ်အတွင်း ဝယ်ယူခဲ့သည့် ရောင်းဝယ်ရန် ကုန်စည်များ၏ ကုန်ကျစရိတ်အတွက် နုတ်ပယ်ခွင့်ပြုသည်၊

(၄) အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) အရ စာရင်းဇယားများကို ထိန်းသိမ်းထားရန် ကာလသည် သုံးနှစ်ဖြစ်သည်၊ ထို့ပြင်

(၅) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ အခွန်စည်းကြပ်မှု တစ်ခုကို ညွှန်ကြားရေးမှူးချုပ်က ပြင်ဆင်နိုင်သည့်ကာလ သို့မဟုတ် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တစ်ဦးချင်းပုဂ္ဂိုလ်က အခွန်ထမ်းကိုယ်တိုင်စည်းကြပ်မှုတွင် ပြင်ဆင်ထားသော အခွန်ကြေညာလွှာကို တင်သွင်းနိုင်သည့် ကာလမှာ လေးနှစ်ဖြစ်သည်။

(ခ) ပုဒ်မခွဲ (က) အရ "တစ်ဦးချင်းပုဂ္ဂိုလ်" ကို ရည်ညွှန်းချက်များသည် "ကုမ္ပဏီ" ကို ရည်ညွှန်းခြင်းဖြစ်သည်ဟု မှတ်ယူလျက် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂) နှင့် (၃) တို့သည် အသေးစားလုပ်ငန်းတစ်ခုကို ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုအပေါ်တွင်လည်း အကျိုးသက်ရောက်စေရမည်။

(ဂ) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ကုမ္ပဏီတစ်ခု၏ လုပ်ငန်းသည် အောက်ပါအခြေအနေများနှင့် ကိုက်ညီပါက အသေးစားလုပ်ငန်းဖြစ်သည် –

(၁) ယင်းလုပ်ငန်းကို မြန်မာနိုင်ငံအတွင်း၌ အပြည့်အဝ ဆောင်ရွက်ခြင်း၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းအရပ်ရပ်မှ နှစ်စဉ် စုစုပေါင်းရောင်းရငွေ၊ ရငွေသည် ကျပ်သိန်း ၅၀၀ ထက် မပိုခြင်း။

(ဃ) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ကုမ္ပဏီတစ်ခု၏ လုပ်ငန်းအရပ်ရပ်မှ နှစ်စဉ်စုစုပေါင်း ရောင်းရငွေ၊ ရငွေသည် ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တွင် သတ်မှတ်ထားသည့် ငွေကြေးပမာဏထက် ပိုမိုခြင်း ရှိ/မရှိ ဆုံးဖြတ်ရာ၌ ညွှန်ကြားရေးမှူးချုပ်သည် ယင်း တစ်ဦးချင်းပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ၏ တွဲဖက်လုပ်ကိုင်သူတစ်ဦး၏ လုပ်ငန်းမှဝင်ငွေကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။

**အခွန်ဆိုင်ရာစာရင်းထိန်းသိမ်းထားရှိမှု နည်းလမ်းပြောင်းလဲခြင်း**

၄၂။ (က) ပုဂ္ဂိုလ်တစ်ဦး၏ ငွေရေးကြေးရေးနှင့် လုပ်ငန်းအခြေအနေများ ပြောင်းလဲသွားခြင်း ကြောင့် ဤဥပဒေအရ ဆောင်ရွက်သည့် ယင်းပုဂ္ဂိုလ်၏ စာရင်းထိန်းသိမ်းထားရှိမှု နည်းလမ်းပြောင်းလဲသွားလျှင် ယင်းပုဂ္ဂိုလ်သည် ယင်းအပြောင်းအလဲ ပေါ်ပေါက်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့် ရေးသားလျက် အကြောင်းကြားရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အပင်နှင့် အပင်ထွက်ပစ္စည်းဖျက်ပိုးပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဆ) ဥပဒေအရ သတ်မှတ်သည့်ဖျက်ပိုးကို အမျိုးအစားခွဲခြားခြင်း၊

( ဇ ) ဖျက်ပိုးအန္တရာယ်ဆန်းစစ်ချက် ဆောင်ရွက်ခြင်း၊

( ဈ ) နိုင်ငံအတွင်းတင်သွင်းရန် ဖျက်ပိုးကင်းရှင်းမှု လိုအပ်ချက်များနှင့် သတ်မှတ်ချက်များကို သက်ဆိုင်ရာပြည်ပနိုင်ငံ၏ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားခြင်း၊

(ည) ဖျက်ပိုးကျရောက်မှုနည်းသော ဧရိယာများ၊ ဖျက်ပိုးကင်းရှင်းသော ဧရိယာများကို သတ်မှတ်နိုင်ရန် စစ်တမ်းကောက်ယူခြင်းနှင့် အန္တရာယ်ရှိနိုင်သည့် ဧရိယာများကို ကာကွယ်ခြင်းနှင့် ဗဟိုကော်မတီသို့စိစစ်တင်ပြခြင်း၊

( ဋ ) အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိတစ်မျိုးမျိုးကို တင်သွင်းခွင့်လက်မှတ်ထုတ်ပေးခြင်း၊

( ဌ ) အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ကုန်သွယ်မှုပြုရာတွင် ကုန်သွယ်ဖက်နိုင်ငံမှ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ ဖျက်ပိုးကင်းရှင်းရေး သတ်မှတ်ချက်များနှင့်အညီ မိမိပြည်တွင်းမှ တင်ပို့သူများအား အသိပေးခြင်းနှင့်စစ်ဆေး၍ ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း၊

( ဍ ) အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တစ်ဆင့်ပြန်လည်တင်ပို့ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဖျက်ပိုး ကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊

( ဎ ) ကုန်စည်စုများကို တင်ပို့ရာတွင် အသုံးပြုထားသော သစ်သားထုပ်ပိုးပစ္စည်းများကို အပြည်ပြည်ဆိုင်ရာ အပင်ကျန်းမာရေး စံချိန်စံညွှန်းနှင့်အညီ လိုအပ်သည့် အစီအမံများပြုလုပ်ပြီး ထိန်းချုပ်ဖျက်ပိုးကင်းရှင်းကြောင်း အမှတ်တံဆိပ် ရိုက်နှိပ်ခြင်း၊

(ဏ) ဖျက်ပိုးမပြန့်ပွားစေရေးအတွက်လိုအပ်ပါက ကြားစခန်းမှ လွှဲပြောင်းမည့် ကုန်စည်စု အမျိုးအစားနှင့် သယ်ယူသည့်စနစ်များနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြင်ပပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(တ) လိုအပ်သောဆေးစီရင်မှုများ ပြုလုပ်ရာတွင်လည်းကောင်း၊ ဖျက်ဆီးရာတွင် လည်းကောင်း ကြီးကြပ်ဆောင်ရွက်ခြင်း သို့မဟုတ် မူရင်းနိုင်ငံသို့ပြန်ပို့ခြင်း၊

(ထ) အန္တရာယ်ရှိသော ဖျက်ပိုးပါရှိလာသည်ဟု သံသယရှိပါက ယင်းကုန်စည်စုကို တင်သွင်း ဝင်ရောက်ပြီးနောက် ထိန်းချုပ်ရန်နေရာသို့ ယူဆောင်ထားရှိပြီး စစ်ဆေးခြင်း၊

( ဒ ) ဖျက်ပိုးကင်းရှင်းမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများပြုစုခြင်းနှင့် ဖျက်ပိုးကင်းရှင်းမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

( ဓ ) စစ်ဆေးရေးမှူး၏ အရည်အချင်းသတ်မှတ်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

( န ) စစ်ဆေးခြင်းအတွက် ဝန်ဆောင်ခနှုန်းထားနှင့် ဒဏ်ကြေးငွေကို ဗဟိုကော်မတီက အတည်ပြုသတ်မှတ်နိုင်ရန် အဆိုပြုတင်ပြခြင်း၊

( ပ ) နိုင်ငံအတွင်းရှိ ဖျက်ပိုးနှင့် ဥပဒေအရသတ်မှတ်သည့် ဖျက်ပိုးများဆိုင်ရာ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် နည်းပညာနှင့် အတွေ့အကြုံ ဖလှယ်ခြင်း၊

( ဖ ) ဖျက်ပိုးကင်းရှင်းရေးလုပ်ထုံးလုပ်နည်းများ ရေးဆွဲ၍ ဗဟိုကော်မတီသို့တင်ပြခြင်း။

( ဗ ) ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်နှင့် တင်သွင်းခွင့်လက်မှတ်ထုတ်ပေးခြင်းအတွက် ဝန်ဆောင်ခများကို ဗဟိုကော်မတီသို့အဆိုပြုတင်ပြခြင်း

၇။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဖျက်ပိုးဝင်ရောက်ခြင်းနှင့် ပြန့်ပွားခြင်းကိုကာကွယ်ရန် အဝင်အထွက် စစ်ဆေးရေးစခန်းများတွင် ကုန်စည်စုများကို စစ်ဆေးခြင်း၊ လိုအပ်ပါက ဖျက်ပိုးသတ်ခြင်းနှင့် ဖျက်ပိုးသန့်စင်ခြင်း၊

( ခ ) ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ်ထုတ်ပေးပြီးနောက် တင်ပို့ခြင်း မပြုလုပ်မီ ဖျက်ပိုးထပ်မံမကျရောက်စေရေးအတွက် သင့်လျော်သော ဖျက်ပိုးကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ဂ ) ဖျက်ပိုးဝင်ရောက်ခြင်းနှင့် ပြန့်ပွားခြင်းကိုကာကွယ်ရန် အဝင်အထွက်စစ်ဆေးရေးစခန်းများတွင်သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် သိုလှောင်ရုံများကို ကြီးကြပ်စစ်ဆေးခြင်း၊

(ဃ) အပင်၊အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းရာတွင် ဖျက်ပိုးကင်းရှင်းရေး အစီအမံနှင့်မကိုက်ညီပါက တင်သွင်းမှုကို ငြင်းပယ်ခြင်း သို့မဟုတ် ရပ်ဆိုင်းထားခြင်း၊

( င ) ကြားစခန်းရှိကုန်စည်စုများနှင့် စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ဖျက်ပိုးကင်းရှင်းရေး အစီအမံများ ဆောင်ရွက်ခြင်းတို့ကို ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊

( စ ) မိမိအဖွဲ့၏ကိုယ်စားလုပ်ငန်းတာဝန်များကို အချိန်မီဆောင်ရွက်နိုင်ရန် လိုအပ်ပါက စစ်ဆေးရေးမှူးအား တာဝန်ပေးအပ်ခြင်း၊

(ဆ) ပြင်ပကျွမ်းကျင်သည့်အဖွဲ့များက အပင်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန် လျှောက်ထားလာလျှင် စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း။

### အခန်း (၅)
### ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်း

၈။ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ပြည်ပမှတင်သွင်းလိုသူသည်–

(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ တင်သွင်းခွင့်လိုင်စင်၊ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက် လျှောက်ထားခြင်းမပြုမီ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သို့ သတ်မှတ်ထားသော ဝန်ဆောင်ခပေးသွင်း၍ တင်သွင်းခွင့်လက်မှတ်ရယူရန် ဦးစွာလျှောက်ထားရမည်။

( ခ ) ပုဒ်မခွဲ(က) အရ လျှောက်ထားမှုကိုခွင့်ပြုချက်ရရှိ၍ ကုန်စည်စုတင်သွင်းရောက်ရှိလာသည့်အခါ အကောက်ခွန်ဦးစီးဌာနနှင့်အတူ ပူးပေါင်းစစ်ဆေးနိုင်ရေးအတွက် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သို့ အမြန်ဆက်သွယ်အကြောင်းကြားရမည်။

( ဂ ) အဝင်အထွက်စစ်ဆေးရေးစခန်းများ၌ ကုန်စည်စုရောက်ရှိလာပါက ဖျက်ပိုးကင်းရှင်းရေးစစ်ဆေးဆောင်ရွက်နိုင်ရန် အကောက်ခွန်ဦးစီးဌာနနှင့်ညှိနှိုင်းပြီး ကုန်စည်စု နမူနာထုတ်ယူ၍ ကုန်သွယ်ဖက်နိုင်ငံမှ ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက် လက်မှတ်နှင့်အတူ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ စစ်ဆေးခြင်းကိုခံယူရမည်။ စစ်ဆေးခြင်းအတွက် သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ပေးဆောင်ရမည်။

(ဃ) ပြည်ပချောစာပို့ ဌာနများသို့ ကုန်ပစ္စည်းရောက်ရှိလာပါက ဖျက်ပိုးကင်းရှင်းရေး စစ်ဆေးဆောင်ရွက်နိုင်ရန် မြန်မာ့စာတိုက်လုပ်ငန်း၊ အခြားပြည်ပချောပို့လုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာနတို့နှင့် ညှိနှိုင်းပြီး ကုန်ပစ္စည်းနမူနာထုတ်ယူ၍ ကုန်သွယ်ဖက်နိုင်ငံမှ ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်နှင့်အတူ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ စစ်ဆေးခြင်းကိုခံယူရမည်။ စစ်ဆေးခြင်းအတွက် သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ပေးဆောင်ရမည်။

( င ) ဖျက်ပိုးကင်းရှင်းကြောင်းအတည်ပြုချက်ရရှိပြီးမှသာ ကုန်စည်စု သို့မဟုတ် ကုန်ပစ္စည်းထုတ်ယူရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရမည်။

( စ ) ယခင်က ပြည်တွင်းသို့ လုံးဝတင်သွင်းခြင်းမပြုဖူးသေးသော အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိ အမျိုးအမည်အသစ် တင်သွင်းလိုပါက ဖျက်ပိုးအန္တရာယ်ဆန်းစစ်ခြင်း ဆောင်ရွက်ရန် ကုန်ကျစရိတ်ကို တင်သွင်းသူမှ ပေးဆောင်ရမည်။

၉။ အပင်၊အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ပြည်ပသို့ တင်ပို့လိုသူသည်–

(က) ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ရယူရန် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သို့ သတ်မှတ်ထားသော ဝန်ဆောင်ခကို ပေးဆောင်၍ လျှောက်ထားရယူရမည်။

( ခ ) ပုဒ်မခွဲ(က) အရ လျှောက်ထားရာတွင် တင်ပို့မည့်ပြည်ပနိုင်ငံ၏ သတ်မှတ်ချက်အရ ဖျက်ပိုးသန့်စင်ခြင်း သို့မဟုတ် ဖျက်ပိုးသတ်ခြင်းများ လုပ်ဆောင်ရန်လိုအပ်ပါက ပိုးသတ်ဆေးဥပဒေအရ ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူက ထုတ်ပေးသော ပိုးသတ်မှိုင်းတိုက်ခြင်းပြီးစီးကြောင်း အထောက်အထားကို တင်ပြရမည်။

( ဂ ) ဖျက်ပိုးကင်းရှင်းမှု ရှိမရှိ စစ်ဆေးခြင်းအတွက် သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ပေးဆောင်ရမည်။

(ဃ) မတင်ပို့မီ ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက် လက်မှတ် လျှောက်ထားရရှိမှသာ တင်ပို့ခြင်းပြုရမည်။

၁၀။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် ပြည်ပမှတင်သွင်းမည့် သို့မဟုတ် ပြည်ပသို့တင်ပို့မည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ သီးနှံကာကွယ်ရေးကွန်ဗင်းရှင်းက ချမှတ်ထားသော အပင်ကျန်းမာရေး စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးရမည်။

၁၁။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် ပုဒ်မ ၈ နှင့် ၉ တို့အရ လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက တင်သွင်းခွင့်လက်မှတ် သို့မဟုတ် ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ် ထုတ်ပေးရမည်။

၁၂။ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းပြုလုပ်ရာတွင် ဤဥပဒေအရဆောင်ရွက်ရမည့်လုပ်ငန်း လိုအပ်ချက်အတွက် သယ်ယူပို့ဆောင်မှု သို့မဟုတ် သိုလှောင်ထိန်းသိမ်းမှုကုန်ကျစရိတ်ကို သက်ဆိုင်ရာပစ္စည်းတင်သွင်းသူ သို့မဟုတ် တင်ပို့သူက ကျခံရမည်။

### အခန်း (၆)
### စစ်ဆေးရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အဝင်အထွက်စစ်ဆေးရေးစခန်းများတွင် ဖျက်ပိုးကင်းရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

( ခ ) ဖျက်ပိုးကင်းရှင်းရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို သယ်ဆောင်လာသည့် ယာဉ်များကို အဝင်အထွက်စစ်ဆေးရေးစခန်းမှ ဈေးကွက်ရောက်သည်အထိ သက်ဆိုင်သူအား အသိပေး၍ အချိန်မရွေး၊ နေရာမရွေး စစ်ဆေးခွင့်ရှိခြင်း၊

( ဂ ) ကုန်စည်စုတစ်ခုတွင်ပါဝင်သည့် ကုန်ပစ္စည်းအမျိုးအစားအလိုက် ဖျက်ပိုးကင်းရှင်းရေး လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ ဆုံးဖြတ်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်း၊

(ဃ) ဤဥပဒေအရထုတ်ပြန်သည့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်စည်စုများကို စစ်ဆေးခြင်း၊ မှတ်ပုံတင်စာရင်းရေးသွင်းခြင်း၊

( င ) ကုန်စည်စုစစ်ဆေးခြင်းနှင့် တစ်ပြိုင်တည်း ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုယ်စားပြုနမူနာရယူပြီး မျက်မြင်စစ်ဆေးခြင်း၊ လိုအပ်ပါက ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေး၍ ဖျက်ပိုးအမျိုးအစား အတည်ပြုချက်ရယူခြင်းနှင့် သတ်မှတ်ထားသော ဓာတ်ခွဲစစ်ဆေးခကို ကုန်စည်စုကိုတင်သွင်းသူ သို့မဟုတ် တင်ပို့သူက ပေးဆောင်စေခြင်း၊

( စ ) ဖျက်ပိုးစစ်ဆေးသည့်လုပ်ငန်းကို နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ ဆောင်ရွက်ခြင်း၊

(ဆ) တင်သွင်းလာသော ဖျက်ပိုးတွေ့ရသည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု၊ အကျိုးပြုသက်ရှိ သို့မဟုတ် ထိန်းချုပ်ဖျက်ပိုးများ ကပ်ငြိပါလာနိုင်သည့် အခြားပစ္စည်းအားလုံးကို စစ်ဆေးပြီး ကာကွယ်နှိမ်နင်းရမည့်နည်းလမ်းများသတ်မှတ်၍ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာပစ္စည်းများကို ဖျက်ဆီးရန်လိုအပ်သည့် အခြေအနေမျိုးတွင် ညွှန်ကြားရေးမှူးထံ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊

( ဇ ) စစ်ဆေးရာတွင် ဖျက်ပိုးအသစ်တွေ့ရှိပါက သင့်လျော်သည့် အရေးပေါ်လုပ်ဆောင်မှုများကို ပြုလုပ်ခြင်းနှင့် ယင်းဖျက်ပိုး အန္တရာယ်ဆန်းစစ်ချက်ကို ဆောင်ရွက်ခြင်း၊

( ဈ ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုပြုလုပ်ပြီး စစ်ဆေးမှု အစီရင်ခံစာကို ညွှန်ကြားရေးမှူးထံ ပြုစုတင်ပြခြင်း၊

(ည) မိမိ၏ဆုံးဖြတ်ချက်များ သို့မဟုတ် ဆောင်ရွက်ချက်များသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီကြောင်း တာဝန်ယူခြင်း၊

( ဋ ) ကုန်ပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းနှင့် စပ်လျဉ်းသည့် ကုန်သွယ်မှုဆိုင်ရာ လျှို့ဝှက်ချက်များအား ထိန်းသိမ်းထားရှိခြင်း။

### အခန်း (၇)
### ဖျက်ပိုးကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များအတွက် စစ်ဆေးဆုံးဖြတ်ခြင်း

၁၄။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည်–

(က) တင်သွင်းသည့်ကုန်စည်စုများနှင့် စပ်လျဉ်း၍ အောက်ပါအချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိပါက ယင်းတွေ့ရှိချက်ကို တင်ပို့သောနိုင်ငံသို့ သတ်မှတ်ပုံစံဖြင့် အသိပေးအကြောင်းကြားရမည်–

( ၁ ) ဖျက်ပိုးကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်း၊

( ၂ ) ဥပဒေအရသတ်မှတ်သည့်ဖျက်ပိုး စစ်ဆေးတွေ့ရှိခြင်း၊

( ၃ ) ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်များပေါ်တွင် ဖျက်ရာများ၊ ပြင်ဆင်ရာများရှိခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# ဈေးနှုန်းတင်သွင်းရန်ဖိတ်ခေါ်ခြင်း

တင်ဒါအမှတ် MM-09184-NCB-001ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သတင်းပြန်ကြားရေး ကောင်တာအဆောက်အဦအကြီးစားမွမ်းမံနိုင်ရေး ဒီဇိုင်းပုံစံပြင်ဆင်ရေးဆွဲရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အဆိုပြုဈေးနှုန်း တင်သွင်းရန်ဖိတ်ခေါ်ပါသည်-

**စီမံကိန်း အမည်။** အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းကြောင်းတစ်လျှောက်ရှိ နွမ်းပါးသူများနှင့် အမျိုးသမီးများအတွက် စီးပွားရေးစွမ်းဆောင်မှုမြှင့်တင်ရေးစီမံကိန်း (Grant 9184 MYA Economic Empowerment of the poor and women in the East West Economic Corridor Project)

တင်ဒါနံပါတ် MM 09184-NCB-001 မော်လမြိုင်မြို့ရှိ သတင်းပြန်ကြားရေး ကောင်တာ အဆောက်အဦ အကြီးစားမွမ်းမံပြင်ဆင်နိုင်ရေး ဒီဇိုင်းပုံစံပြင်ဆင်ရေးဆွဲရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်။

**လုပ်ငန်းတည်နေရာ။** အမှတ် - ၁၁၈၊ အောက်လမ်းမကြီး (ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ သတင်းနှင့်ပြန်ကြားရေး ကောင်တာအဆောက်အဦ) မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

**ဝယ်ယူရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်-**

| | | |
|---|---|---|
| ၁။ | **ဈေးနှုန်းအဆိုပြုစာရွက်စာတမ်းများထုတ်ပေးခြင်း** | - ၂၇-၇-၂၀၂၀ ရက် (၀၉:၃၀)နာရီ |
| ၂။ | **ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ရေးအကြိုအစည်းအဝေး** (၀၉ ၄၂၀၇၀၄၈၀၈ သို့ Skype ဖြင့် ဆက်သွယ်ပေးပါရန်) | - ၅- ၈ -၂၀၂၀ ရက် (၁၁:၀၀)နာရီ |
| ၃။ | **နောက်ဆုံးတင်သွင်းရမည့်ရက်** | - ၂၄-၈-၂၀၂၀ ရက် (၁၅:၄၅) နာရီ |
| ၄။ | **ဈေးနှုန်းအဆိုပြုလွှာများဖွင့်လှစ်ခြင်း** | - ၂၄-၈-၂၀၂၀ ရက် (၁၆:၀၀)နာရီ စီမံကိန်းစီမံခန့်ခွဲမှုရုံး၊ နေပြည်တော် |

(ဈေးနှုန်းတင်သွင်းသူများ၏ကိုယ်စားလှယ်များရှေ့မှောက်တွင် ဖွင့်ပါမည်။)

ဈေးနှုန်းအဆိုပြုလွှာ။ တင်သွင်းရမည့်နေရာစီမံကိန်းစီမံခန့်ခွဲမှုရုံး Grant 9184 MYA ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်၊ e-mail.planandstat@tourism.gov.mm

**ဈေးနှုန်းအဆိုပြုလွှာ။** စာရွက်စာတမ်းများ-ဈေးနှုန်းအဆိုပြုလွှာစာရွက်စာတမ်း(SoftCopy)များကို စီမံကိန်းစီမံခန့်ခွဲမှုရုံး၊ စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော် (သို့) www.empowermentmonstate.org ဝက်ဘ်ဆိုဒ်(သို့) planandstat@tourism.gov.mm ထံသို့ အီးမေးလ်ပေးပို့ရယူနိုင်ပါသည်။

- အခြားသိလိုသော သတင်းအချက်အလက်များရှိပါက ဦးတင်ထွန်းအောင် စီမံကိန်းညွှန်ကြားရေးမှူး၊ စီမံကိန်း စီမံခန့်ခွဲမှုအဖွဲ့ (PMU)၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်

တယ်လီဖုန်း : +9567406102

ဖက်စ် : +9567406098

အီးမေး : planandstat@tourism.gov.mm

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ဝယ်ယူရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများသာ ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရပါမည်-

**(က) ဘဏ္ဍာရေးအရည်အသွေး ပြည့်မီခြင်း**

အဆိုပြုလွှာတင်သွင်းသူသည်လွန်ခဲ့သော(၅)နှစ်အတွင်းဆောင်ရွက်ခဲ့သောဆောက်လုပ်ဆဲ(သို့) ဆောက်လုပ်ပြီး လုပ်ငန်းစာချုပ်များအတွက် ရရှိသော စုစုပေါင်း အသိအမှတ်ပြုငွေပမာဏအဖြစ် တွက်ချက်ပြီး စုစုပေါင်း အနည်းဆုံး ပျမ်းမျှတစ်နှစ်ငွေကြေးလည်ပတ်မှုနှုန်း အမေရိကန်ဒေါ်လာ (၆၉၀,၀၀၀) ရှိရပါမည်။ (ရည်ညွှန်း - အခန်း(၄)၊ ပုံစံ-FIN2 ဆောက်လုပ်ရေးလုပ်ငန်းမှ တစ်နှစ်ပျမ်းမျှ ငွေကြေးလည်ပတ်နှုန်း)

ဈေးနှုန်းအဆိုပြုလွှာတင်သွင်းသူသည် စံနှုန်းသတ်မှတ်ချက်ထက်နည်းသောဘဏ္ဍာရေးအရင်းအမြစ်သာရှိပါက သေချာစွာရှင်းလင်းတင်ပြရမည်ဖြစ်သည့်အပြင် စံနှုန်းသတ်မှတ်ထားသော အမေရိကန်ဒေါ်လာ (၁၁၅,၀၀၀)အရ လက်ရှိကန်ထရိုက်အတွက် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ကတိပြုထားသော ငွေကြေးရှိကြောင်း (သို့မဟုတ်) ပိုမိုကြောင်း သေချာစွာရှင်းလင်းတင်ပြရပါမည်။

**(ခ) လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းအတွေ့အကြုံ**

ဈေးနှုန်းအဆိုပြုလွှာတင်သွင်းသူသည် လွန်ခဲ့သော (၅)နှစ်အတွင်း ယခုဆောင်ရွက်မည့် လုပ်ငန်းနှင့်ဆင်တူသော (က)ဆောက်လုပ်ရေးလုပ်ငန်း အနည်းဆုံးတစ်ခုကို အောင်မြင်စွာ (သို့) သိသိသာသာပြီးစီးစွာ ဆောင်ရွက်နိုင်သည့် အတွေ့အကြုံရှိရမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ (၁၄၀,၀၀၀) ထက်ပိုသော တန်ဖိုးကို ရင်းနှီးမှုပြုနိုင်ခြင်းရှိရပါမည် (သို့) (ခ) လွန်ခဲ့သော (၅)နှစ်အတွင်း ယခုဆောင်ရွက်မည့်လုပ်ငန်းနှင့် ဆင်တူသော ဆောက်လုပ်ရေးလုပ်ငန်းအနည်းဆုံးနှစ်ခုကို အောင်မြင်စွာ (သို့) သိသိသာသာ ပြီးစီးစွာ ဆောင်ရွက်နိုင်သည့် အတွေ့အကြုံရှိရမည်ဖြစ်ပြီး ၎င်းလုပ်ငန်းစာချုပ်တစ်ခုစီ၏ တန်ဖိုး အမေရိကန် ဒေါ်လာ (၈၆,၀၀၀) ထက်ပိုသောတန်ဖိုးကို ရင်းနှီးမြှုပ်နှံမှုပြုနိုင်ရပါမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်နယ်အစိုးရအဖွဲ့ရုံး
# ကရင်ပြည်နယ်၊ ဘားအံမြို့
# လျှောက်လွှာခေါ်ယူခြင်း
# ကြော်ငြာစာအမှတ် ၂/၂၀၂၀
# ၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ ရက်
# ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၆ ရက်

၁။ ကရင်ပြည်နယ်ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံကြီး/ဆေးရုံ/တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ရန် လက်ထောက်ဆရာဝန်ရာထူး(လစာနှုန်းကျပ်-၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) နေရာများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ဆရာဝန် | ၄၁ နေရာ | ဆေးပညာဘွဲ့(M.B,B.S) |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

(ခ) လျှောက်လွှာပိတ်ရက်တွင်အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကျန်းမာကြောင်း ဆေးလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်၊

(ဃ) လျှောက်လွှာပိတ်ရက်တွင် M.B,B.S(ဆေးပညာဘွဲ့)နှင့် လက်ရှိတရားဝင်ဆရာဝန်အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ)ကိုင်ဆောင်ထားသူဖြစ်ရမည်။ မိတ္တူများကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်ဖြစ်ပြီး တင်ပြနိုင်မှုမရှိပါက ပယ်ဖျက်မည်ဖြစ်ပါသည်။

(င) ကရင်ပြည်နယ်အတွင်း အသားတင်လုပ်သက် (၃)နှစ်ပြည့်အောင် နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(စ) ဆေးပညာမဟာသိပ္ပံဘွဲ့လွန် စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး အောင်မြင်ပါက တက်ရောက်ခွင့်ပြုပါမည်။ သို့ရာတွင် ဆေးပညာဘွဲ့လွန်သင်တန်းအောင်မြင်ပြီး ကျွမ်းကျင်မှုရရှိရေး လေ့ကျင့်ရေးကာလပြီးဆုံးပြီးနောက် ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်မှု(၃)နှစ်ပြည့်အောင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဆ) ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၃၁-၈-၂၀၂၀ရက်အရောက် လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက် ၃၁-၈-၂၀၂၀ ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ စာမေးပွဲဝင်ကြေး ၅၀၀၀ိ/- အား ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေစာရင်းအမှတ် (MD-021971)သို့ ပေးသွင်းရမည်။

၅။ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၆-၈-၂၀၁၉ ရက်စွဲပါစာအမှတ် ၂၁၄၃/ရွေးချယ်ရေး(အဓိက)/၂၀၁၉ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်နေ့ရက်နှင့် နေရာ၊စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးမည့်နေ့ရက်နှင့် ဖြေဆိုရမည့်နေရာတို့ကို ထပ်မံကြော်ငြာပေးပါမည်။

၇။ အခြားစုံစမ်းမေးမြန်းလိုခြင်းရှိပါက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၅၈-၂၃၄၃၆ နှင့် ကရင်ပြည်နယ်ကုသရေးဦးစီးဌာန ဖုန်း-၀၅၈-၂၃၄၉၃ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကရင်ပြည်နယ်အစိုးရအဖွဲ့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယား ဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်-၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါပိတ်ချိန် နေ့ရက် | တင်ဒါပိတ်ချိန် နာရီ | တင်ဒါဖွင့်ချိန် နေ့ရက် | တင်ဒါဖွင့်ချိန် နာရီ |
|---|---|---|---|---|---|
| အမှတ်(၄) ဓာတ်မြေသြဇာ စက်ရုံ(မြောင်းတကာ) | ၃,၀၀၀ | ၁-၉-၂၀၂၀ | ၁၂:၀၀ | ၁-၉-၂၀၂၀ | ၁၄:၀၀ |
| | ၃,၀၀၀ | ၈-၉-၂၀၂၀ | ၁၂:၀၀ | ၈-၉-၂၀၂၀ | ၁၄:၀၀ |
| | ၃,၀၀၀ | ၁၅-၉-၂၀၂၀ | ၁၂:၀၀ | ၁၅-၉-၂၀၂၀ | ၁၄:၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာ စက်ရုံ(ကန်ကြီးထောင့်) | ၃,၀၀၀ | ၁-၉-၂၀၂၀ | ၁၂:၀၀ | ၁-၉-၂၀၂၀ | ၁၄:၀၀ |
| | ၃,၀၀၀ | ၈-၉-၂၀၂၀ | ၁၂:၀၀ | ၈-၉-၂၀၂၀ | ၁၄:၀၀ |
| | ၃,၀၀၀ | ၁၅-၉-၂၀၂၀ | ၁၂:၀၀ | ၁၅-၉-၂၀၂၀ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | တင်ဒါပိတ်မည့်ရက် |
|---|---|---|---|
| ၁ | 60(T)/YESC/ 2019-2020 | အိမ်သုံးမီတာ၊ပါဝါမီတာနှင့်စီတီမီတာများဝယ်ယူရန် | ၂၉.၉.၂၀၂၀ |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၂၇.၇.၂၀၂၀) မှ (၂၈.၉.၂၀၂၀)ထိ

တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ပစ္စည်းစီမံရေးဌာန၊**
**ရန်ကုန်မြို့ ၊ဖုန်း၊ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့တွင်းလမ်းများအား နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် AC Plants နှင့် လမ်းခင်းရန်လိုအပ်သော ဆက်စပ်ပစ္စည်းနှင့် ယာဉ်၊ စက်၊ ယန္တရားများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | | |
|---|---|---|---|
| Lot(1) | Asphalt Double Drum Mix Plant (40-60 TPH) With Cenerator | 1 | Sets |
| Lot (2) | (က) AC Paving Machines Asphalt Paver (Track type) | 1 | No. |
| | (ခ) Vibrating (Tandem Roller) (8 ton-10 ton) with edge catter | 1 | No. |
| | (ဂ) Pneumatic Tire Roller (14 ton) | 1 | No. |
| Lot (3) | Wheel Loader (10 ton, 1.8 m3) | 1 | No. |
| Lot (4) | Grader (14 ton -18 ton) | 1 | No. |
| Lot (5) | Hydraulic Excavator (3.5 ton) | 1 | No. |

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ မုံရွာမြို့

(ခ) **လျှောက်လွှာစတင်ရယူရမည့်ရက်** - ၂၄-၇-၂၀၂၀ရက်မှ ၁၄-၈-၂၀၂၀ရက်ထိ

(ဂ) **တင်ဒါတင်သွင်းရန်** - ၁၄-၈-၂၀၂၀ရက်၊ ၁၆:၀၀နာရီ

(ဃ) **တင်ဒါဖွင့်ရက်** - ၁၇-၈-၂၀၂၀ရက် နံနက် ၉:၀၀နာရီတွင် နည်းပညာအဆိုပြုလွှာပါစာရွက်စာတမ်းများ စိစစ်မှတ်တမ်းယူခြင်း၊ (၁၈-၈-၂၀၂၀)ရက် ၉:၀၀နာရီတွင် Presentation တင်ပြခြင်းနှင့် ဈေးနှုန်းလျှောက်လွှာများဖွင့်လှစ်ခြင်း

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ မုံရွာမြို့၊ ဖုန်း-၀၇၁- ၂၀၂၃၁၅၊ ၀၇၁-၂၀၂၂၂၄၈၊ ၀၇၁-၂၀၂၂၈၈၆သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ဇန်းမော်မြို့ အထက(၆) တက္ကသိုလ်ဝင်တန်းမှ မောင်စည်သူဝင်းနှင့် စတုတ္ထတန်းမှ မောင်ရဲထွဋ်ဝင်း တို့၏ဖခင် ဦးမြဝင်းနှင့် ဦးဝင်းကြိုင် ၁/ဗမန(နိုင်)၀၅၉၉၃၀သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမြဝင်း(ခ)ဦးဝင်းကြိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/1635 Toyota KM75 P/U(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဝင်း ၉/မထလ(နိုင်)၂၅၉၆၉၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ဃ/၈၀၇၅၁ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်းဦး ၉/ခမစ(နိုင်)၀၀၆၃၉၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/4494 Subaru Sambar TT1 Pickup(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်မြင့် ၁၃/တကန(နိုင်)၁၄၄၄၇၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၉၈-ပဲမိုကုန်း၊ မြေကွက်အမှတ် ၈၈/ခ ၊ဧရိယာ ၀ ဒသမ ၀၂၇၅ ဧက မြေကွက်တည်နေရာအမှတ် (၈၈)၊ စပါယ်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် (မောင်ဘအုံးဖေ၊မဒေါ်)အမည်ပေါက် B မြေပိုင် ၃(က)ရပြီး မြေအား အင်းစိန်မြို့နယ် တရားရုံးတရားမကြီးမှုအမှတ် ၁၁၇/၂၀၁၅ဖြင့် အိမ်ယာမြေ ၃/က လျှောက်ထားပေးရန်နှင့် မြေကွက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု၏ ၄-၁၂-၂၀၁၅ ရက်စွဲပါ တရားရုံးစီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၁၂/၂၀၁၆)ဖြင့် ဘိလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်လိုက်သည့် ၅-၂-၂၀၁၆ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း၊ အင်းစိန်မြို့နယ်တရားရုံးမှ ဒေါ်မိုးမိုးအေးအား ဘိလစ်ခန့်အပ်ကြောင်း၂၉-၁-၂၀၂၀ ရက်စွဲဖြင့် ဌာနသို့ အကြောင်းကြားစာ၊ ၃(က)လက်မှတ်တင်ပြပြီး ဘိလစ်ဒေါ်မိုးမိုးအေး ၁၂/အစန(နိုင်)၁၂၂၁၈၄ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၉၈-ပဲမိုကုန်း၊ မြေကွက် အမှတ် ၈၈ ၏ အစိတ်အပိုင်း ၊ဧရိယာ ၆ ဒသမ ၅၂၇၆ဧက၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာ အမှတ်(၇/ခ)၊ စပါယ်လမ်း၊ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်(မောင်ဘအုံးဖေ၊ မဒေါ်)အမည်ပေါက် B မြေပိုင်မြေ ၃(ခ)ပေး၍ကျန်မြေအား အင်းစိန်မြို့နယ် တရားရုံးတရားမကြီးမှုအမှတ် ၇၀/၂၀၁၉ ဖြင့် အိမ်ရာမြေ ၃/က လျှောက်ထားပေးရန်နှင့် မြေကွက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု၏ ၂၇-၈-၂၀၁၉ရက်စွဲပါ တရားရုံးအမိန့်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် (၄၄/၂၀၁၉)ဖြင့် ဘိလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်လိုက်သည့် ၁၆-၁-၂၀၂၀ ရက်စွဲပါ တရားရုံး နေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်၊အင်းစိန်မြို့နယ် တရားရုံးမှ ဒေါ်မိုးမိုးအေးအား ဘိလစ်ခန့်အပ်ကြောင်း ၂၄-၁-၂၀၂၀ ရက်စွဲဖြင့် ဌာနသို့အကြောင်းကြားစာ တင်ပြပြီး ဘိလစ် ဒေါ်မိုးမိုးအေး ၁၂/အစန(နိုင်)၁၂၂၁၈၄ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အမည်ဖြည့်စွက်ခြင်း

ဝိုင်းမော်မြို့နယ်၊ (အထက) အောင်မြေ-၁၊ အဋ္ဌမတန်းအောင်မှ မောင်ဇော်ဒန်ခေါင်အား မောင်ဖော်ယမ်ဇော်ဒန်ခေါင်ဟု ဖြည့်စွက်ခေါ်ပါရန်။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ပိတောက်ပင်ကျေးရွာ အလကခွဲ အဋ္ဌမတန်းမှ မတင်ဇာလွင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ခိုင် ၈/သရန(နိုင်)၀၇၃၃၀၁ ဖြစ်ပါကြောင်း။ **ဦးမြင့်ခိုင်**

## ပတ်စ်ပို့ပျောက်

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ နောင်ဟီကျေးရွာနေ မသီလာရူပါ ၁/ဝမန(နိုင်)၀၈၅၀၆၆၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၇၈၈၂၅၇**

## မွေးသက္ကရာဇ်အမှန်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ပညာကျော် ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ မောင်ကွမ်ဆောင်းမွန်းလတ်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၃-၂၀၀၅ ဖြစ်ပါကြောင်း။

**မောင်ကွမ်ဆောင်းမွန်းလတ်အောင်**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့၊ မူလွန်မြို့မ-၁ ၌ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ဒုတိယတန်းအောင်မြင်ခဲ့သူ မဘောက်ဂျာ၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြို့သစ်မြို့၊ ဈေးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၂-ဈေးရပ်)၊ ဦးပိုင်အမှတ်(၈၈/ခ)၊ ဧရိယာ ၀ ဒသမ ၀၇၂ ဧကရှိ မြေကွက်ကို ဦးမျိုးမင်းဦး-ဒေါ်အိရွှေစင်တို့အမည်ဖြင့် မြေဂရန်အသစ် ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါ သည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မိဘအမည်မှန်

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ အထက(၂)၊ ပဥ္စမတန်းအောင်မှ မလနော့နန်းဒွေးနှင့် မလနော့ခေါင်နန်းသည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးလနော့ဟောင်းခေါင် ၁၃/သနန(နိုင်)၀၂၀၂၉၁နှင့် ဒေါ်ဂျာဒွဲရာ ၁/ဝမန(နိုင်)၀၅၈၇၄၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/2095 Mitsubishi Canter FE74 DV L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသက်စိုးထွန်း ၉/အမဇ(နိုင်)၀၁၀၃၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/6439 Htila Star L/T(HL-39) Pickup(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးလင်းလင်း ၈/ပမန(နိုင်)၁၃၇၅၁၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်စန်းကြည်(အုတ်ဖို)
## အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၁၇၂၊ အောင်သိဒ္ဓိကျောင်းလမ်းနေ (သစ်တောအရေးပိုင်မင်း ဦးဘသော်-ဒေါ်ခင်နွဲ့)တို့၏သမီး၊ (ဦးညွန့်မောင်)(Yasuda Fire & Marine Insurance Co.)၏ချစ်လှစွာသောဇနီး၊ ဒေါ်သဇင်ညွန့်(Director, SMART Group of Companies Co.,Ltd)၊ ဦးဘုန်းမော်(Inchcape Marketing Services)-ဒေါ်နန်းသစ္စာ၊ ဒေါက်တာရဲကျော်အောင်(Bronx- Lebanon Hospital)- Ruth Aung (USA)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ရှစ်ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၂၅-၇-၂၀၂၀ရက်(စနေနေ့)နံနက် ၀၀:၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်မြိုင်
## အသက်(၉၆)နှစ်

မန္တလေးတိုင်းဒေသကြီးနေ (ဦးကျော်-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးဘမောင်-ဒေါ်မြင့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်၁၅၈(ပထမထပ်)နေ (ဦးဗိုလ်သန်း)၏ဇနီး၊ (ဦးဝင်းမောင်)-ဒေါ်သန်းသန်းနွဲ့၊ (ဦးဝင်း)-ဒေါ်ခင်စန်းဝေ၊ (ဦးတင်မောင်ဝင်း)၊ (ဦးတောင်ကြီး)-ဒေါ်ညိုညိုခင်၊ ဒေါ်စုစုခင်၊(ဦးလှိုင်ဘွား)၊ ဦးထွေးအောင် -ဒေါ်ကေသီရွှေ၊ ဦးမင်းဟိန်း-ဒေါ်ချိုသိမ့်စိုး၊ ဦးစိုးထိုက်-ဒေါ်မိုးကလျာဦး၊ ဦးသန်းဦး-ဒေါ်သင်းသင်းလှိုင်၊ ဦးကောင်းမြတ်ထွန်း- ဒေါ်ခင်မြတ်ကြွယ်တို့၏မိခင်၊ မြေး ၂၀ယောက်၊ မြစ် ၁၅ ယောက်တို့၏ အဘွားသည် ၂၅-၇-၂၀၂၀ရက်(စနေနေ့)နံနက် ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ကျင်စု
## (ဇေယျာသီရိဆန်စက်)
## ခရမ်းမြို့
## အသက် (၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အောင်ဇေယျနေ(ဦးအုန်းစိန်-ဒေါ်အွန်နာ)တို့၏သမီး၊ ခရမ်းမြို့နေ(ဦးရဲလှ-ဒေါ်ကျင်စိန်)တို့၏သမီး ချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၄၆/၄၈၊ ရွှေတိဂုံဘုရားလမ်းနှင့် ခရမ်းမြို့၊ ဗုဒ္ဓဟူးလမ်း၊ အမှတ် ၈၅နေ ဦးကြည်၏ချစ်လှစွာသော ဇနီး၊ ဦးတိတ်ရွှေ-(ဒေါ်အေးအေးမြင့်)-ဒေါ်ငွေးငွေးဦး၊ ဒေါ်သန်းသန်းဆွေ၊ ဦးနိုင်လင်း-ဒေါ်ငြိမ်းငြိမ်းသွင်၊ ဒေါ်ငွေးငွေးရီ၊ ဦးကျော်ထွန်း- ဒေါ်ရီရီချို၊ ဦးသက်အောင်-ဒေါ်ခင်မြထွေးတို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၄-၇-၂၀၂၀ရက် (သောကြာနေ့) ည ၁၁:၂၀ နာရီတွင် ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၀ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးတင်အောင်(သုံးခွ)
## B.A,BL(တရားလွှတ်တော်ရှေ့နေ)
## အသက်(၇၉)နှစ်

ဦးခင်မောင်ဝင်း-ဒေါ်စိုးမိုးသူ(ရွှေမေတ္တာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏ ဖခင်သည် ၂၄-၇-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂:၂၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Double Rhinos Cement**

**Arr Thit Man Co.,Ltd**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်စန်းကြည်(အုတ်ဖို)
## အသက် (၉၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် (၁၇၂) အောင်သိဒ္ဓိကျောင်းလမ်းနေ (သစ်တောအရေးပိုင်မင်းဦးဘသော်-ဒေါ်ခင်နွဲ့)တို့၏သမီး၊ (ဦးညွန့်မောင်) (Yasuda Fire & Marine Insurance Co.) ၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်စိုး)၊ (ဦးညွန့်ရွှေ-ဒေါ်မြသန်း)၊ (ဦးလှရွှေ-ဒေါ်တင်တင်စိန်)တို့၏ညီမ၊ ဦးဝင်းကြည်-(ဒေါ်လှရီ)၊ (ဦးတင်မောင်လေး-ဒေါ်တင်ကြည်ကြည်)၊ (ဒေါက်တာတင်လှိုင်)-ဒေါ်တင့်တင့်၊ (ဦးအေးချို)-ဒေါ်တင်တင်ရွှေ၊ ဒေါက်တာ ဝင်းမော်-ဒေါ်ခင်သစ်ဆွေတို့၏အစ်မသည် ၂၅-၇-၂၀၂၀ရက် (စနေနေ့) နံနက် ၀၀:၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
# ဒေါ်စန်းကြည်(အုတ်ဖို)
## အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၁၇၂၊ အောင်သိဒ္ဓိကျောင်းလမ်းနေ (သစ်တောအရေးပိုင်မင်းဦး ဘသော်-ဒေါ်ခင်နွဲ့)တို့၏သမီး၊ (ဦးညွန့်မောင်)(Yasuda Fire & Marine Insurance Co.)၏ချစ်လှစွာသောဇနီး၊ ဦးမင်းမင်းသက်လှိုင်(Director-Finance, SMART Group of Companies Co.Ltd) -ဒေါ်ဇာခြည်လှိုင်၊ ဦးပဋ္ဌ(Operation Director, SMART Technical Services Co.,Ltd)- ဒေါ်ရတနာစုလှိုင်(Managing Director, SMART Technical Services Co.Ltd)၊ဦးချစ်ညီညီလှိုင်(Regional Director-Asia Pacific, International Association of Drilling Contractors)- ဒေါ်ဝေမာခိုင်၊ ဒေါက်တာ ဇာနည်လင်းကျော်(Community Partners International)-ဒေါက်တာစန္ဒီဘုန်းမော်(Victoria Hospital)၊ ဒေါက်တာဇေယျာဘုန်းမော်(Marie Stopes International Myanmar)၊ မဇာလီဘုန်းမော်(i-Engineering Myanmar), Kimberly Aung ,Kristine Aung (USA)တို့၏အဘွားသည် ၂၅-၇-၂၀၂၀ရက်(စနေနေ့)နံနက် ၀၀:၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ခရစ်တော်၌အိပ်ပျော်ခြင်း
# ဒေါ်ညိုညိုလှ
### အလပြ(ငြိမ်း)၊ အထက(၄) အလုံ၊
### ကြည့်မြင်တိုင် (A.B.M)ကျောင်းသူဟောင်း
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊ အမှတ် 4F-7 နေ (ဦးဗလ-ဒေါ်ငွေမှုံ)တို့၏သမီး၊ (ဦးစန်းလှိုင်-ဒေါ်မြသိန်း)တို့၏ချွေးမ၊ ဦးတင်ဝင်း၏ဇနီး၊ ဒေါ်ခင်ညိုဝင်း(M.D -Gon Shein Phyo Co,.,Ltd)၊ Capt ဦးသီဟဝင်း (M&T Empine Marine Co.,Ltd)-ဒေါ်နှင်းနှင်းမေ၊ Captဦးအောင်ထွန်းဝင်း(M.T.M Maritime Centre Co.,Ltd) -ဒေါ်သီရိဇင် တို့၏ မိခင်၊ မောင်နေအောင်လွင်(1st Year Civil Stretagy First University)၊ သွယ်နှင်းဝတီထက် (Grade-8၊ အထက-၂ စမ်းချောင်း)၊ မြတ်သီရိမွန်(Grade-3 ရန်ကင်း၊ T.T.C)၊ မောင်ထက်မြက်အောင်လွင်တို့၏ အဘွားသည် ၂၄-၇-၂၀၂၀ရက် နံနက် ၉:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# ဦးသန်းအေး
## တိုင်းအုပ်ချုပ်ရေးမှူး၊ ငြိမ်း(အောင်ဆန်း ၁၀)
## အသက် (၇၂)နှစ်

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အနော်ရထာလမ်း (ရေကူးကန်လမ်း)၊ အမှတ် (၈၃)နေ ဒေါ်ခင်ခင်စု၏ခင်ပွန်း၊ ဒေါ်ရီငွေး၏အစ်ကို၊ ဒေါ်အိဖြိုးစု(ထွေ/အုပ်)၊ ဗိုလ်ကြီးမျိုးမြင့်အောင်၊ ဦးဇော်ဇော်ထွန်း၊ ဒေါ်အိအိမွန်၊ ဦးထက်အောင်ကို (ခရိုင်ကော်မရှင် ရုံး)တို့၏ ဖခင်၊ မမြင့်မြတ်မွန်၊ မအေးမြတ်မွန်တို့၏အဘိုးသည် ၂၃-၇-၂၀၂၀ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၂၀ ရက် နံနက် ၉နာရီတွင် မုံရွာမြို့၊ မြနန္ဒာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
# ဦးတင်ထွဋ်ဦး
## (Captain CDC 9030)
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် ၄၄၉/ YZ နေ[ဗိုလ်မှူးချုပ်မျိုးသန့် (ငြိမ်း)-ဒေါ်ခင်လေးတင့်] တို့၏သား၊ ဒေါ်ခင်ဥမ္မာသန့်၊ ဦးသက်ထွဋ်စိုး - ဒေါ်ဝင်းမာ၊ နေပြည်တော်နေ ဗိုလ်မှူးကြီးငွေးအောင်(ငြိမ်း) - ဒေါ်ခင်သူဇာသန့် တို့၏အစ်ကိုသည် ၂၄-၇-၂၀၂၀ရက်(သောကြာနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# ဦးဝင်းမောင်(ပန်းတနော်မြို့၊ မရမ်းရွာ) အသက်(၈၃)နှစ်
### အငြိမ်းစားအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### ဓာတ်လမ်းရုပ်ရှင်ရုံးခွဲ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက် ၃၅၇၊ အခန်း ၁၄ နေ (ဦးဘိုးဝန် -ဒေါ်ကျင်ရင်)တို့ ၏သား၊ (ဦးဘအုန်း-ဒေါ်ရီ)တို့၏သားသမက်၊ ဒေါ်ခင်မြကြည်၏ခင်ပွန်း၊ ပန်းတနော်မြို့၊ မရမ်းရွာနေ (ဦးကိုးမောင် -ဒေါ်သိန်းလှ)၊ ဦးသန်းမြင့်-(ဒေါ်စန်းမြင့်)တို့၏ ညီ၊ ဦးစိန်တင် (ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ နေပြည်တော်)- ဒေါ်ကြည်ကြည်စိုး၊ ဦးအောင်မျိုးသန့်( 3rd Engineer, OW Shipping Line)-ဒေါ်ခင်မိုးဝေ၊ ဦးဇော်မင်းထွန်း(ဥက္ကဋ္ဌ၊ ရန်အေးအိမ်ရာ၊ သာယာရေးကော်မတီ)-ဒေါ်သက်ထားဝင်း(Xie Family Co.,Ltd)တို့၏ဖခင်၊ မထက်ထက်ခိုင် (2nd Year Hons; Physics)၊ မသန့်သီရိဝေ(ARCH Second Year YTU)၊ မောင်ခန့်မိုးသန့်စင် (အထက-၂၊ ဗဟန်း)တို့၏ အဘိုးသည် ၂၅-၇-၂၀၂၀ရက်(စနေနေ့)နံနက် ၅:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၁၁:၃၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၂၀ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးထွန်းရှိန်(ထားဝယ်)
## မြို့ပြအင်ဂျင်နီယာချုပ်(ငြိမ်း)
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ ၉၄လမ်း၊ အမှတ် ၁၂၀ (မြေညီထပ်)နေ (ဦးဘသန်း-ဒေါ်ဖွား ရှင်)တို့၏သား၊ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း၊ ဒေါက်တာထွန်းထွန်းဦး-ဒေါ်လှနန္ဒာစိုး (Jamaica)၊ ဒေါက်တာကိုကိုနိုင်-ဒေါ်နန်းပြုံးယဉ် (UK)၊ ဦးသိန်းဇော်ဦး-ဒေါက်တာ ဥမ္မာရှိန် (ပန်းလှိုင်စီလုံဆေးရုံ)၊ ဦးကိုကိုနိုင်လင်း-ဒေါ်ဆုငယ်ထွန်းတို့၏ဖခင်၊ ဒေါက်တာ နှင်းနှင်းဦး (USA)၊ ဒေါက်တာ မေသကြ်န် (UK)၊ မမေနှင်းဆီ (UK)၊ မောင်သီဟသိန်းဇော်၊ မောင်ရဲရင့်သိန်းဇော်၊ မမြတ်နိုးမေ၊ မမြတ်နှင်းမေနှင့် မောင်ဘုန်းထက်နိုင်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၄-၇-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၁၁:၅၅နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၂၀ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
# ဒေါ်ခင်ခင်အေး
## အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ရပ်ကွက်၊ သုမနလမ်း၊ အမှတ် (၅၇၀) နေ (ဦးစန်း-ဒေါ်ပန်းသင်)တို့၏သမီး၊ (ဦးဘသောင်း-ဒေါ်ကြွေညွန့်)တို့၏သမီးချွေးမ၊ (ဦးသိန်းအောင်)၏ဇနီး၊ ဦးသောင်းဦး-ဒေါ်ခင်အိအိဝင်း၊ ဦးဇော်ဝင်းထွန်း-(ဒေါ်စန်းနွယ်အေး)၊ ဦးအောင်ကျော်ထူး၊ ဦးရဲကျော်သူ-ဒေါ်အေးမြင့်သန်းတို့၏မိခင်ကြီး၊ မဆုလဲ့ဝေ၊ မောင်ပြည့်ဖြိုးပိုင်၊ မဖူးပွင့်သွယ်၊ မရှင်းသန့်ဖြူ၊ မရှင်းသန့်သူတို့၏အဘွားသည် ၂၅-၇-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
# ဒေါ်ခင်ခင်အေး
## အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ရပ်ကွက်၊ သုမနလမ်း၊ အမှတ် (၅၇၀) နေ (ဦးစန်း-ဒေါ်ပန်းသင်)တို့၏သမီး၊ (ဦးဘသောင်း-ဒေါ်ကြွေညွန့်)တို့၏သမီးချွေးမ၊ (ဦးသိန်းအောင်)၏ဇနီး၊ ဒေါ်တင်တင်စိန်၏ညီမ၊ (ဦးမောင်မောင်-ဒေါ်သန်းသန်းရီ)တို့၏ အစ်မ၊ (ဦးသန်းအောင်)-ဒေါ်ခင်သင်းကြည်၊ (ဦးသန်းမြင့်-ဒေါ်ခင်မြိုင်)၊ (ဦးစန်းသွင်)-ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးဆန်းထွန်း-ဒေါ်ညွန့်ညွန့်ကြည်တို့၏အစ်မကြီး၊ တူ/တူမ ၁၁ယောက်တို့၏ကြီးတော်သည် ၂၅-၇-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်မြငွေး
## အသက်(၆၇)နှစ်

ဒေါက်တာဝင်းထိုက်အောင်-ဒေါက်တာမေနွယ်ဦးတို့၏ မိခင်သည် ၂၄-၇-၂၀၂၀ ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မော်တော်ယာဉ်နည်းပညာသုတေသနဌာနနှင့်**
**အစိုးရစက်မှုလက်မှုသိပ္ပံ၊ ပြင်ဦးလွင်မှ**
**အရာထမ်း၊ အမှုထမ်းများအားလုံး**

## သင့်သွေးဖြင့် အသက်ကယ်ပါ

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး၌ သတင်းရယူကြမည့် မီဒီယာသမားများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) နှင့် (၂) တို့၌ ကျင်းပသွားမည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနားကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအစီအမံများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ရာ သတင်းမီဒီယာအရေးအတွက်ကိုလည်း ပြည်တွင်းသတင်းမီဒီယာများမှ ၄၀၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းမီဒီယာများမှ ၂၀ စုစုပေါင်း ၆၀ သာ ကန့်သတ်ဖိတ်ကြားသွားမည် ဖြစ်ပါသည်။

တက်ရောက်သတင်းရယူလိုသည့် သတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference –21st Century Panglong ကို နှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး မှတ်ပုံတင်ပြုလုပ်ခြင်းကို ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရန် ဖြစ်ပါသည်။

အစောဆုံးပေးပို့လာသည့် သတင်းမီဒီယာများမှ သတင်းဌာနတစ်ခုလျှင် နှစ်ဦးနှုန်းဖြင့် သတ်မှတ်၍ လက်ရှိထုတ်ဝေနေသော သတင်းစာများ၊ သတင်းဂျာနယ်များနှင့် ရုပ်သံလိုင်းများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်ပြီး သတင်းရယူခွင့်ရှိသည့် မီဒီယာစာရင်းကို ဇူလိုင် ၃၁ ရက်တွင် ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။ လူဦးရေကန့်သတ်အနေအထားကြောင့် သတင်းရယူခွင့်မရှိသည့် သတင်းမီဒီယာများအနေဖြင့်လည်း သတင်းရရှိပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် အခမ်းအနားတွင် လုပ်ဆောင်သည့် မှတ်တမ်းဓာတ်ပုံများနှင့် ရုပ်သံဗီဒီယိုများကို

*စာမျက်နှာ ၈ ကော်လံ ၁* ❍



မဲစာရင်းလာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။

## တာမွေမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၁၇၀၃၆ ဦးအထိရှိ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်စာရင်းများကို ယနေ့ နံနက်ပိုင်းမှစတင်ကာ မြို့နယ်အတွင်းရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာထားလျက်ရှိကြောင်းနှင့် မဲစာရင်းလာရောက်ကြည့်ရှုကြသူများကို

*စာမျက်နှာ ၇ ကော်လံ ၅* ❖

## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၃၇ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၂၅

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၃၇ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများကကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ် မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

*စာမျက်နှာ ၁၈ ကော်လံ ၅* ❒



## ရောဝတီမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၅

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ရွှေကူမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ရောဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

